http://www.cherrythitsar.org

# စက္ကူပန်းတွေရဲ့သီချင်း



http://www.cherrythitsar.org

ဝေမှူးသွင်

# စက္ကူပန်းတွေရဲ့သီချင်း

(လုံးချင်းဝတ္ထုသစ်)

❖ စာမူခွင့်ပြုချက် ❖

၁၀၆၀/၂၀၀၃ (၈)

❖ မျက်နှာဖုံးခွင့်ပြုချက် ❖

၉၄၉/၂၀၀၃ (၈)

❖ ထုတ်ဝေသူ ❖

ဦးတင်ရှိန် (စန်းရောင်ရှိန်စာပေ)

၄/၁၇၇၊ မေခလမ်း၊ ဝေဘာဂီမြို့သစ်၊ ရန်ကုန်မြို့။

❖ မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ ❖

**W!zard** ကွန်ပျူတာ ပုံနှိပ်တိုက်၊

အမှတ် ၁၉၈၊ ၃၃-လမ်း(အထက်)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

❖ မျက်နှာဖုံးအနုပညာ ❖

ရှိုင်းလီချန်စတိုင်း၊ မောင်နိုး၊ အံ့ဖွယ်ဇင်၊ ဝေမှူးသွင်

❖ မျက်နှာဖုံးဖလင် ❖

စတား (Stars)

❖ အတွင်းဖလင် ❖

ပုံရိပ်ရှင်

❖ ထုတ်ဝေသည့်ကာလ ❖

၂၀၀၃ ခုနှစ်၊ စက်တင်ဘာ

❖ အုပ်ရေ ❖

( ၁၀၀၀ )

❖ တန်ဖိုး ❖

၇၀၀

http://www.cherrythitsar.org

## ဒို့တာဝန်အရေး (၃) ပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ဝေ မှုး

ဓ တ္ထု သွင်

# ပန်း တွေ ရဲ့ သီချင်း

( လုံး ချင်း ဝတ္ထုသစ် )

အဝေးရှိ တိမ်တွေကို ငေးကြည့်ရတာ သူရအဖို့ အရသာ ရှိလှသည်။ ဒီနေရာကို သူရ ရောက်နေတာ တော်တော်ကြာပြီ။ မဟာဗန္ဓုလပန်းခြံသည် အခုလို စနေညနေခင်း၌ လူသူစည်ကား နေတတ်ပြီး ညနေခင်းမိုးတိမ်တွေက လှပလွန်းပါသည်။

ဆူးလေဘုရားသည် ရွှေရောင်ဝင်းပလျက်ရှိကာ ငှက်များက ဘုရား၏ ငှက်ပျောဖူးထိပ်ဖျားတစ်ဝိုက်တွင် ပျံဝဲနေကြ၏။ ပန်းခြံထဲရှိ မြက်ခင်းစိမ်းစိမ်းများပေါ်တွင် ကလေးငယ်များက ပျော်ရွှင်စွာ ပြေးလွှားဆော့ကစားလျက်ရှိသည်။ သူရ လိုက်ကြည့်နေသော တိမ်တွေက မြို့တော်ခန်းမပေါ်သို့ တဖြည်းဖြည်း ရွေ့လျားနေတော့ သည်။

သူရက ရှုခင်းနှင့် အသံတွေကို ေးမောရင်း ထိုအလှများ ထဲ၌ နစ်မျောနေခဲ့သည်။ ခပ်လှမ်းလှမ်းဆီတွင် အလုပ်ခွင်မှ အိမ်သို့ ပြန်ဖို့ လူတွေက ဘတ်(စ်)ကားကို တန်းစီစောင့်နေကြ၏။ ထိုနေရာ တစ်ဝိုက်တွင် ဘတ်(စ်)ကားဂိတ်မျိုးစုံရှိသဖြင့် လူတွေက အုံခဲပွတ် ကျပ်နေလေသည်။ အင်းစိန်၊ မင်္ဂလာဒုံ၊ မြောက်ဥက္ကလာ၊ သီရိ မင်္ဂလာ ဈေး၊ သဃ်န်းကျွန်း စသဖြင့် သွားရန် ဘတ်(စ်)ကားတွေက အသီးသီး လူခေါ်နေကြသည်။

ဟော. . .။ ရုတ်တရက် လမ်းမီးတွေပင် လင်းကုန်ပြီ။ ညနေ ခင်း၏အလင်းတို့က မကုန်သေးသော်လည်း မာကျူရီမီးတို့က ထို အနားတစ်ဝိုက်တွင် တောက်ပစွာတိုးဝင်လာကြသည်။ ဒါဆို ခြောက် နာရီထိုးပြီဟု သူ တွေးမိလိုက်သေး၏။

ထိုစဉ် သူရ အကြည့်ထဲသို့ ကြက်ဥနှစ်ရောင်ဝမ်းဆက် ဝတ် ထားသော ကောင်မလေးတစ်ယောက်က ရောက်လာ၏။

အဲဒီကောင်မလေးကို သူရက ဘာရယ်လို့မဟုတ်ဘဲ စူးစိုက် ကြည့်မိသွားသည်။ သို့သော် ထိုကောင်မလေး၏မျက်နှာကို နည်း နည်းလှမ်းနေသည်ကတစ်ကြောင်း၊ သူက ငြိမ်နေသည်မဟုတ်ဘဲ ရွေ့လျားနေသည်ကတစ်ကြောင်းတို့ကြောင့် ရှင်းလင်းပြတ်သားစွာ မမြင်ရ. . .။

ထိုကောင်မလေးကို ခန့်မှန်းရသည်မှာ အင်းစိန်ဖက်သို့ သွား မည့် ဘတ်(စ်)ကားတစ်စီးစီးကို စောင့်နေဟန်တူ၏။ ညနေခင်း၏ အလင်းရောင်သည် အမှောင်ဖက်ကို တဖြည်းဖြည်း တိမ်းစောင်းသွားပြီး နေရာတကာတွင် မာကျူရီမီးရောင်တို့က စိုးမိုးနေတော့သည်။

သူရ ကြည့်နေသော ကြက်ဥနှစ်ရောင်ဝမ်းဆက်နှင့် ကောင်မလေးမှာ သီးသန့်မဟုတ်တော့ဘဲ ဘတ်(စ်)ကား စောင့်နေသော တခြားလူများကြားတွင် ရောနှောနေလေ၏။ သူရက ကောင်မလေးကို ပိုမိုနီးကပ်စွာ မြင်ရစေရန် သူ့နားသို့ ခပ်မြန်မြန် တိုးကပ်ဖို့ ကြိုးစားလိုက်ပါသည်။ ထိုအခိုက် ထိုးရပ်လိုက်သော အင်းစိန်ကား တစ်စီးကြောင့် ကောင်မလေးသည် လူအုပ်ကြီးအတွင်းသို့ တိုးဝင်သွား၏။

ရုတ်တရက် သူရ မြင်လိုက်ရသည်မှာ ကောင်မလေးဆီမှ ပိုက်ဆံအိတ်ကဲ့သို့ တစ်စုံတစ်ရာ ပြုတ်ကျသွားခြင်း ဖြစ်ပါသည်။ ထိုကိစ္စကို ကောင်မလေးက သိပုံမရ. . .။ သူရက အဲဒီနားသို့ အလျင်အမြန်ပင် ရောက်ရှိသွားပါ၏။ လူတွေက အများကြီးဖြစ်သော်လည်း အကုန်လုံးက ကိုယ့်ကိစ္စနဲ့ကိုယ်မို့ ကောင်မလေး ပြုတ်ကျခဲ့သော ပစ္စည်းကို သတိမထားမိကြ။ သူရသည် ထိုပစ္စည်းကို ကောက်ယူရင်း ကောင်မလေးကို မျက်လုံးဝေ့ရမ်း၍ ရှာကြည့်မိပြန်၏။ တွေ့တော့ မတွေ့ရ. . .။ ဒါဆို ဘတ်(စ်)ကားပေါ် ရောက်သွား ပြီထင်ပါရဲ့။ သူရ

http://www.cherrythitsar.org


က ကားပေါ်မှ ခရီးသည်တွေကြားထဲ လိုက်ရှာဖို့ ဟန်ပြင်လိုက်စဉ် ကားက ခရီးသည်ပြည့်သွားပြီမို့ စတင်ထွက်ခွာနေလေပြီ။

သူရသည် ကြံရာမရနှင့် လက်ထဲတွင် ကိုင်ထားသော ပစ္စည်းကို သေချာကြည့်မိ၏။ ပထမဦးဆုံးသော နည်းနည်းအံ့ဩသွားပါသည်။ အကြောင်းမှာ သူရ ထင်ထားခဲ့သလို ထိုပစ္စည်းမှာ ပိုက်ဆံအိတ်မဟုတ်ဘဲ သားရေဖုံးအနက်ရောင်နှင့် ဒိုင်ယာရီစာအုပ် ဖြစ်နေ သည်။ ဒိုင်ယာရီစာအုပ်မှာ ပိုက်ဆံအိတ်ကဲ့သို့ နှိပ်စေ့ကြယ်သီးဖြင့် ပိတ်ထား၏။ ဒိုင်ယာရီအဖုံးတွင် ၁၉၉၄ ဆိုသော ခုနှစ်ကို ရွှေအိုရောင် ဖြင့် သပ်သပ်ရပ်ရပ် ရိုက်နှိပ်ထားသည်။ သူရ က ထွက်သွားသော အင်းစိန်ဘတ်(စ်)ကားကို တစ်ချက်လှမ်းကြည့်လိုက်ပြန်၏။

ဘတ်(စ်)ကားက လမ်းချိုးတစ်ခုသို့ ကွေ့ဝင်၍ သူ့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားပါသည်။

စောစောကရှိနေသော တိမ်တိုက်တို့သည် မရှိတော့. . . ။ အရာရာမှာ လေးလံစွာ သူရပေါ် ပိကျလာသလို ရှိသည်။ အမှောင်သည် တစ်စတစ်စ သူရနားကို တိုးရွေ့ရောက်ရှိလာ၏။ ၁၉၉၄ သည် ကုန်လွန်ခဲ့တာ တော်တော်ကြာပြီဖြစ်သော်လည်း ဒိုင်ယာရီစာအုပ်ပိုင်ရှင် ကောင်မလေးက ဒီဒိုင်ယာရီကို ယခုတိုင် အသုံးပြုဆဲ စာအုပ်တစ်အုပ်လို သဘောထားဟန်တူသည်။ ဒိုင်ယာရီစာအုပ်လေးကို သူရသည်

http://www.cherrythitsar.org


လှည့်ပတ်ကိုင်တွယ်ကြည့်နေမိသည်။ အဲဒီကမှ သူ နေထိုင်ရာ ရေကျော် အထိ သည်အတိုင်း လမ်းလျှောက်ပြန်လာခဲ့သည်။

နောက်တစ်နေ့ကျရင် ဒိုင်ယာရီစာအုပ်ရဲ့ပိုင်ရှင်ကို စုံစမ်းပြီး ဒီစာအုပ်ကို ငါပြန်ပေးရမယ်။

ထိုစိတ်ကူးကြောင့် အနည်းငယ် လန်းဆန်းသွားသလို ရှိသော် လည်း အမှန်မှာ ကမ္ဘာလောကကြီး မသေချာမှုများအတွက် သူရ စိုးရိမ်ထိတ်လန့်သွားပြန်သည်။

ဘာပဲဖြစ်ဖြစ် ဒီစာအုပ်ကို ပိုင်ရှင်ဆီရောက်အောင် ပြန်ပေးဖို့ ငါ ကြိုးစားရမှာပဲ၊ ပိုင်ရှင်မသိဘဲ ဒီစာအုပ်ကို ငါ ဖတ်မကြည့်သင့် ဘူး။

အဝေးဆီကို ငေးကြည့်မိသောအခါ သူ သေချာမမြင်ဖူးလိုက် သော ဒိုင်ယာရီစာအုပ်ပိုင်ရှင် ကောင်မလေး၏ ဝိုးတဝါးရုပ်ပုံက ပေါ် လာ၏။ ခက်ပြီ။ ဒါ. . ဒဏ္ဍာရီပုံပြင်တစ်ပုဒ် မဟုတ်တာတော့ သေချာ သည်။ အတွေးတို့က သူ့တစ်ကိုယ်လုံး ဖုံးလွှမ်းထား၏။

တဖြည်းဖြည်းနှင့် သူလမ်းလျှောက်လာတာ ဗိုလ်ချုပ်အောင် ဆန်းလမ်းနှင့် လမ်း (၄၀) ထိပ်နားသို့ ရောက်လာပြီ။ သူရ က ဒိုင် ယာရီ စာအုပ်ပေါ်မှ ၁၉၉၄ ဆိုသော ခုနှစ်ကို လက်ညှိုးဖြင့် အသာစမ်း ကြည့်မိ၏။ နောက်. . လမ်းကို ဖြတ်ကူးရင်း စာအုပ်လေးကို ငုံ့ကြည့် မိပြန်သည်။ တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း၊ လေးလှမ်း၊ ငါးလှမ်း. . ။

http://www.cherrythitsar.org


ထိုစဉ် သူရ မျက်လုံးထဲ ကားမီးရောင်များကို လက်ကန် တွေ့လိုက်ရပြီး ဟွန်းသံရှည်တစ်ခုနှင့် ဘရိတ်ဖမ်းသံတို့က အနားတစ် ဝိုက်တွင် ဆူညံသွားကြသည်။ နောက်တော့ သူရ လေထဲသို့ မြောက် တက်လွင့်ပါသွားတော့၏။ အသိဉာဏ်တို့သည် မှောင်မိုက်သွားပြီး ဘာကိုမှ သူ ဖမ်းဆုပ်ကိုင်တွယ်၍မရတော့ချေ။

အား. . . ။

သူရက ကျယ်လောင်စွာ အော်ပစ်လိုက်မိသည်။

သူ့လက်ထဲမှာ ဒိုင်ယာရီစာအုပ်လေး လွတ်ထွက်မသွားစေရန် တော့ သူရက ကျစ်ကျစ်ပါအောင် သေချာကိုင်ထားမိပါသည်။

ဒါပေမယ့်. . . သူရ၏ ကြိုးစားမှုတို့သည် အရာမထင်ပါ။ ဒိုင် ယာရီစာအုပ်လေးမှာ အဝေးသို့ လွင့်စင်သွား၏။

နောက်တော့. . . သူရလည်း ဘာမှမသိတော့. . . ။

❋❋❋

အချိန် ဘယ်လောက်ကြာကြာ သူရ အသိဉာဏ်များ အိပ်စက်နေခဲ့သည်မသိ. . ။ ပြန်သတိရလာချိန်၌ ပါးလွှာသော အလင်းပျပျသည် သူရ ကိုယ်ပေါ် သို့ တစ်ဝက်တစ်ပျက် ဖြာကျလျက်ရှိနေသည်။ နွေးထွေးလုံခြုံသည့် အိပ်ရာတစ်ခုတွင် သူရ ရောက်ရှိနေခြင်း ဖြစ်သည်။ သူ့အနီးအနားတွင် လူသူတစ်ယောက်မှ မရှိကြသော်လည်း ဒီအခန်းသည် ပုဂ္ဂလိကဆေးရုံတစ်ရုံ၏ အထူးခန်းတစ်ခန်း ဖြစ်နိုင်ပါ၏။

အကြောင်းမှာ သန့်ရှင်းသပ်ရပ်ပြီး အဆင့်မြင့်ဆေးရုံအသုံးအဆောင်များကို တွေ့မြင်နေရခြင်း၊ ဆေးရုံနံ့ ဆေးနံ့တွေကို ခပ်ဖျော့ဖျော့ လက်ခံရရှိနေခြင်းတို့ကြောင့် ဖြစ်သည်။

တိတ်ဆိတ်လွန်းသည့်အခြေအနေကြောင့် ဒါ. . ညအချိန်ပဲဟုသာ သူရ ခန့်မှန်းမိပါသည်။

http://www.cherrythitsar.org


ကိုယ့်ကိုယ်ကို ငါ ဘာဖြစ်ခဲ့သလဲဆိုသည့် မေးခွန်းက ခေါင်းထဲဝင်လာ၏။ တဖြည်းဖြည်းနှင့် အဖြစ်အပျက်တွေကို သူရ ပြန်မှတ်မိလာသည်။

မဟာဗန္ဓုလပန်းခြံနားမှာ ညနေခင်းတိမ်တွေကို ကြည့်နေ၊ နောက်. . . မှောင်စပြုပြီး လမ်းမီးတွေလင်းလာ၊ ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရ၊ အဲဒီကောင်မလေးဆီက သားရေဖုံးအနက်ရောင်နဲ့ ဒိုင်ယာရီစာအုပ် ပြုတ်ကျသွားတာမြင်လိုက်၊ ကောင်မလေးက အင်းစိန်ဘတ်(စ်)ကားပေါ်တက်သွား၊ သူက အဲဒီဒိုင်ယာရီစာအုပ်လေးကိုကောက်လာခဲ့၊ ပိုင်ရှင်ကို ပြန်ပေးဖို့ ဆုံးဖြတ်ထားပြီး ဒိုင်ယာရီစာအုပ်နှင့်အတူ ရေကျော်ကိုပြန်၊ လမ်း (၄၀)ထိပ်မှာ ကားတိုက်ခံရ. . .။

ငါ့ကို ဒီဆေးရုံပေါ် ဘယ်သူတွေက တာဝန်ယူပြီး ပို့ပေးခဲ့တာလဲ။ ရေကျော်ရှိအခန်းတွင် ကျန်ရစ်ခဲ့သော ကိုမော်ကရော ငါ ကားတိုက်ခံရတာကို သိပါ့မလား။ ငါ ဒီဆေးရုံပေါ်ရောက်နေတာ ဘယ်နှစ်ရက်ရှိပြီလဲ။ ငါ ကောက်ရထားတဲ့ ဒိုင်ယာရီစာအုပ်လေးရော. . .။

တွေးနေရင်း သူရ ရေငတ်လာ၏။ အနီးဝန်းကျင်သို့ အကူအညီတောင်းရန် သူရ ကြည့်လိုက်ပြန်သည်။ သို့သော် အခြေအနေက စောစောတုန်းကအတိုင်းပင် ဘယ်သူ့မှမတွေ့ရချေ။ သူ လှုပ်ရှားဖို့

http://www.cherrythitsar.org


ကြိုးစားလိုက်သေးသော်လည်း သူ့အောက်ပိုင်းသည် လှုပ်ရှား၍ လုံးဝမရ. . .။ သူရသည် ထိုအခြေအနေကို အလွန်ထိတ်လန့်သွားသည်။

ငါ့ခြေထောက်တွေဘာကြောင့် လှုပ်ရှားလို့ မရတော့တာလဲ။ ဘုရား၊ ဘုရား. . .။ ငါတော့ ကိုယ်ကျိုးနည်းပြီထင်ပါရဲ့။

သူရ တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းနေပြီး သူ့ခေါင်းပေါ်သို့ အရာဝတ္ထုတစ်ခုခုက ပိကျနေသလို ခံစားနေရသည်။

အို. . မဟုတ်ဘူး၊ ငါက ဘာဖြစ်လို့ လှုပ်မရဖြစ်နေရတာလဲ။

သူ နည်းနည်းအားစိုက်လိုက်ပြီး ခြေထောက်တွေကို လှုပ်ရှားကြည့်လိုက်၏။ သူရ ခြေထောက်တွေ အနည်းငယ်လှုပ်သွားသည်။

ဟူး. . တော်ပါသေးရဲ့၊ ငါ့ခြေထောက်တွေ လှုပ်လို့ရသေးသားပဲ. . .။

သူရသည် ထိုအခြေအနေကြောင့် စိတ်သက်သာရာရသွားပြီး သူ တစ်စုံတစ်ရာကို သတိရသွားသည်။

ဒိုင်ယာရီ. . . ငါ ကောက်ရထားတဲ့ ဒိုင်ယာရီ။

ထိုစဉ် အခန်းတံခါးသည် ထပ်ခနဲပွင့်သွားပြီး အခန်းထဲသို့ ဂျူတီကုတ်အဖြူရောင် ဝတ်ထားသော ဆရာဝန်တစ်ဦးနှင့် ကိုမော်တို့ ဝင်လာကြသည်။ သူတို့နှစ်ယောက်သည် တစ်နေရာတွင် အကြိတ်အနယ် စကားပြောလာခဲ့ဟန်တူသည်။

http://www.cherrythitsar.org


ကိုမော်က သူရကို ခပ်ဖွဖွ တစ်ချက်ပြုံးပြလိုက်သည်။ ပြီးတော့ လက်ထဲတွင်ကိုင်ထားသော ရေသန့်ဘူးကို အနီးရှိ စားပွဲပေါ်၌ တင်လိုက်ပါသည်။ ဆရာဝန်က သူရကို မေး၏။

"ဘယ်တုန်းက နိုးနေတာလဲ"

"အခုလေးပါပဲ"

သူရက ပြန်ဖြေရင်း ခန္ဓာကိုယ်ကို နေရာရွှေ့ဖို့ ကြိုးစားလိုက်သည်။

"အို. . သိပ်မလှုပ်ပါနဲ့၊ ခင်ဗျား ငြိမ်ငြိမ်နေမှဖြစ်မယ်"

ကိုမော်က ဝင်ပြောပြန်သည်။

"သူရ သိပ်လှုပ်လို့ မရဘူးနော်၊ မင်း သိပ်နာနေသေးလား၊ လိုအပ်တာရှိရင် ငါ့ကိုပြောပါ၊ ငြိမ်ငြိမ်လေးနေ့ မပျင်းရအောင် မင်း စာဖတ်နေပေါ့၊ ငါ. . . နယ်က မင်းအိမ်ကိုလဲ အကြောင်းကြားထားပြီးပါပြီ၊ မင်းကိစ္စတွေကိုလဲ ငါ အားလုံး ဆက်လုပ်ပေးထားပါတယ်၊ ဘာမှစိတ်မပူနဲ့. . . ဟုတ်ပြီလား"

"အေးပါ. . ကျေးဇူးပဲ ကိုမော်ရာ. . .၊ ဒါနဲ့ ကျွန်တော့်ကို ဒီဆေးရုံကို ဘယ်သူပို့ပေးခဲ့တာလဲ"

"မင်းကို ကားနဲ့တိုက်မိတဲ့လူက မောင်းပြေးသွားလို့ အနီးက လူတွေကပဲ မင်းကို ဆေးရုံပို့ပေးကြတာ၊ အခုတော့. . အဲဒီ

http://www.cherrythitsar.org


ကားတိုက်ပြေးသွားတဲ့လူကို သက်ဆိုင်ရာက ထိန်းသိမ်းထား ပြီးပါပြီ၊ တရားဥပဒေအရ ဆက်ဆောင်ရွက်ကြပါလိမ့်မယ်၊ နေပါဦး သူရရဲ့. . မင်းက ဘာတောင်းဆိုချင်လို့ အဲဒီကိစ္စကို မေးရတာလဲ”

“တောင်းဆိုချင်လို့ မဟုတ်ဘူး ကိုမော်ရဲ့၊ သိချင်ရုံသက်သက် ပါ။ ပြီးတော့. . . အဲဒီ ကားတိုက်ခံရတဲ့အနားမှာ ဒိုင်ယာရီစာအုပ် လေးတစ်အုပ် မတွေ့မိဘူးလား ကိုမော်. . . ”

သူရမေးခွန်းကြောင့် ကိုမော်မျက်လုံးများ လက်ကနဲ ဖြစ်သွား ၏။ ချက်ချင်းပင် သူ့ကျောပိုးအိတ်ထဲမှာ သားရေဖုံးအနက်နှင့် ဒိုင်ယာရီ စာအုပ်တစ်အုပ်ကို ထုတ်လိုက်သည်။

“မင်းပြောတာ ဒီစာအုပ်လား သူရ. . . ”

သူရ ကြည့်လိုက်တော့ သားရေဖုံး အနက်ရောင်ပေါ်တွင် 1994 ဟု ရွှေအိုရောင်စာလုံးဖြင့် ရိုက်နှိပ်ထားသော ဒိုင်ယာရီစာအုပ်ကို မြင်ရ၏။

“ဟုတ်တယ် ကိုမော်. . ကျေးဇူးပါပဲ”

“ဒီစာအုပ်မှာ မင်းသွေးတွေ နည်းနည်းစွန်းနေတယ်. . ရော့၊ ဒါဆို ငါ ပြန်တော့မယ်၊ တစ်ညလုံး တစ်ရေးမှ မအိပ်ရသေး ဘူး၊ ညနေ (၄) နာရီလောက်မှ ငါ ပြန်လာခဲ့မယ်၊ ဒီကြားထဲ

http://www.cherrythitsar.org


မင်းလိုချင်တာဖြည့်ဆည်းပေးဖို့ အားလုံးကို ပြောပြီးသား. . သိလား၊ အခု. . . သက်သာအောင်နေပြီး အနားယူပေါ့၊ ဪ သူရ. . မင်းကိုမေးရဦးမယ်၊ အဲဒါ မင်းဒိုင်ယာရီလဲ မဟုတ်ဘူး၊ ဘယ်လိုလုပ်ပြီး မင်းဆီရောက်နေတာလဲ"

"ကောက်ရတာပါ ကိုမော်ရဲ့"

"ဪ. . ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒါဆို ငါသွားမယ်"

သူရက ကိုမော်ကို ခေါင်းတစ်ချက် ညိတ်ပြလိုက်၏။ အနီးတွင်ရှိနေသော ဆရာဝန်က သူရကို တစ်ကိုယ်လုံးခြုံ၍ ကြည့်နေသေးသည်။

"သက်သာအောင်နေပေါ့၊ လိုတာရှိရင် ကိုယ့်ကိုခေါ်လိုက်၊ ဒေါက်တာကျော်စိုးလို့ ခေါ်တယ်"

ထို့နောက် ကိုမော်နှင့် ဒေါက်တာကျော်စိုး ဆိုသော ဆရာဝန်တို့ အခန်းထဲမှ အတူထွက်သွားကြသည်။ သူရက ဘေးနားစားပွဲတွင် ကိုမော် တင်သွားသော ရေဗူးထဲမှ ရေတစ်ငုံကို သောက်လိုက်၏။

သူရက သူ့လက်ထဲတွင်ရှိသော ဒိုင်ယာရီလေးကို သေချာကြည့်နေမိလေ၏။ စာအုပ်၏ ထောင့်စွန်း၌ ခပ်ငယ်ငယ် အနီရောင် အစွန်းကွက်တစ်ခုအား မြင်ရသည်။

သူ ခပ်ဖွဖွမျှ ပြုံးရင်း ခေါင်းကို ညင်သာစွာညိတ်မိ၏။ ခါးဆီ

http://www.cherrythitsar.org


မှ ဝေဒနာသည် တစစ်စစ် ကိုက်ခဲလာသည်။

သူရသည် ဝေဒနာကို ခဏမေ့ထားရင်း ဒိုင်ယာရီ၏ ပထမ စာမျက်နှာကို အားတင်းကာ လှန်ကြည့်ရသည်။ သူ ဦးစွာမြင်ရသည်မှာ လက်ရေးသေးသေးစောင်းစောင်းလေးတွေ ဖြစ်၏။ သူ့စိတ်ထဲတွင် ထိုလက်ရေးလေးများအား ရင်းနှီးနေသလိုပင် ခံစားနေရသည်။ သူရသည် မျက်လုံးများကို စုံမှိတ်ပစ်လိုက်ပြီး စက္ကန့်နည်းနည်းလောက်ကြတော့ ပြန်ပွင့်လာသည်။

သူသည် ဒိုင်ယာရီစာအုပ်ထဲမှာ ပထမဆုံးစာကြောင်းကို ဖတ်ကြည့်လိုက်ပါသည်။

✵✵✵

http://www.cherrythitsar.org

http://www.cherrythitsar.org


ကျွန်မက တော်တော်ရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်ပါ။ ကျွန်မမျက်နှာရဲ့ အထင်ရှားဆုံးနေရာသုံးခုမှာ မှဲ့အကြီးကြီးသုံးခုက လဲ ရှိသေးတယ်၊ ဒါကြောင့်လည်း ကျွန်မ သိပ်ချစ်တဲ့ယောကျ်ားတစ် ယောက်က ကျွန်မအချစ်တွေကို ဥပေက္ခာပြုခဲ့တာဖြစ်ပါလိမ့်မယ်။ ဒါပေမယ့်. . ကျွန်မရဲ့ရုပ်ရည်ကို ကျွန်မမြတ်နိုးပါတယ်။ ကျွန်မ ဘဝမှာ ယောကျ်ားတစ်ယောက်ရဲ့ အချစ်ကို ဟန်ဆောင်မှုကင်းကင်း တစ်ကြိမ်လောက်တော့ မြင်ဖူးချင်ပါရဲ့။ ကျွန်မသိပ်ချစ်တဲ့ ယောကျ်ား ကို ဒီဘဝမှာတော့ ဆုံဖြစ်ဖို့မလွယ်လောက်ပါဘူး။ သူက ကျွန်မ သိပ်ချစ်ခဲ့တယ်ဆိုတာ သိတောင်သိမှာမဟုတ်ဘူး။

ဒီလိုပါ။ ကျွန်မအချစ်တွေကို သူက မြင်အောင်မကြည့်တတ် ခဲ့ဘူးလေ။

http://www.cherrythitsar.org


ကျွန်မတို့ရဲ့ တက္ကသိုလ်ကျောင်းသူဘဝ။ နောက်ဆုံးနှစ်တုန်းက အဖြစ်အပျက်တချို့က အခုထိအောင်ပဲ ကျွန်မစိတ်ထဲမှာ အမှတ်ရနေဆဲပါ။ အဲဒီအချိန်တုန်းက ကျွန်မဆီမှာ သူငယ်ချင်းသုံးယောက်ရှိခဲ့ပါတယ်။ ကျွန်မနဲ့ဆို သူငယ်ချင်းအုပ်စုဟာ လေးယောက်ပေါ့။

ကျွန်မကလွဲလို့ ကျွန်တဲ့သူငယ်ချင်းသုံးယောက်ဟာ လှပသွက်လက်လွန်းတဲ့ တက္ကသိုလ်ကျောင်းသူတွေပဲ ဖြစ်ပါတယ်။ ကျွန်မတို့လေးယောက်ဟာပထမနှစ်ကတည်းက ပေါင်းသင်းလာခဲ့ကြတာဆိုတော့ နောက်ဆုံးနှစ်မှာ တကယ့်ငယ်ပေါင်းတွေလိုပဲ ဖြစ်နေပါပြီ။

ခင်ဖြူဖြူထွန်း၊ ငုဝါ၊ နေခြည်ကျော်၊ ဇင်မာဝေ။ အဲဒီလေးယောက်ပါပဲ။

ကျွန်မနာမည်က ဇင်မာဝေပါ။

ကံဆိုးကြတာလား၊ ကံကောင်းကြတာလား. . . ကျွန်မတို့ သေချာမသိခဲ့ပေမယ့် ကျွန်မတို့သူငယ်ချင်းလေးယောက်စလုံးဟာ ယောကျ်ားတစ်ယောက်ကို ပြိုင်တူချစ်ခဲ့ကြပါတယ်။ အဲဒီယောကျ်ားနဲ့ ကျွန်မတို့သူငယ်ချင်းလေးယောက်ရဲ့ ပတ်သက်မှုဟာ သိပ်ကိုသိမ်မွေ့နူးညံ့လွန်းပါတယ်။ အဲဒီယောကျ်ားဆီမှာပဲ ကျွန်မရဲ့ ချစ်ခြင်းမေတ္တာဟာ ဖူးပွင့်ခဲ့ပါတယ်။ သိပ်အံ့သြဖို့ကောင်းတာပဲ။ ယောကျ်ားတစ်ယောက်ကို အရမ်းချစ်ခင်ကြတဲ့ သူငယ်ချင်းအုပ်စုတစ်စုလုံးက ပြိုင်တူမေတ္တာသက်ဝင်ခဲ့ကြတာ ကျွန်မအဖို့တော့ အံ့သြစရာပါ။

http://www.cherrythitsar.org


ကျွန်မကိုယ် ကျွန်မလည်း အဲဒီကိစ္စကို အံ့ဩလို့မဆုံးနိုင်ဘူး။

ကျွန်မတို့ သူငယ်ချင်းလေးယောက်မှာ ခင်ဖြူဖြူထွန်းဟာ အချောဆုံး၊ အလှဆုံး၊ အချမ်းသာဆုံး၊ အသွက်လက်ဆုံး. . . ပြီးတော့ ရည်းစားအများဆုံး။

ကျွန်မကတော့ ရုပ်အဆိုးဆုံး၊ အဆင်းရဲဆုံး၊ စာအညံ့ဆုံး စသဖြင့် အားလုံးဟာ ခင်ဖြူဖြူထွန်းနဲ့ ဆန့်ကျင်ဘက်ပါပဲ။

အဲဒီလိုအခြေအနေတွေမှာ ကျွန်မဟာ ခင်ဖြူဖြူထွန်းနဲ့ အဓိကယှဉ်ပြိုင်ရသူတစ်ယောက် ဖြစ်ခဲ့ရတယ်။ အစစ အရာရာ သူ့ထက်နိမ့်ကျတဲ့ ကျွန်မဟာ မဲလိပ်ထဲက 'ရှက်ပြေး' ဆိုတဲ့ နာမည်လေးကြောင့် သူငယ်ချင်းအားလုံးရှေ့မှာ ဣန္ဒြေရှိတဲ့ အချစ်တစ်ခုကို ပြသနိုင်ခဲ့တယ်။

အဲဒီ အဖြစ်အပျက်တွေ မတိုင်မီတုန်းကတော့ 'ရှက်ပြေး' ဆိုတဲ့နာမည်က ကျွန်မ ထူထောင်ခဲ့ရတာပေမယ့်လဲ တရားဝင်တော့ ပိုင်ဆိုင်ခွင့် မရသေးပါဘူး။

အဖြစ်အပျက်တွေအားလုံးက ဒီလိုပါ. . .။

***

ဒိုင်ယာရီစာအုပ်ကို ဖတ်နေရင်းနှင့် သူရ၏မျက်ဝန်းတွေသည် အံ့ဩမှုဖြင့် အရောင်တွေ တလက်လက်တောက်ပလာသည်။ ပြီးတော့ ခန္ဓာကိုယ်ပေါ်မှ နာကျင်မှုဝေဒနာကိုလည်း သူရ မေ့လျော့သွား၏။

ထို့နောက် အရာရာသည် ၁၉၉၄ ခုနှစ်၏ ရက်စွဲများဆီသို့ ပြန်ရောက်သွားသလို. . .။ အတိတ်. . .။ သို့မဟုတ် သူ မသိခဲ့သော မိန်းမလေးယောက်၏ အဖြစ်အပျက်များ။ ချစ်သူဟောင်း ခင်ဖြူဖြူထွန်း။ ရုပ်ဆိုးဆိုး ကောင်မလေး ဇင်မာဝေ။ အထူးခြားဆုံးက ရှက်ပြေးဆိုသည့် နာမည်။

သူရသည် ပြီးခဲ့သော ဇာတ်လမ်းတစ်ပုဒ်ကို မမျှော်လင့်သော အခြေအနေတစ်ရပ်ဖြင့် သူ့ကိုယ်သူ ပြန်တွေ့လိုက်ရသောအခါ အလွန် အံ့ဩနေမိသည်။

http://www.cherrythitsar.org


ဒီလိုနှင့် သူမှတ်ဉာဏ်တို့သည် ဒိုင်ယာရီထဲမှ ခုနှစ် ဆီသို့ ပြန်လန်းဆန်းလာ၏။ ထိုခုနှစ်သည် ၁၉၉၄. . . ။

❋❋❋

၁၉၉၄ ၏ အောက်တိုဘာသည် မိုးစက်မိုးမှုန်များ ကင်းစင်လျက် ရှိ၏။

ရန်ကုန်တက္ကသိုလ်သည် ကျောင်းပြန်ဖွင့်စမို့ ကျောင်းသား၊ ကျောင်းသူများဖြင့် စည်ကားနေသည်။ ဝိဇ္ဇာကန်တင်း၏ အလယ်လောက်တွင် "ရွှေ" စားသောက်ဆိုင်ရှိသည်။ အဲဒီဆိုင်နှင့် ကပ်လျက်က "မေတ္တာမိုး" အအေးဆိုင်။

ဇင်မာဝေတို့အုပ်စုက အမြဲ "ရွှေ" မှာ ထိုင်ကြသည်။ ငုဝါ၊ နေခြည်ကျော်၊ ခင်။ ခင်၏ နာမည်အပြည့်အစုံက ခင်ဖြူဖြူထွန်း။ ဒါပေမယ့် အားလုံးက သူ့ကို ခင် ဟုပဲ ခေါ်ကြသည်။

သူတို့အားလုံးတွင် ခင်မှ လွဲ၍ ကျန်သည့်သုံးယောက်စလုံးက နယ်မှဖြစ်သည်။ ခင်က ရန်ကုန်သူ။

http://www.cherrythitsar.org


ငုဝါနှင့် ဇင်မာဝေက ပေါင်းတည်မြို့က။ နေခြည်ကျော်က ဟသ်ာတမြို့က။ တစ်ယောက် တစ်မြို့ဆီမှဆိုသော်လည်း ပထမနှစ်ကတည်းက ပေါင်းသင်းလာကြသူများဖြစ်ရာ အခု နောက်ဆုံးနှစ်တွင် တကယ့်ငယ်ပေါင်းများကဲ့သို့ ရင်းနှီးနေကြပြီ။

"ဟဲ့. . . ခင်၊ ဘကြီးမိုး ဆိုင်မှာ ဒိန်ချဉ်သောက်နေတဲ့ တစ်ယောက်ကို ကြည့်လိုက်စမ်း. . . အရမ်းချောတာပဲ"

နေခြည်ကျော်၏စကားကြောင့် သူတို့အားလုံးက ဘကြီးမိုးဆိုင်ရှေ့သို့ ပြိုင်တူကြည့်လိုက်မိကြသည်။ ဘကြီးမိုးဆိုင်ဆိုတာ သူတို့အုပ်စု ထိုင်နေသော "ရွှေ" စားသောက်ဆိုင်နှင့် ကပ်လျက်က မေတ္တာမိုး အအေးဆိုင်ကို ရည်ညွှန်းခြင်းဖြစ်ကြောင်း သူတို့အားလုံး သိပြီးသားဖြစ်၏။ အဲဒီဆိုင်က အဖိုးကြီးကို ဘကြီးမိုးဟု သူတို့ဘာသာသူတို့ နာမည်ပေးထားကြခြင်း ဖြစ်ပါသည်။

အုပ်စုထဲမှ ခင့်အကြည့်သည် တစ်ဘက်ဆိုင်ကို ကြည့်နေရာမှ ပထမဆုံးဝိုင်းထဲသို့ ပြန်ရောက်လာ၏။ တစ်ဆက်တည်း ခင့်ဆီမှ မှတ်ချက်တစ်ခုပါ တွဲပါလာသည်။

"ဒီလောက်လဲ မဟုတ်ပါဘူးကွာ. . မင်းတို့ကလဲ ယောကျ်ားမမြင်ဖူးတာကျနေတာပဲ'

ငုဝါက ဝင်ပြောသည်။

"နင်ကလဲ ခင်ရယ်. . ငါတို့က နောက်ဆုံးနှစ်ရောက်နေပြီ၊ နင့်လို ရည်းစားမှမထားဖူးတာ"

ဇင်မာဝေကလည်း မဆိုပါဘူးခင်ရဲ့ဟု ဝင်ပြောပြန်၏။

ဒီတော့ ခင်က ယောကျ်ားတစ်ယောက်ကို သည်းသည်းမည်းမည်း ဝိုင်းဝန်းကာကွယ်နေသော သူငယ်ချင်းများကြောင့် အဲဒီ ကောင်လေးကို နောက်တစ်ကြိမ် ထပ်ကြည့်လိုက်မိသည်။ ထိုစဉ်မှာပင် ဘကြီးမိုးဆိုင်မှ ဒိန်ချဉ်သောက်နေသော ကောင်လေးသည် နောက်ဆုံးလက်ကျန် ဒိန်ချဉ်များကို အကုန်မော့သောက်လိုက်ပြီး မျက်လုံးကို ဟိုဟိုသည်သည် ကြည့်လိုက်ပါ၏။

အဲဒီမှာ ဝိုင်းစက်တည်ကြည်သော မျက်လုံးတစ်စုံကို သူ တွေ့လိုက်ရသည်။

ရုတ်တရက် ခင်သည် သူ ခိုးကြည့်နေတာကို မိသွားသဖြင့် ရှက်သွား၏။ ခေါင်းကိုလည်း အလန့်တကြား လွှဲပစ်လိုက်သည်။

ဒါပေမယ့် . . ဆံပင်လှိုင်းတွန့်ပြေပြေလေးတွေနှင့် ထိုကောင်လေးက ခင့်မျက်ဝန်းထဲတွင် စွဲထင်သွားသည်။ ခင်က ထိုအဖြစ်ကို ဘယ်သူမှမသိခင် အလျင်အမြန် ဖုံးကွယ်ထားဖို့ ကြိုးစားကြည့်သေးသည်။ သို့သော် သူငယ်ချင်းများက ပါးနပ်စွာ သိရှိနေနှင့်ပြီး ဖြစ်လေသည်။ ဒါကလည်း မဆန်း။ သူတို့အားလုံး ခင့်လိုပင် ခံစားနေကြရသည် မဟုတ်ပါလား။

http://www.cherrythitsar.org


ခဏာမျှကြာတော့ ထိုကောင်လေးက ဒိန်ချဉ်ဖိုးရှင်းပြီး ထသွား၏။ ခင့်မျက်လုံးတွေက ထိုကောင်လေးနောက်ကို လိုက်ကြည့်နေမိသည်။ နေခြည်ကျော်က ခင့်ကို နောက်သည်။

"ဘယ်လိုဖြစ်တာလဲ ခင်ရဲ့၊ အပြောင်းအလဲ မြန်လှချည်လား"

ခင်က ရယ်သံတစ်ဝက်နှင့် ပြော၏။

"အေးနော်. . အံ့ပါရဲ့၊ သူက သိပ်ချောလွန်းတာတော့ မဟုတ်ဘူး၊ ဒါပေမယ့်. . . ငါက သိပ်ချောလွန်းတဲ့ ယောကျ်ားတွေကို မကြိုက်တတ်ဘူး"

ခင့်စကားကြောင့် အားလုံးရယ်ဖြစ်ကြ၏။ ဇင်မာဝေကတော့ သိပ်မရယ်ချင်ပါ။ သူသည် ရယ်ဖို့ခွန်အားမရှိတော့လောက်အောင် စောစောတုန်းက ကောင်လေးကို မူးဝေလျက်ရှိသည်။

"ဟဲ့. . ဇင်မာ့ကို ကြည့်စမ်း. . . ရယ်နေပုံက သိပ်စိတ်မပါသလိုပဲ"

ငုဝါစကားကြောင့် နေခြည်ကျော်က ထပ်နောက်လိုက်ပြန်သည်။

"နင်တို့ကလဲ. . ဇင်မာက ဟိုကောင်လေး ပြန်သွားလို့ ဆွေးနေတာ. . . မယုံရင် သူ့မျက်လုံးတွေကို ကြည့်ပါလား"

နေခြည်ကျော် စကားက နောက်ပြောင်လိုက်ခြင်း ဖြစ်သော်

လည်း အားလုံးက ဇင်မာဝေ မျက်လုံးများကို အကဲခတ်မိသွားကြသည်။ ခင်သည် ပထမတော့ အံ့သြနေသော်လည်း နောက်တော့ ဇင်မာဝေ၏ အခြေအနေအရပ်ရပ်ကြောင့် ရယ်မောပစ်လိုက်ဖို့ပဲ စိတ်ကူးရသွားခဲ့သည်။

"နင်. . . သူ့ကို နောက်တစ်ခါမြင်ရင် မကြည့်တဲ့ နေနိုင်ပါ့မလား ဇင်မာ. . . "

ခင်၏စကားကြောင့် ဇင်မာဝေက မျက်နှာတစ်ချက်ပျက်သွားသော်လည်း ဘာမှမဖြစ်သလို အလျင်အမြန် ဟန်ဆောင်ရယ်မောလိုက်ရသည်။ ဒါကို ငုဝါက သိသည်။ ငုဝါနဲ့ ဇင်မာဝေက တစ်မြို့ထဲပေမယ့် ပထမနှစ်ရောက်မှ ခင်မင်ရင်းနှီးလာခဲ့တာ ဖြစ်သည်။ ပေါင်းတည်မြို့မှာတုန်းက သိပ်မရင်းနှီးကြ။ အိမ်ချင်းကလည်း ဝေးကြသည်။ အထက်တန်းကျောင်းမှာလည်း အတူတူဆိုပေမယ့် အခန်းကမတူ။ သူတို့ချင်း သိသည်ဆိုရုံမျှသာရှိ၏။ အခုတော့ ငုဝါ နဲ့ ဇင်မာဝေတို့သည် တစ်ယောက်စိတ်ထဲ ဘာဖြစ်နေသည်ကို ခဏအတွင်း တစ်ယောက်က သိနေသည်အထိ ရင်းနှီးနေကြပြီ။

"ဟင့်အင်း. . ခင်ရာ၊ ငါ ကြည့်ချင်ကြည့်မှာပေါ့"

ဇင်မာဝေ၏စကားကို ကျန်သူငယ်ချင်းများက ဝိုင်းရယ်ကြ

http://www.cherrythitsar.org


ပြန်သည်။ ထိုအထဲတွင် ခင်က အကဲဆုံး. . .၊ ဇင်မာဝေကို အားရပါးရ လျှောင်ပြောင်နေသည့်ပုံစံ။

အဲဒီအခြေအနေမျိုးကို ငုဝါ သည်းမခံနိုင်တော့. . .။

“ခင်ရယ်. . လူတစ်ဖက်သားကို အဲဒီလောက်ထိ လျှောင်ဖို့ မကောင်းပါဘူး၊ ပြီးတော့ သူငယ်ချင်း အချင်းချင်းတွေ”

ခင်သည် ငုဝါစကားကို ချက်ချင်းတုံ့ပြန်သည်။

“နင့်စကားက ဘာစကားလဲ ငုဝါ. . . ငါက ဇင်မာကို ဘာလျှောင်လို့လဲ၊ ဒီမှာ တခြားလူတွေလိုပဲ ရယ်စရာတစ်ခုကို ရယ်မိတာပဲ”

ခင့်စကားကြောင့် အခြေအနေသည် အနည်းငယ် တင်းမာသွားပြီး ငုဝါသည် ရုတ်တရက် ပြောစရာစကား ရှာမတွေ့ဘဲ ခက်ခဲလျက်ရှိသည်။ နေခြည်ကျော်က အဲဒီကိစ္စကို မသိချင်ဟန်ဆောင်နေသည်။

ဒီပုံစံမှာပဲ ဇင်မာဝေက ဘာမှမဖြစ်သလို ရယ်ရယ်မောမော နှင့် ဝင်ရောက် ဖျန်ဖြေရသည်။

“ဟုတ်သားပဲ. . . ငုဝါရဲ့၊ ခင်က ဒီလိုပဲ ရယ်နေကြဉစ္စာ၊ ပြီးတော့လဲ ငါ့ရုပ်ရည်၊ ငါ့အနေအထားနဲ့ စောစောတုန်းက လို ကောင်လေးမျိုးကို မှန်းနေတာဆိုတော့ လူရယ်စရာဖြစ်နေမှာပေါ့။ အဲဒီဉစ္စာကို ခင်လဲ ရယ်ချင်လို့ ရယ်တာပေါ့ကွ. . .

http://www.cherrythitsar.org


ငါ့ဘက်က ဘာပြဿနာမှ မရှိပါဘူး”

ဇင်မာဝေစကားကြောင့် တင်းမာနေသော အခြေအနေမှာ ပြန်လည်ပျော့ပျောင်းသွားပြီး အရာရာသည် ပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

ခင့်စိတ်ထဲတွင် ထိုကောင်လေးကို စိတ်မဝင်စားဟု မာနသက်သက်ဖြင့် တွေးထားမိသော်လည်း တကယ်တမ်းတွင် ထိုကောင်လေးက ခင့်ကို အစစအရာရာ စိုးမိုးလျှက်ရှိသည်။ ဒါကို ခင်က မကျေနပ်. . .။ ငါက ဘာဖြစ်လို့ သူ့အကြောင်းတွေချည်း တွေးနေရတာလဲ။ သူသည် ယောကျ်ားတစ်ယောက် ဖြစ်သည်ဆိုသော အချက်မှလွဲ၍ ခင်က ဘာမှ သူ့အကြောင်းကို သိတာမရှိ။ ယုတ်စွအဆုံး နာမည်လေးပင်မသိ။ ကဲ. . ဘယ်လောက်ရှုက်ဖို့ကောင်းထားသလဲ။

ထိုစဉ်မှာပင် ဇော်ထွန်းက ခင်တို့ ဝိုင်းကို ရောက်လာသည်။ ဇော်ထွန်းက ခင်၏ ရည်းစားများစွာအနက်မှ လက်ရှိနောက်ဆုံးရည်း စား။ ခင်က သူ့ကို တခြားယောကျ်ားများကဲ့သို့ ထားရစ်ခဲ့မှာကို အကြီးအကျယ် စိုးရိမ်နေသူ။

ဇော်ထွန်း ရောက်လာတော့ တိတ်ဆိတ်နေသော ခင်တို့ဝိုင်းသည် အနည်းငယ် စိုပြေလာသည်။ ဇော်ထွန်းက ခင့်ကို ပြောလိုက်သည်။

"ခင်. . ဒီနေ့ ဘာနေ့လဲ. . မှတ်မိလား"

"ဒီနေ့. . ဟုတ်လား၊ အင်း. . ဪ သိပြီ၊ ဒီနေ့ တနင်္လာနေ့လေဟာ"

ခင့်အဖြေကြောင့် ဇော်ထွန်း မျက်နှာတစ်ချက် ပျက်သွား၏။ ဒါပေမယ့် ဇော်ထွန်းက မျက်နှာကို ချက်ချင်းပြင်လိုက်ပြီး ခင့်ကို ပြောသည်။

"ဒီနေ့ ခင်နဲ့ ကျွန်တော်နဲ့ ရည်းစားဖြစ်တာ တစ်လပြည့်တဲ့နေ့"

"ဟုတ်လား. . ခင်ဖြင့် အဲဒါမျိုးတွေ မှတ်မထားတတ်ပါဘူး၊ သိပ်ရှုပ်တာပဲ"

ခင့်စကားကြောင့် ဇော်ထွန်း၏မျက်နှာမှာ ငယ်ငယ်လေးသာ ကျန်တော့သည်။ ခင့်ကိုလည်း ပြန်မပြောရဲ. . ။ အထူးသဖြင့် ခင့်သူငယ်ချင်းတွေကြားမှာမို့ ပို၍မပြောရဲ။ ဇော်ထွန်းက ဒီကိစ္စကို ခင် အလေးအနက် မထားတာတော့ ဝမ်းနည်းသွားသည်။ သူ မျှော်လင့်ရင်ခုန်လာခဲ့သမျှ အခုတော့ အလကားဖြစ်ကုန်ပြီ။ ခင်က ဒီနေ့လို နေ့မျိုးကို တန်ဖိုးထား မှတ်သားတတ်သူမဟုတ်။

ခင့်ကို ဇော်ထွန်းက ဒီဝိုင်းထဲမှာ ခေါ်ထုတ်သွားဖို့ မဝံ့မရဲဖြစ်လျက်ရှိသည်။ ဒါပေမယ့် ခင်က အခြေအနေကို အကဲခတ်တတ်သူ တစ်ယောက် ဖြစ်ပါသည်။

http://www.cherrythitsar.org


"ကဲ. . သူငယ်ချင်းတို့ ငါ. . သူနဲ့ သွားစရာကိစ္စရှိလို့ ခွင့်ပြု ကြပါဦး၊ နေ့လည် (၂) နာရီ R.C ရှေ့မှာ စောင့်နေမယ်၊ (၂) နာရီခွဲကျရင် အတန်းတက်စရာရှိတယ်မဟုတ်လား"

ပြောပြီး ခင်က ထလိုက်သည်။ ရုတ်တရက် နေခြည်ကျော် ဆီမှ အသံထွက်လာ၏။

"အံမယ်. . အံမယ်. . ကိုဇော်ထွန်း၊ ဒီမှာ. . ရှင်က ကျွန်မတို့ သူငယ်ချင်းကို ဒီလိုအလွယ်တကူ ခေါ်သွားလို့ရမလား"

ဇော်ထွန်းက. . .

"ဟာ. . ရပါတယ်၊ ကျွန်တော် သဘောပေါက်ပြီ၊ ညီလေး ရေ. . . ဒီဝိုင်းဘယ်လောက်ကျသလဲဟေ့"

ထို့နောက် ဇော်ထွန်းက ခင့်သူငယ်ချင်းများ စားထားသောက် ထားသမျှကို ရှင်းပြီး ခင့်ကို ခေါ်သွားသည်။ ခင်သည် ဇော်ထွန်း ခေါ်ရာနောက်သို့ တာဝန်တစ်ခုလို လိုက်ပါလာသော်လည်း ခင့်စိတ်တွေ သည် စောစောတုန်းက ဒိန်ချဉ်သောက်နေသော ကောင်လေးဆီမှာ ကျန်ရစ်ခဲ့သည်။

ဒါသည် ယောကျ်ားလေးတစ်ယောက်အပေါ်မှာ ပထမဆုံးဖြစ် ပျက်မိသော ခင့်ခံစားမှုအစစ်များ ဖြစ်ပါသည်။

အံ့ဩဖို့ကောင်းသည်မှာ ဒီခံစားမှုသည် ခင့်တစ်ယောက်ထဲ မဟုတ်ဘဲ ကျန်သူငယ်ချင်းသုံးယောက်စလုံး ဖြစ်ခဲ့ကြမှန်း ခင် အသိ

http://www.cherrythitsar.org


နောက်ကျခဲ့သည်။ အထူးသဖြင့် ဇင်မာဝေ။ ရုပ်ရည်နှင့် အခြေအနေ ကြောင့် ချစ်သောသူနှင့် ဝေးကွာခဲ့သည့် သာဓကများစွာတွင် ဇင်မာ ဝေက အကောင်းဆုံးကို မျှော်လင့်ထားမိ၏။

တကယ်က အကောင်းဆုံးသော အသိတရားများတွင် ရသမျှ ကိုသာ ကျေနပ်တတ်သူမှာ အမြင့်မားဆုံး မေတ္တာတရား ဖြစ်ပါသည်။

✵✵✵

ရန်ကုန်ဆောင်းသည် တစ်စတစ်စ ပို၍ ပီပြင်လာသည်။ နှိုဝင်ဘာ။ ဒီနှစ် နှိုဝင်ဘာသည် ခါတိုင်း နှိုဝင်ဘာများထက် ပိုချမ်းနေသလို သူရ ထင်မိ၏။ သူရသည် ခြေလှမ်းများကို လိုအပ်သည်ထက် ပိုမို မြန်အောင် ခပ်သွက်သွက် လှမ်းလိုက်သည်။ နာရီကိုလည်း တစ်ချက် ငုံ့ကြည့်လိုက်သေးသည်။

နာရီလက်တံက (၉) နာရီ (၁၅) မိနစ်သို့ ညွှန်ပြနေ၏။ သူရ ခြေလှမ်းတွေကို ပို၍သွက်လက်စွာ လျှောက်လှမ်းလိုက်သည်။ သူ (၁၅) မိနစ် နောက်ကျနေပြီ မဟုတ်ပါလား။ အခုချိန်ဆို ကိုမော် စောင့်နေရလို့ စိတ်တိုနေရော့မည်။

သူရသည် မေတ္တာမိုးအအေးဆိုင်ကို ရောက်လာသောအခါ တွင်တော့ ကိုမော်က ရှိမနေတော့။ ကိုမော်သည် အချိန်တိကျသူ။

ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်မျှကိုပင် သည်းခံ၍ စောင့်ဆိုင်း လိုခြင်းမရှိသူ။ ချိန်းထားသော ကိုမော် မရှိတော့သဖြင့် သူစိတ်ပျက်စွာ အအေးဆိုင်ရှိ စားပွဲတစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ထုံးစံ အတိုင်း ဒိန်ချဉ်တစ်ခွက်ကို လှမ်းမှာလိုက်၏။

အဲဒီမှာပင် တစ်ဘက်ဆိုင်ထဲမှ ကောင်မလေးအုပ်စုကို သူ သတိ ထားမိသွားသည်။ အထူးသဖြင့် ဝိုင်းစက်လှပလွန်းသော သမင်မျက်လုံး ကဲ့သို့ ကောင်မလေးတစ်ယောက်။ သူတို့တစ်အုပ်လုံးက သူရကို ဝိုင်းကြည့်နေကြခြင်းဖြစ်သည်။ ကောင်မလေးအုပ်စု ဆိုပေမယ့် အဲဒီ အုပ်စုတွင် ယောကျ်ားတစ်ယောက်လည်းပါ၏။ သူရက မျက်လုံးလှလှ နှင့် ကောင်မလေးကို ပြန်ကြည့်လိုက်မိသည်။

တစ်မိနစ်၊ နှစ်မိနစ်။

သူရ စိတ်တွေလှုပ်ရှားလာသည်။ ရင်ခုန်တယ်ဆိုတာ ဒါမျိုးပဲ လား။ သူရ စဉ်းစားနေမိသည်။

ဟင့်အင်း. . . မဟုတ်နိုင်ပါဘူး။ အခုမှတွေ့ဖူးပြီး သူ့အကြောင်း ဘာမှမသိသေးတဲ့ မိန်းမတစ်ယောက်ကို ငါ ရင်ခုန်တယ်ဆိုတာ မဖြစ် နိုင်ပါဘူး။

ဒါပေမယ့်. . . သူရ စိတ်တွေသည် ထိန်းချုပ်မရအောင် လှုပ်ရှား နေတာတော့ သေချာပါသည်။

ထိုမျက်ဝန်းလှလှနှင့် ကောင်မလေးသည် သူရကို ရဲတင်းစွာ ပြန်စိုက်ကြည့်နေ၏။ သူ့သူငယ်ချင်းများနှင့် သူ့ဘေးမှပုဂ္ဂိုလ်တို့သည် ထိုအဖြစ်အပျက်ကို မျက်နှာပျက်လျက်ရှိသည်။

သူရသည် ကောင်မလေးကို ကြည့်နေရင်းနှင့် ရောက်လာက တည်းက တစ်စက်မှ မသောက်ရသေးသော ဒိန်ချဉ်ခွက်ကို လှမ်းယူလိုက်၏။ ရုတ်တရက် 'ခွမ်း' ကနဲ အသံထွက်လာပြီး သူရ စားပွဲ၏ အောက်ခြေတစ်ဝိုက်တွင် အဖြူရောင်ဒိန်ချဉ်ရည်များ၊ မလိုင်ဖတ်များ ပြန့်ကျဲသွား၏။ သူရလည်း ရှက်သွားပြီး အခုမှပင် မျက်နှာကို လွှဲကာ သူ့ဖိနပ်ပေါ်တွင် စင်သွားသော ဒိန်ချဉ်ရည်များကို ခြေထောက်ဖြင့် သုတ်ခါနေလိုက်၏။

ဆိုင်ရှင်အဘိုးကြီးက သဘောကောင်းစွာ "ရပါတယ်. . ရပါတယ်" ဟုသာ တွင်တွင်ဆိုနေ၏။

ကောင်မလေးနှင့် အပေါင်းအပါတစ်သိုက်သည် ထိုအဖြစ်အပျက်ကို ပထမတော့ အသံထွက်၍ ခပ်သောသော ရယ်ခဲ့ကြသော်လည်း နောက်တော့ ပြုံးစေ့စေ့လုပ်ရင်း သူရအား ဆက်ကြည့်နေကြသည်။

ထိုစဉ် မျက်ဝန်းလှလှနှင့် ကောင်မလေးသည် သူရရှိရာ စားပွဲ

http://www.cherrythitsar.org


သို့ ထလာသည်။ အားလုံးက အံ့အားသင့်လျှက်. . ။ ဘယ်သူကမှ တစ်စုံတစ်ရာ တားဆီးဖို့ အချိန်မရလိုက်။ သူရကိုယ်တိုင်လည်း ထို အဖြစ်အပျက်ကို အလွန်ထူးဆန်းနေမိသည်။

"ကျွန်မနာမည် ခင်ဖြူဖြူထွန်းပါ၊ အားလုံးက ခင်လို့ပဲ ခေါ် ကြပါတယ်၊ သူ့နာမည်ရော ဘယ်လိုခေါ်လဲ မသိဘူး၊ ဟို. . . ဘယ်လိုမှ မထင်ပါနဲ့နော်၊ ဒီမှာ ခင့်ကို ထိုင်ခွင့်ပြုပါ"

ခင်က ပြောပြောဆိုဆိုနှင့် သူရ ဝိုင်းမှာ ထိုင်ချလိုက်သည်။ သူရသည် ပွင့်လင်းသော ထိုကောင်မလေးကို အံ့သြနေမိ၏။

"ဟုတ်ကဲ့ ထိုင်ပါ၊ ကျွန်တော့်နာမည်က သူရပါ"

"သြော်. . သူရတဲ့လား၊ ဒီလိုပါ. . . ကိစ္စက ဒီလိုပါ၊ စောစော တုန်းက ခင်တို့နှစ်ယောက် အပြန်အလှန်ကြည့်နေမိကြတယ် မဟုတ်လား၊ အဲဒီပယောဂကြောင့် သူ့ရဲ့ ဒိန်ချဉ်ခွက် မှောက် သွားတယ်လေ၊ ဒီတော့. . . ခင်က အဲဒီ ဒိန်ချဉ်ကို နောက်တစ် ခွက် အစားလျော်ပေးချင်ပါတယ်၊ မိတ်ဖြစ်ဆွေဖြစ်ပေ့ါ. . . သူရ လက်ခံမယ် မဟုတ်လားဟင်"

ပြောပြီး ခင်သည် သူရကို ကြည့်လိုက်သည်။ ထိုအကြည့်တွင် သူရအဖို့ ငြင်းဆန်ဖို့ ခွန်အားတို့ကို စုပ်ယူထားနှင့်ပြီး ဖြစ်လေသည်။ သူရနှုတ်ခမ်းတွင် ရှက်ပြုံးတစ်ခုကို ဖန်တီးလိုက်ပြီး ခင်၏ တောင်း ဆိုမှုကို သဘောတူလိုက်၏။

http://www.cherrythitsar.org


ထို့နောက် နောက်ထပ် အသစ်ထပ်မှာထားသော ဒိန်ချဉ်ခွက် ရောက်မလာမီ နှစ်ယောက်သား စကားတွေ ပြောဖြစ်ကြ၏။ ထပ်မှာထားသော ဒိန်ချဉ်ခွက်ရောက်လာသောအခါ ခင်က ဒိန်ချဉ်ဖိုးငွေကို ရှင်းလိုက်ပြီး သူငယ်ချင်းတွေရှိရာကို ပြန်ဖို့ ပြင်ဆင်နေသည်။

"သူရ. . ခင် ပြန်တော့မယ်၊ ဟိုမှာ သူငယ်ချင်းတွေ စောင့်နေကြလို့၊ မနက်ဖြန် သူရ ဒီဆိုင်ကိုပဲ လာခဲ့လေ၊ အဲဒီကျမှပဲ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးတော့မယ်၊ အခု. . . သွားစရာ လေးတစ်ခု ရှိသေးလို့. . . တာ့တာနော်"

ခင် ထွက်သွားတော့ သူရတစ်ယောက်ထဲ ကျန်ရစ်၏။ နောက်. . . သူက ဒိန်ချဉ်ခွက်ကို အကုန်မော့ချလိုက်သည်။ ခင့်ကို ဘယ်လို ကောင်မလေးပါလိမ့်ဟု သူရ မစဉ်းစားရဲ။ ခင်သည် မထင်မှတ်ဘဲ ရောက်လာပြီး မထင်မှတ်ဘဲ ပြန်သွားတတ်သူလို့တော့ ယေဘုယျ အားဖြင့် သူရ နားလည်ထားလိုက်၏။

တစ်ခါတလေတော့လည်း နားလည်မှုသည် နားမလည်ခြင်းများစွာရဲ့ရှေ့မှာ ကြိုတင်ရောက်ရှိနေတတ်လေသည်။

❋❋❋

http://www.cherrythitsar.org

ထိုနေ့ညက သူရ အိပ်မပျော်။ သူရတင်မဟုတ် ခင်. . .။ ခင် တင်မဟုတ် ဇင်မာဝေ. . .။ ဇင်မာဝေ တင်မဟုတ် ဇော်ထွန်း. . .။

ဒီလိုနည်းဖြင့် အဖြစ်အပျက်တစ်ခုသည် လူအချို့ကို အိပ်ရေး ပျက်စေခဲ့သည်။

ဇင်မာဝေသည် သူ့ကို ခင်နှင့် ရင်းနှီးကျွမ်းဝင်သွားမှာ စိုးရိမ် လှသည်။ ခင်ကြောင့် သူ တစ်ခုခုမခံစားရစေချင်။ ခင်က ဘာကိုမှ အတည်တကျရှိသူမဟုတ်။ ပြီးတော့ ခင်က ယောကျ်ားလေးပေါင်း များစွာကို အရူးလုပ်တတ်သူ။ သူက အေးအေးဆေးဆေး ရည်မွန်သူ တစ်ယောက် ဖြစ်ရမည်ဟု ဇင်မာဝေက ထင်သည်။ သူ့နာမည်ကိုပင် ဇင်မာဝေက မသိချေ။ ခင့်လို သူ့ဝိုင်းကိုသွားပြီး စကားပြောတာမျိုး ကိုလည်း ဇင်မာဝေ မလုပ်ရဲ။ သူက သိပ်တည်ကြည်သည်။ အဲဒီလို

http://www.cherrythitsar.org


လူတစ်ယောက်ကို ခင့်ဆီမှာ မကျဆုံးစေချင်။ ဒါက ဇင်မာဝေ၏ ဆန္ဒ။

သူရကတော့ ခင်ဆိုသည့် ကောင်မလေးကို ပွင့်လင်းလွတ်လပ်လွန်းသူတစ်ယောက်ဟုသာ မြင်သည်။ ဒီအချက်ကပင် သူရကို ခင်က ဖမ်းစားထားနိုင်ခဲ့၏။ မနက်ဖြန်ဆိုတာကို သူရ အမြန်ရောက် ချင်လှပြီ။

ခင်ပြောသွားသည့် "မနက်ဖြန် သူရ ဒီဆိုင်ကိုပဲ လာခဲ့လေ" ဆိုသော စကားက သူရနားထဲက မထွက်တော့။

ဇော်ထွန်းဖြစ်နေသည်က တစ်မျိုး။ ကိုယ့်ရဲ့ချစ်သူက ကိုယ်ရှိနေပါလျက် တခြားယောကျ်ားလေးတစ်ယောက်ကို သွားရောက်စကားပြော မိတ်ဖွဲ့တဲ့ကိစ္စ။ ဒါပေမယ့် . . . ဇော်ထွန်းက ခင့်ကို ဒီကိစ္စအားတိုက်ရိုက်မပြောရဲ။ အကယ်၍ ခင်က ငြိမ်ပြီး နားထောင်လိုက်နာရင် အကြောင်းမဟုတ်ပေမယ့် မတော်တဆ သူ့ကို ပြန်အော်ငေါက်ရင် အခက်။ ဒါကြောင့် ဇော်ထွန်းအနေဖြင့် အပြောတတ်ဖို့လိုသည်။ တစ်ဖက်လှည့်နှင့် ပါးပါးနပ်နပ် တားမြစ်ရမည်ဟု စိတ်ကူးထား၏။ ခင်က သူ့ကို အမိန့်ပေးတားမြစ်တာမျိုး မကြိုက်။ ချော့မော့ပြီး နောက်ထပ် ဒါမျိုးမလုပ်ရန် တောင်းပန်ရင် ရနိုင်သည်။ တရားဝင်ချစ်သူတစ်ယောက်အနေဖြင့် ဒီလောက်တော့ လုပ်ခွင့် ရှိမည်ဟု ဇော်ထွန်းက ယူဆထားသည်။

http://www.cherrythitsar.org


ဇင်မာဝေကလည်း ခင့်ကို သူရနှင့် နောက်ထပ်မပတ်သက်ဖို့ တားမြစ်ချင်နေသည်။ ဒါပေမယ့် . . ပေါ်တင်ကြီးသွားတားလို့လည်း မဖြစ်သေး။ ပြီးတော့ . . . ကိုယ်နှင့် သူရက ဘာမှဆိုင်တာလည်းမဟုတ်။ နောက်တစ်ချက်မှာ ခင့်လိုမိန်းကလေးမျိုးက ဇင်မာဝေ ပြောရင် အလွယ်တကူ လိုက်နာလိမ့်မည် မဟုတ်ပေ။

ဇင်မာဝေသည် သူရအကြောင်း စဉ်းစားနေရင်းမှ ငုဝါတို့အခန်းသို့ ကူးသွားရန် ပြင်ဆင်လိုက်သည်။ ဒီအချိန်လောက်ဆို နေခြည်ကျော်ရော . . ခင်ပါ ငုဝါအခန်းထဲမှာ စုံညီစွာ ရှိနေနိုင်၏။

ငုဝါ ၊ ဇင်မာဝေနှင့် နေခြည်ကျော်တို့က အဆောင်အခန်းကပ်လျက်ဖြစ်ပြီး ခင်က တစ်ခါတလေ သူတို့အဆောင်မှာ အပျော်လာအိပ်တတ်သည်။ ခင် လာအိပ်တိုင်း နေခြည်ကျော်နှင့် အတူအိပ်လေ့ရှိ၏။နေခြည်ကျော်နှင့် ပိုရင်းနှီးသည်ဆိုသည့်သဘော။ ဒါပေမယ့် . . သူတို့အားလုံးက အခန်းနည်းနည်း ပိုကျယ်သော ငုဝါအခန်းမှာ စုရပ်လုပ်ထားကြသည်။

ဇင်မာဝေသည် ငုဝါအခန်းသို့ မသွားမီ မိတ်ကပ်ဗူးမှ မှန်ငယ်ဖြင့် သူ့မျက်နှာကို သူတစ်ချက်ကြည့်လိုက်၏။ ဘယ်ဘက်ပါးပြင်ပေါ်မှာ မှဲ့အနက်ကြီးတစ်လုံး၊ နောက်ထပ်က နှာခေါင်းပေါ်မှာ တစ်လုံး။ နောက်ဆုံးတစ်လုံးက ညာဘက်မျက်ခုံးပေါ်ရှိ နဖူးပြင်ပေါ် မှာ . . ။

http://www.cherrythitsar.org


ပြီးတော့ သူ့အောက်နှုတ်ခမ်းတွေကလည်း ထူတွဲတွဲဖြစ်နေသေးသည်။ ကဲ. . ဘယ်လောက်အရုပ်ဆိုးသလဲ။

ဒီကြားထဲ အသားအရေက ညိုခြောက်ခြောက်။ အဖိုးတန်ဝတ်ကောင်းစားလှတွေ ဘာတွေလည်း မတတ်နိုင်။ ဒီအခြေအနေနဲ့ မိန်းမတစ်ယောက်က သူရလို ယောက်ျားတစ်ယောက်ကို ခင့်ဆီက ဘယ်လိုနည်းနဲ့ လုယူနိုင်ပါ့မလဲ။

ဇင်မာဝေသည် မိတ်ကပ်ဘူးမှ မှန်ကို ပိတ်လိုက်ပြီး ခေါင်းတစ်ချက်ရမ်းကာ ငုဝါ အခန်းသို့ ထထွက်လာခဲ့သည်။ ငုဝါ အခန်းကို ရောက်တော့ သူထင်ထားခဲ့သည့်အတိုင်းပင် သူမှလွဲ၍ လူစုံနေပြီ။

"ဟဲ့. . ဇင်မာ လာလေ. . . ဒီမှာ လက်ဖက်သုပ်"

ငုဝါက အခန်းရှင်ပီပီ ဖိတ်ခေါ်လေသည်။

"ကဲ. . လူစုံပြီဆိုတော့ ငါ ဒီည ဒီမှာလာအိပ်ရခြင်းရဲ့ ရည်ရွယ်ချက်ကို ပြောပြမယ်"

ခင့်စကားကြောင့် နေခြည်ကျော်က ပြန်ပြောလိုက်၏။

"ဟင်. . ခင်ကလဲ၊ ခါတိုင်းလဲ အိပ်နေကျပဲဥစ္စာ"

"ရည်ရွယ်ချက်တွေ. . . ဘာတွေ လုပ်လို့"

ခင်က ခပ်ဖွဖွရယ်နေသည်။ တစ်စုံတစ်ရာသော အဓိပ္ပာယ်ရှိမှုသည် မိန်းကလေး လေးယောက်စလုံး၏ ရင်ထဲတွင် တောက်ပကာ တလှပ်လှပ်ဖြစ်နေတော့၏။

http://www.cherrythitsar.org


အားလုံးက မျှော်လင့်နေသော ခင့်ဆီမှ စကားသံတို့က တည်ကြည်စွာ ထွက်ပေါ်လာသည်။

"ငါတို့ သူငယ်ချင်းတွေအားလုံး ပထမနှစ်ကတည်းက တကယ့်ညီအစ်မအရင်းတွေလို ပေါင်းလာခဲ့တာဆိုတော့ တစ်တစ်ယောက်စိတ်ကို တစ်ယောက် နားလည်နေလောက်ပြီလို့ ငါယူဆတယ်၊ ဒီတော့ ငါ အခုပြောမယ့် စကားတွေကြောင့် နင်တို့ ငါ့ကို ဘယ်လိုမှ မထင်စေချင်ဘူး"

ခင်က စကားကို နားလိုက်ပြီး အားလုံးကို မျက်လုံးတစ်ချက်မျှ ဝေ့ရမ်းကြည့်လိုက်ပါသည်။ ကျန်သူများက ခင့်ကို ဘာမှပြန်ပြောစရာ မရှိသေးဟန်ဖြင့် ငြိမ်သက်လျက်ရှိ၏။ ခင်က သူ့စကားကို ဆက်ပြော သည်။ တကယ်တော့ ခင်က ပြောသည်ဆိုသော်လည်း အားလုံးကို မေးမြန်းလိုက်သော မေးခွန်းတစ်ခုသာ ဖြစ်ပါသည်။

"နင်တို့. . . သူရကို ဘယ်လိုမြင်လဲဟင်"

ခင့်စကားကြောင့် အားလုံးက ခပ်ကြောင်ကြောင် ဖြစ်နေ၏။ ခင်က. .

"သြော်. . ဆောရီး၊ ဆောရီး. . . နင်တို့က သူရဆို ဘယ်သိမလဲ၊ သူရဆိုတာ နေ့လည်ကကျောင်းမှာတုန်းက ငါနဲ့ စကားပြောတဲ့လူလေ၊ ဒိန်ချဉ်ခွက်မှောက်ကျသွားတဲ့လူ"

http://www.cherrythitsar.org


နေခြည်ကျော်က ဝင်ပြောသည်။

"အဟီး. . . အဲဒီလူက သူရတဲ့လား၊ ငါကတော့ သိပ်ကြည့်ကောင်းတာပဲ သိတယ်"

ဇင်မာဝေရင်ထဲတွင် သူရဆိုသည့်နာမည်ကြောင့် နွေးထွေးသွား၏။ အို. . သိပ်စိုးမိုးလွှမ်းတဲ့သူပဲ။

ငုဝါ၏စကားသံတို့က ဆက်တိုက်ထွက်ပေါ်လာပြန်သည်။

"အဲဒီတစ်ယောက်ပုံစံကို ငါတော့ သိပ်သဘောကျတာပဲ၊ နင်မနက်က ကင်တင်းမှာ စကားသွားပြောတော့ ဇော်ထွန်းက သိပ်ကြည်ပုံမရဘူး၊ ဘာလဲ ခင်. . နင်က အဲဒီလူကို. . . မသိရင်ခက်မယ်နော်၊ ဟိုတစ်ခါပြောတော့ နင်က စိတ်မဝင်စားသလို ဘာလိုလိုနဲ့၊ ဒါပေမယ့် အဲဒီတစ်ယောက်ကလဲ နင့်ကိုပဲ သေချာကြည့်နေတာ. . . ငါတောင် ဘေးကနေ ရိပ်မိတယ် သိလား"

ခင်က ငုဝါစကားကြောင့် ပြုံးလိုက်ပြီး ခေါင်းကို တစ်ချက်ညိတ်ပြလိုက်၏။

"ငါ သိပါတယ်၊ ဒါပေမယ့် ငါ တစ်ခုစဉ်းစားမိတယ်၊ သူရနဲ့ ပတ်သက်ပြီး ငါတို့လေးယောက်စလုံးဟာ စိတ်ဝင်စားနေကြတယ် မဟုတ်လား"

http://www.cherrythitsar.org


ခင်က ပြောနေရင်း စကားကို ခဏနားလိုက်ပြန်၏။ ငုဝါက ခင့်ကို ဦးတည်သော်လည်း အားလုံးကို ပြောသည့်သဘောဖြင့် စကားတစ်ခွန်း ပြောပါသည်။

"ငါ စိတ်ဝင်စားတယ်ဆိုတာ သိပ်လေးလေးနက်နက်ကြီး မဟုတ်ပါဘူး၊ ဟို. . ဘယ်လိုပြောမလဲ. . အပျော်သက်သက်ပါဟာ"

နေခြည်ကျော်က. .

"ငါလဲ ငုဝါအတိုင်းပဲ"

ထိုအခါ ခင်သည် ဇင်မာဝေဆီသို့ မျက်နှာချင်းဆိုင်လိုက်ရင်း မေးသည်။

"ဇင်မာကရော. . . "

အို. . . သူ့ကို ငါက ဘယ်လိုသဘောထားရမှာလဲ။ ငုဝါတို့လိုပဲ ပြောလိုက်ရင်ကောင်းမလား။ မဖြစ်သေးပါဘူး။ သူတို့က အပျော်သဘောပဲ စိတ်ဝင်စားကြတာ. . ငါက. . . ။

"ဟဲ့. . ဇင်မာ၊ ဒါလေး မေးတာကို ဖြေဖို့ ဘာဖြစ်လို့ ဒီလောက်တောင် တွေဝေနေရတာလဲ၊ ကေန္တတော့ ဇင်မာ. . "

နေခြည်ကျော်က ပြောနေရင်း ဆက်မပြောဘဲ ရပ်ထားကာ ဇင်မာဝေကို စိုက်ကြည့်နေ၏။

http://www.cherrythitsar.org


ထိုအခြေအနေကို ခင်က ခပ်သောသော ရယ်မောလိုက်ပြီး သူပြောဖို့ ရည်ရွယ်ထားသောစကားကို ဆက်ပြောသည်။

"ဒီလိုလုပ်ပါလား. . ငါတို့သူငယ်ချင်းလေးယောက်စလုံးက သူရကိုစိတ်ဝင်စားမှုရှိနေကြတယ်၊ အပျော်ပဲဖြစ်ဖြစ်၊ အတည်ပဲဖြစ်ဖြစ် စိတ်ဝင်စားနေကြတာတော့ အမှန်ပဲမဟုတ်လား၊ ဒါပေမယ့် လေးယောက်ဆိုတော မဖြစ်နိုင်ဘူးလေ၊ ဒီတော့ ငါတို့ လေးယောက်ကြားမှာ သူရနဲ့ပတ်သက်တဲ့ သဘောတူညီမှုတစ်ခု ယူထားမှဖြစ်မယ်၊ ဆိုလိုတာက ငါတို့လေးယောက်ထဲက တစ်ယောက်ပဲ သူရကို ရည်းစားဖြစ်ခွင့်ရမယ်၊ အဲဒီတစ်ယောက်ဟာ သူရက မရွေးချယ်ဘဲ ငါတို့ဘာသာ ငါတို့ ရွေးချယ်ကြဖို့ပဲ"

ခင့်စကားကြောင့် တစ်ချိန်လုံး စကားတစ်ခွန်းမှ ဝင်မပြောသေးသူ ဇင်မာဝေက ဝင်ပြောသည်။

"ဖြစ်ပါ့မလား ခင်ရယ်. . အဲဒီရွေးချယ်မှုကို သူရက ကျေနပ်ပါ့မလား၊ ပြီးတော့. . . သူ့မှာရည်းစားတွေ၊ ဘာတွေရှိနှင့်ပြီးသားဆိုရင်ရော ဘယ်လိုလုပ်မလဲ၊ လျှောက်မလုပ်ပါနဲ့ ခင်ရယ်"

ငုဝါက. .

"ဇင်မာပြောတာ ဟုတ်တယ်နော် ခင်၊ တော်ကြာ ပြဿနာတွေဖြစ်လာရင် မကောင်းဘူး၊ ပြီးတော့. . . နင်ပြောသလို ငါတို့ဘာသာငါတို့ ရွေးချယ်ထားပါပြီတဲ့၊ သူရကို အဲဒီအကြောင်း ဘယ်လို သွားပြောကြမှာလဲ၊ သူရကရော လက်ခံပါ့မလား၊ စဉ်းစားစရာတွေ အများကြီးနော်"

ငုဝါ၏စကားအဆုံးတွင် ခင်က အသံထွက်၍ ရယ်လေတော့သည်။

"ငါ့သူငယ်ချင်းတွေကလဲ လည်မလိုနဲ့ တော်တော်တုံးတာကိုး"

"အင်း. . ပြောစမ်းပါဦး ဉာဏ်ကြီးရှင်ရယ်၊ နင်က ဘယ်လိုတွေများ သူများကို ဒုက္ခပေးဖို့ စဉ်းစားထားလို့လဲ. . ခင်. . နင်နော်. . . ဇော်ထွန်းက နင့်ဘေးမှာ ငုတ်တုတ်ကြီးရှိသေးတယ်"

နေခြည်ကျော်အပြောကို ခင်က လက်ကာပြရင်း လက်ဖက်သုပ်တစ်ဇွန်းကို ခပ်စားလိုက်၏။ ပြီးတော့ လက်ဖက်သုပ်စားရင်း သူ့စကားကို ဆက်သည်။

"ဇော်ထွန်းကိုတော့ ထည့်ပြောမနေစမ်းပါနဲ့ သူက ငါ့ရည်းစားဆိုပေမယ့် နားညီးလွန်းလို့ အဖြေပြန်ပေးထားတာ. . . သူက ဒါပဲ"

http://www.cherrythitsar.org


ခင်က လက်ဖက်သုပ်ပန်းကန်ကို လက်ညှိုးထိုးပြသည်ကို ငုဝါက သဘောမပေါက်စွာ ပြန်မေးသည်။

"ဘာလဲ. . ဒါပဲ ဆိုတာ. . . "

"လက်ဖက်သုပ်လေ. . ဇော်ထွန်းက ငါ့အတွက် လက်ဖက်သုပ်၊ ဂျင်းသုပ်ပဲ"

"ခင်. . နင်က ယောကျ်ားတစ်ယောက်ကို အရမ်းအထင်သေး လွန်းတယ်၊ အဲဒါ ကောင်းတဲ့ကိစ္စမဟုတ်ဘူး"

"ဒါကတော့ဟာ. . ငါမှ အထင်ကြီးလို့မရတာ"

"ဒါဆို သူရကရော အတူတူပဲလား"

"သူရကိုတော့ ဒီလိုအပြတ်ပြောလို့ မရသေးဘူးဟ၊ လေ့လာကြည့်ရဦးမှာပေါ့"

နေခြည်ကျော်က စောစောတုန်းက ပြတ်သွားသော စကားစကို ပြန်ဆက်သည်။

"ခင်. . သူရကို ငါတို့လေးယောက်က ကိုယ့်သဘောနဲ့ကိုယ် ရွေးပြီးတော့ ဘယ်လိုဆက်လုပ်ကြမှာလဲ. . ပြောဦးလေဟာ"

"ပြောမှာပေါ့ဟဲ့. . ပထမဦးဆုံး ငါတို့လုပ်ရမှာက ငါတို့လေးယောက်စလုံးဆိုင်တဲ့ ဘုံနာမည်တစ်ခုကို စဉ်းစားရမယ်၊ ဘယ်လိုပေးရင် ကောင်းမလဲ"

http://www.cherrythitsar.org


ငုဝါက ချက်ချင်းဆိုသလိုပင် လက်ဖျစ်တစ်ချက်ကို တီးလိုက်ပြီး အားရဝမ်းသာစွာ အကြံတစ်ခု ဝင်ပေးသည်။

"ဇင်မာ. . . ဒါဆို နင် စဉ်းစားစမ်း၊ နင်က စာတွေပေတွေ ဖတ်တာဆိုတော့ နာမည်လှလှလေးတစ်ခုလောက် စဉ်းစားစမ်းပါဦးဟ"

နေခြည်ကျော်က ဝင်ပြောပြန်သည်။

"အေးလေ. . နင်က ကဗျာတွေ ဘာတွေတောင် စမ်းရေးနေပြီဥစ္စာ. . . "

ခင်သည် ဇင်မာဝေကို တိုက်တွန်းနေကြသော ငုဝါနှင့် နေခြည်ကျော်တို့ စကားများကြောင့် နည်းနည်းတော့ အံ့သြသွားသည်။

"ဟယ်. . ဟုတ်လား၊ ဇင်မာ နင်က ကဗျာဆရာမလုပ်နေပြီပေါ့၊ ငါတောင် မသိသေးဘူး၊ လျှို့ထားတာပေါ့လေ"

ဒီတော့မှ စကားနည်းသော ဇင်မာဝေဆီမှ စကားသံတို့က ထွက်လာ၏။

"ဟို. . မဟုတ်ပါဘူး ခင်ရာ၊ ငါက အပျော်စမ်းရေးကြည့်တာပါ၊ ပြီးတော့ ရေးတာက ဘာမှလဲမကြာသေးဘူး၊ သူတို့နှစ်ယောက်တောင် အဆောင်မှာအတူတူနေတဲ့သူတွေမို့သိတာ၊ ငါရေးတာက ဘာမှကြာသေးတာလဲ မဟုတ်ဘူး၊ မဂ္ဂဇင်း

http://www.cherrythitsar.org


တွေမှာ ပုံနှိပ်ဖူးတာလဲ မဟုတ်ဘူး၊ အဲဒါကို ကျွန်မက ကဗျာဆရာမပါ ဆိုပြီး လျှောက်ပြောလို့ ကောင်းပါ့မလား ခင်ရဲ့၊ နင့်ကို တမင်လျှို့ထားတာ မဟုတ်ပါဘူး”

ဇင်မာဝေက ချက်ကျလက်ကျ ပြန်ပြောတော့ ခင်က ပြုံးပြီး ခေါင်းညိတ်ကာ နားထောင်နေသည်။ ခင်က. .

“ဒါဆိုလဲ ရှိစေတော့. . ဒါနဲ့ ဇင်မာရဲ့ ကလောင်နာမည်က ဘာတဲ့လဲ၊ ဒါတော့. . . သိခွင့်ရှိတယ်မဟုတ်လား”

“အင်း. . သိရပါတယ်၊ ရှက်ပြေးတဲ့”

ခင်သည် ရှက်ပြေးဆိုသော နာမည်ကို နှုတ်မှ ခပ်ဖွဖွ ရွတ်ကြည့်မိ၏။

“ဟာ. . ဟုတ်ပြီ၊ ဇင်မာ. . နင် ငါတို့လေးယောက်အတွက် ဘုံနာမည်ကို တကူးတက စဉ်းစားမနေနဲ့တော့၊ အဲဒီနာမည်လေးကိုပဲ သုံးလိုက်မယ်”

ခင့်စကားကြောင့် ဇင်မာဝေသည် မျက်နှာတစ်ချက်ပျက်သွားသော်လည်း ချက်ချင်းပင် အမြန်ကြွေဆယ်လိုက်သည်။ သို့သော် ငုဝါက ထိုအဖြစ်ကို မြင်ထားနှင့်ပြီး ဖြစ်လေသည်။ ငုဝါက ခင့်ကို ဝင်ရောက် ကန့်ကွက်၏။

“ခင်ရယ်. . . နင်ကလဲ ‘ရှက်ပြေး’ ဆိုတာ ဇင်မာ စာရေးဖို့

http://www.cherrythitsar.org


ရွေးထားတဲ့ ကလောင်နာမည်ကြီးကို. . ။သူလဲ ဘယ်ပေးချင်ပါ့မလဲ၊ နှာမြောမှာပေါ့. . တခြားတစ်ခု ထပ်စဉ်းစားခိုင်းဟာ”

ငုဝါစကားကြောင့် ခင်နှင့် ဇင်မာဝေတို့သည် တစ်ယောက်နှင့်တစ်ယောက် ပြိုင်တူကြည့်လိုက်မိကြသည်။

ခဏမျှကြာတော့ ဇင်မာဝေဆီမှ စကားသံများ အလျင်စလိုထွက်လာ၏။

“ရပါတယ် ငုဝါရဲ့. . ခင်က အဲဒီနာမည်ကို သဘောကျလို့လား၊ ခင် သဘောကျရင် သုံးပေါ့၊ အဲဒီနာမည်က ငါ့ကလောင်နာမည်ဆိုပေမယ့် ငါက တစ်ခါမှ ပုံနှိပ်ဖူးသေးတာမှမဟုတ်ဘဲ၊ ပြီးတော့. . ဒီနာမည်က ငါတို့သူငယ်ချင်းလေးယောက်ရဲ့ဘုံနာမည် အဖြစ် သုံးမှာပဲ၊ ငါက ဘာ သဘောမတူစရာရှိလဲ၊ ငါ့ကလောင် နာမည်ကတော့ တခြားတစ်မျိုး ထပ်စဉ်းစားလိုက်မယ်လေ”

ဇင်မာဝေ စကားကြောင့် ခင်က ဝမ်းသာသွားပုံပေါ်သည်။ ဒါပေမယ့် ထိုဝမ်းသာမှုကို မျက်နှာပေါ်ရောက်မလာစေရန် ကြိုးစားကြည့်သေးသော်လည်း မရ။ ခင့်မျက်နှာသည် ကျေနပ်မှုအပြည့်ဖြင့်ဝင်းပနေ၏။

“ကျေးဇူးပါပဲ ဇင်မာရာ. . ဒါဆိုရင် ရှက်ပြေးဆိုတဲ့ နာမည်

http://www.cherrythitsar.org


က ငါတို့ လေးယောက်စလုံးရဲ့ ဘုံနာမည် ဖြစ်သွားပြီ၊ ဒါပေမယ့်. . . သူရရဲ့ချစ်သူ ဘယ်သူဖြစ်မလဲဆိုတာ ငါတို့ မဲနှိုက်ပြီး ဆုံးဖြတ်ကြမယ်၊ ကဲ. . . နေခြည်၊ နင် မဲလိပ်လေးလိပ်လုပ်ဟာ၊ ပြီးတော့ မဲလိပ်တစ်ခုမှာ ရှက်ပြေးလို့ရေးလိုက်. . . ကျန်တဲ့ သုံးလိပ်မှာ အလွတ်ထား”

နေခြည်ကျော်က ခင့်စကားကြောင့် အနီးရှိ စာအုပ်တစ်အုပ်မှ စာရွက်တစ်ရွက်ကို ဖြဲကာ မဲလိပ်လေးလိပ်ကို လုပ်သည်။ ခဏကြာတော့ နေခြည်ကျော်၏ မဲလိပ်များသည် နှိုက်ရန် အသင့်အထားကို ရောက်လာ၏။ ခင်က ခပ်မြုံးမြုံးပုံစံနှင့် ဘာကိုမှ အလေးအနက်မရှိသလို လက်ဖက်သုပ်ကို စားနေသည်။

ဇင်မာဝေသည် စိတ်ထဲတွင် မှိုင်တွေငေးငိုင်နေပြီး သူရကို မဲလိပ်နှိုက်ဖို့ ပြင်ဆင်နေသော သူငယ်ချင်းများအား တားမြစ်ဖို့ ခက်နေ၏။

သူ့မျက်ဝန်းထဲတွင် ရုတ်တရက် သူရ၏ ဟန်ပန်အမူအရာများက ပေါ်လာပြန်သည်။ ဇင်မာဝေက သူ့မျက်လုံးတွေကို မှိတ်ထားမိ၏။

“ကဲ. . မဲလိပ်တွေပြီးပြီ၊ ဘယ်သူအရင်နှိုက်မှာလဲ”

နေခြည်ကျော်အသံကြောင့် အားလုံး၏လှုပ်ရှားမှုများသည် တန့်ကနဲ ငြိမ်သက်သွားကြသည်။ ပြီးမှ ထုံးစံတစ်ခုလို ခင်ကပင် ဒီကိစ္စကို စီမံခန့်ခွဲပြန်၏။

"ဒါဆိုရင် ဇင်မာ အရင်ဦးဆုံးနှိုက်၊ ပြီးရင် ငုဝါ၊ နောက် နေခြည်၊ ငါကတော့ နောက်ဆုံးမှ နှိုက်မယ်"

ခင့်ဆုံးဖြတ်ချက်စကားက အတည်မို့ မဲလိပ်လေးလိပ်ထည့်ထားသော ဗူးလေးက ပထမဦးဆုံး ဇင်မာဝေဆီ ရောက်လာသည်။ ဇင်မာဝေက. .

"နေဦး ခင်၊ မဲမနှိုက်ခင် မရှင်းတာတစ်ခုမေးချင်လို့"

"မေးလေ. . . ဇင်မာရဲ့. . မေး. . . "

ဒီလိုဟာ. . အခု ငါတို့ ရှက်ပြေးဆိုတဲ့ ဘုံနာမည်ကို မဲနှိုက်ကြည့်တာတော့ ဟုတ်ပါပြီ၊ ဥပမာဟာ ငုဝါက အဲဒီနာမည်ကိုမဲပေါက်သွားပြီ ဆိုပါတော့. . အဲဒီအခါ သူရကို ပိုင်ဆိုင်ခွင့်ရမယ်၊ ဒါပေမယ့်. . . သူရကို ဘယ်လိုပုံစံမျိုးနဲ့ ဒီကိစ္စကို အသိပေးမှာလဲ"

"အေး. . ဟုတ်တယ်၊ ဇင်မာ မေးတာ မှန်တယ်၊ အဲဒီကိစ္စကိုငါတို့လဲ မရှင်းဘူး"

ငုဝါက ပြောတော့ ခင်က ခန္ဓာကိုယ်ကို လှုပ်ရမ်းရင်း ရယ်လေသည်။

"ဒီလိုလေဟာ. . သူရကို ငါတို့က ပထမဦးဆုံး တစ်ဖွဲ့လုံးနဲ့ ခင်မင်ရင်းနှီးအောင် လုပ်ရမယ်၊ ပြီးတော့ သူရကို ရှက်ပြေး

http://www.cherrythitsar.org


ဆိုတဲ့ ကောင်မလေးတစ်ယောက်က ကြိုက်နေကြောင်း ပြော ပြမယ်၊ သူက ဘယ်သူလဲလို့ မေးလာတဲ့အခါ ငါတို့က ဘယ် သူဆိုတာ ပြောမပြဘူး၊ အဲဒီ ရှက်ပြေးဆိုတာ ငါတို့အုပ်စုထဲ မှာရှိတယ်၊ သူ့ဘာသာသူ ခန့်မှန်းခြေနဲ့ ဘယ်သူဖြစ်နိုင်မလဲ လို့ အဖြေရှာခိုင်းမယ်၊ ဒါပေမယ့်. . . ငါတို့လေးယောက်စလုံးက စည်းကမ်းတစ်ခု ရှိရမယ်၊ ငါတို့အချင်းချင်း လိုက်နာရမယ့် စည်းကမ်းပေါ့ပါဟာ. . အဲဒါက ဘာလဲဆိုတော့ ရှက်ပြေးအဖြစ် မဲပေါက်ထားတဲ့လူကို သူရနဲ့ပတ်သက်တဲ့ ကိစ္စမှန်သမျှကို မခြွင်းမချန် အသိပေးရမယ်၊ ကျန်တာကတော့ သူရရဲ့ သဘော တူညီမှုအပိုင်းပဲ၊ ကဲ. . ဘာမရှင်းတာရှိသေးလဲ”

နေခြည်ကျော်က. .

“ဟုတ်ပြီ. . ဟုတ်ပြီ၊ ကဲ. . ဇင်မာ နင် စပြီးတော့နှိုက်”

ဇင်မာဝေက မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မဲလိပ် တစ်ခုကို နှိုက်ယူလိုက်ပါသည်။ ပြီးတော့. . . မဲလိပ်ကို မဖွင့်သေးဘဲ ရင်ခုန်စွာ လှည့်ပတ်ကြည့်နေမိ၏။

ငုဝါကလည်း မဲလိပ်တစ်လိပ်၊ နေခြည်ကျော်ကလည်း မဲလိပ် တစ်လိပ်။

နောက်ဆုံးကျမှ ကျန်ရစ်သော မဲလိပ်ကို ခင်က ယူလိုက်သည်။

ငုဝါနှင့် နေခြည်ကျော်တို့သည် သူတို့၏ မဲလိပ်များကို အလျင်စလိုပင် ဖွင့်လိုက်ကြသည်။ နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ပြိုင်တူကြည့်မိကြ၏။ အဖြေက နှစ်ယောက်စလုံး ဗလာ။

"ငါတို့နှစ်ယောက်တော့ သွားပြီ၊ ဟဲ့. . ဇင်မာ နင့်မဲလိပ်က ဘာတဲ့လဲ"

"မသိသေးပါဘူးဟယ်၊ ငါ ရင်တွေခုန်နေပြီး ဖွင့်မကြည့်ရဲဘူးဟ"

"ဟယ်. . မိန်းမ၊ ရှိုးမလိုလို ဘာလိုလိုနဲ့၊ အခုတော့ မဲလိပ်ဖွင့်ကြည့်ရမှာတောင် ရင်တွေခုန်နေလို့တဲ့၊ ဟား. . ဟား. . "

ငုဝါက အသံထွက်ရယ်မောရင်းနှင့် ခင့်ကို လှမ်းကြည့်လိုက်သည်။

"ခင်. . နင်ရော ကြည့်ပြီးပြီလား၊ အခြေအနေ ဘယ်လိုလဲ"

"အေး. . . ငါလဲ ဖွင့်မကြည့်ရဲဘူး ဖြစ်နေတာ ငုဝါရဲ့၊ နင်ဖွင့်ကြည့်ပေးပါလား"

"ရပါတယ်ဟာ. . ပေး. . ခင်. . ငါ ကြည့်ပေးမယ်"

ငုဝါက ခင် လှမ်းပေးသော မဲလိပ်ကို ခပ်မြန်မြန်ပင် ဖွင့်ကြည့်လိုက်ပါသည်။ ခင်လည်း ဗလာ။ အခုတော့. . . အားလုံးအဖြေပေါ်သွားပြီ။

http://www.cherrythitsar.org


ခင်သည် ဣန္ဒြေဆည်မရအောင် မျက်နှာပျက်သွား၏။

ဒီတော့မှ ဇင်မာဝေကလည်း သူ့ထက်ထဲမှ မဲလိပ်လေးကို ဖွင့်ကြည့်ရတော့သည်။ မဲလိပ်စက္ကူပေါ်တွင် ရှက်ပြေး ဆိုသည့် နေခြည်ကျော်၏ လက်ရေးဝိုင်းဝိုင်းလေးတွေက ဇင်မာဝေ ဝမ်းသာမှုကို မီးပင့်ပေးနေ၏။

ကိုယ့်နာမည်ကိုယ် ပြန်ပိုင်သွားတာပေါ့ဟု ငုဝါက ပြောတော့ အားလုံး ရယ်ဖြစ်ကြသည်။ သို့သော် ခင့်ရယ်သံတို့က အသက်မဲ့လွန်းသည်။

ခင်သည် ဇင်မာဝေကို လက်ကမ်းပေးလိုက်သည်။

"ကွန်ဂရက်ကျူလေးရှင်းပါ ဇင်မာ. . . "

ဇင်မာဝေသည် တုန်ရီနေသောလက်များဖြင့် ခင့်လက်ကို ပြန်နှုတ်ဆက်လိုက်ပါသည်။

လက်ဆွဲနှုတ်ဆက်နေကြသော မိန်းမနှစ်ယောက်၏ တင်းမာပြတ်တောက်မှုသည် အဲဒီအချိန်ကတည်းကပင် စတင်ခဲ့လေသည်။

✸✸✸

အဓိပတိလမ်းပေါ်တွင် ဆောင်း၏မြူတွေက ဝေ့ဆိုင်းနေကြ၏။ ငြိမ်းချမ်းမှုသည် လူတစ်ယောက်ချင်းစီ၏ ချစ်ခြင်းမေတ္တာနှင့် ဘယ်လိုပတ်သက်နေသလဲဆိုတာ သူရ သိချင်နေမိ၏။

ဒီအချိန်တွင် သူရက ခင်ဆိုသော သတ္တိကောင်းသည့် မိန်းမတစ်ယောက်ကို တွေ့ဆုံဖို့ ဆန္ဒရှိနေ၏။

အဲဒီ ခင်ဆိုသည့် မိန်းမ၏ ရဲတင်းသောအပြုအမူများကို သူရက မက်မောနေတော့သည်။ သူက ဘဝမှာ ကိုယ့်စိတ်ဆန္ဒကို ပေါ်ပေါ်ထင်ထင် ပြရဲသော မိန်းမတစ်ယောက်အား ပထမဆုံးအကြိမ် မြင်ဖူးသည်မို့ သူ့အတွက် ထူးခြားနေတာလည်း ဖြစ်နိုင်ပါသည်။ ထိုမိန်းမ၏ နှုတ်ခမ်းများက သူရအား ဆွဲဆောင်ထားနိုင်ခဲ့၏။

http://www.cherrythitsar.org


နေရောင်ခြည်သည် အလင်းနုနုကို သယ်ဆောင်လျက် ကမ္ဘာမြေပေါ် ထိုးထွင်းရောက်ရှိလာသည်။

ရုတ်တရက် ချောကလက်ရနံ့နှင့်တူသော အသံတစ်ခုက သူရကိုယ်ပေါ်သို့ ခုန်အုပ်လိုက်ပါသည်။

"ဟော့. . သူရ၊ တစ်ယောက်ထဲ အစောကြီး ဘာတွေ ငေးနေတာလဲ"

ဖျတ်ကနဲသူ့အကြည့်များတွင် အံ့ဩမှုတွေကဖြန့်ကျဲသွား၏။

ခင်. . . ။

သိပ်ရဲတင်းပွင့်လင်းသူ။

အချစ်၏ ဖျောက်ကွယ်ထားစရာမလိုသော မျက်ဝန်းများ။

အခုလေးတင် သူ့အကြောင်းတွေကို သူရ စဉ်းစားရင်ခုန်နေမိသေးသည်။ အခုတော့ သူက ဘေးနားကို ရောက်လာပြီ။ဒါ. . . တိုက်ဆိုင်မှုတစ်ခုလို့ သူရ မယုံချင်ပါ။ တိုက်ဆိုင်မှုတိုင်းသာ ခံစားမှုနှင့် ထပ်တူကျနေလျှင် လူ့ဘဝသည် ဘယ်လောက် ပျော်ရွှင်စရာကောင်းလိမ့်မည်နည်း။

"ဟုတ်တယ်. . . ကျွန်တော်က ဒီနေ့မနက် လှည်းတန်းမှာ အင်္ဂလိပ်စာသင်တန်းတစ်ခု ရှိတယ်လေ၊ အဲဒါ သင်တန်းချိန်က စောစောပြီးနေတော့ ကျောင်းထဲကို တစ်ခါထဲ ရောက်လာခဲ့တာ၊ ဒါနဲ့. . . ခင်ကရော"

"ခင်က ဒီနေ့မနက် ဖေဖေနဲ့ ရန်ဖြစ်ပြီး ကျောင်းကို တမင် အစောကြီး ရောက်လာတာ၊ ဖေဖေက ကျောင်းအစောကြီး သွားတာ မကြိုက်ဘူးလေ၊ အဲဒါ စိတ်ကောက်ကြောင်းပြတဲ့အနေနဲ့ ခင်က ကျောင်းကိုအစောကြီးထွက်လာတာ၊ သူရကိုမြင်တော့ ယုံတောင်မယုံဘူး၊ ဒါ. . . တိုက်ဆိုင်ပြီး တွေ့ကြတာ"

"ဟုတ်ပါတယ်. . ကျွန်တော်လဲ တိုက်ဆိုင်တတ်တဲ့ ကံကြမ္မာကို ဒီတစ်ခါပဲ ကျေးဇူးတင်ဖူးတယ်"

သူရ၏ ထိုစကားကြောင့် ခင်က ရင်တွေတလှပ်လှပ် ခုန်နေ၏။ ဒီကြားထဲ သူ့အဖြစ်အပျက်တွေကို သူရ မသိအောင် ဟန်ဆောင်ကာကွယ်ထားရပြန်သည်။

"အခု. . . သူရ ဘယ်ကိုသွားမယ်လို့ စိတ်ကူးထားလို့လဲ"

"အမှန်အတိုင်းပြောရရင် ကျွန်တော်က ခင့်အကြောင်းတွေကို စိတ်ကူးနေတာ"

"ဘာဖြစ်လို့. ."

"ဘာကြောင့်လဲဆိုတာကိုတော့ ကျွန်တော်ကိုယ်တိုင်လဲ မသိဘူး၊ ခင့်အကြောင်းလဲ ကျွန်တော်ကဘာမှမသိဘဲနဲ့ လျှောက်ပြီး စိတ်ကူးယဉ်နေတာ. . ရယ်ရတယ် သိလား"

"ဟင်း. . ဟင်း. . ဟင်း. . သူရရယ်. . ဖြစ်မှဖြစ်ရလေ၊ ဒါနဲ့

http://www.cherrythitsar.org


သူရအခုအားရင်လိုင်ဗရီ (Library) ထဲလိုက်ခဲ့ပါလား၊ ဒီအချိန် ကန်တင်းသွားရင် ဘယ်သူမှ ရောက်ဦးမှာမဟုတ်သေးဘူး၊အပျင်းပြေပေါ့. . . ပြီးတော့မှခင်တို့ကန်တင်းကို အတူသွားကြမယ်လေ၊ အဲဒီကျရင် ဟိုကောင်တွေနဲ့မိတ်ဆက်ပေးမယ်"

"သွားလေ. . ခင့်သဘောပဲ"

ဒီလိုနှင့် နှစ်ယောက်သား တက္ကသိုလ်ဗဟိုစာကြည့်တိုက်ဆီသို့ ရောက်လာကြသည်။ မနက်စောလွန်းသေးသဖြင့် စာကြည့်တိုက်ဝန်ထမ်းတွေပင် မရောက်ကြသေး။

ခင်က သူ့လွယ်အိတ်ထဲမှ စာအုပ်နှစ်အုပ်ကိုထုတ်၍ တစ်အုပ်ထဲမှ စာတွေကို တစ်အုပ်ထဲသို့ ကူးရေးနေသည်။ သူရက ခင့်ဘေးတွင် တိတ်ဆိတ်စွာ ထိုင်နေလျက် မှားယွင်းစွာ အသက်ရှူနေမိ၏။ ဆယ့်ငါးမိနစ်ခန့် ကြာသွားပြီ။

လူခြေတိတ်ဆိတ်သော စာကြည့်တိုက်၏ အခြေအနေတို့ကြောင့်လည်းကောင်း၊ စာကြည့်စားပွဲရှေ့တွင် တစ်ယောက်နှင့် တစ်ယောက်အနှောင့်အယှက်မဖြစ်အောင် ကာထားသော အကာအကွယ်များကြောင့်လည်းကောင်း သူတို့နှစ်ယောက်စလုံး စိတ်လှုပ်ရှားလာသည်။

"စာကူးရတာ ညောင်းလိုက်တာ သူရရယ်. . . ခင့်ကို နည်းနည်းလောက် ဝိုင်းကူးပေးပါလား"

http://www.cherrythitsar.org


"ရပါတယ် ခင်ရဲ့. . ပေးလေ"

ခင်က သူရကို စာအုပ်တွေ ထိုးပေးလိုက်ပြီး ငြိမ်သက်မှုအရသာကို ခံစားနေမိတော့သည်။

စာကူးနေသော သူရကိုလည်း ခိုးကြည့်မိ၏။ သူရသည် ခင့်အတွက် သိမ်မွေ့သော စာမျက်နှာများဖြစ်နေသည်။

ခဏမျှကြာတော့ ခင်သည် စာကြည့်တိုက်နံရံများပေါ်မှ စာတမ်းတို့ကို လှောက်ကြည့်မိပြန်သည်။

ဆေးလိပ်မသောက်ရ။

စကားကျယ်ကျယ်မပြောရ။

အစားအသောက်များ စားသောက်ခြင်းမပြုရ။

နှစ်ယောက်တွဲမထိုင်ရ။

ထိုနောက်ဆုံး 'နှစ်ယောက်တွဲမထိုင်ရ' ဆိုသည့် စည်းကမ်းကို ခင်က ဖတ်လိုက်ပြီးသောအခါ ရယ်ချင်မိသွား၏။

အခုတော့ သူရနှင့်သူသည် အဲဒီစည်းကမ်းကို ဖောက်ဖျက်ကာ စာကြည့်တိုက်ထဲမှာ နှစ်ယောက်တွဲထိုင်နေမိပြီ မဟုတ်လား။ တခြားလူတွေမရှိလို့သာ တော်တော့သည်။

"ခင်. . ဒီအထိ ကူးရမှာမဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမယ့် သူရ ကူးနိုင်သလောက်ပဲ ကူးပါ၊

http://www.cherrythitsar.org


ကင်တင်းပြန်ရောက်မှ ဟိုကောင်တွေကို မုန့်ကျွေးပြီး ကူးခိုင်းမလို့၊ ခင်က ပြီးခဲ့တဲ့အပတ်တုန်းကနေမကောင်းလို့ တစ်ပတ်လုံး ကျောင်းမတက်ဘူးလေ"

"ဒါဆို ခင့်စာကို ကျွန်တော်လဲ ကူးပေးတာပဲ၊ ကျွန်တော့်ကိုရော ဘာကျွေးမှာလဲ"

"သူရက ဘာစားချင်လို့လဲ"

"ခင် ခွံ့ကျွေးတဲ့ ရေခဲမုန့်"

ရုတ်တရက်တော့ သူရ၏ ခပ်ရွှတ်ရွှတ်စကားကြောင့် ခင်က ရှက်သွားဟန်ဖြင့် ရယ်လေသည်။ ပြီးမှ ခင်က စဉ်းစားသလို လုပ်နေပြီး. . .

"သူရက ခင် ခွံ့ကျွေးတာကို တကယ်စားရဲလို့လား"

"အိုး. . သိပ်စားရဲတာပေါ့"

ထိုအခါ ခင်က လက်ညှိုးလေးထောင်ပြီး ထပ်ပြောသည်။

"လူတွေကြားထဲမှာ စားရမှာနော်"

"အိုကေ. . ဖြစ်ပါတယ်"

ပြောပြီး နှစ်ယောက်သား ပြိုင်တူရယ်မောမိကြ၏။ လူခြေတိတ်ဆိတ်သော စာကြည့်တိုက်ထဲတွင် သူတို့၏ရယ်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

http://www.cherrythitsar.org


ထိုအချက်ကို နှစ်ယောက်စလုံး သတိထားမိသွားပြီး တိုးတိုးဆိုသည့်သဘော။ လက်ညှိုးကိုယ်စီ နှုတ်ခမ်းထိပ်တွင် ထိလိုက်ကြသည်။

ခင့်မျက်နှာတွင် ကျေနပ်မှုတို့ဖြင့် ရွှန်းလဲ့နေ၏။

ခဏကြာတော့ ခင်ရော သူရပါ ကန်တင်းသို့ ထွက်လာခဲ့ကြသည်။

လမ်းတစ်လျှောက်တွင် နံနက်ခင်း၏ လတ်ဆတ်မှုတို့က တောက်ပလျက်ရှိသည်။ ထို့နောက် ထုံးစံအတိုင်း သူငယ်ချင်းများနှင့် စုရုံးထိုင်နေကျ "ရွှေ" ဆိုင်ကို ရောက်လာသည်။ သူတို့နှစ်ယောက်ကို တွဲလျက်မြင်ရတော့ ကျန်သူများအားလုံး အံ့အားသင့် နေကြပြီး ဇင်မာဝေက မျက်နှာပျက်သွားလေသည်။

ရွှေနှင့်ကပ်လျက် မေတ္တာမိုးအအေးဆိုင်တွင် ထိုင်နေသော ကိုမော်က သူရကို ခင်ကဲ့သို့ ကောင်မလေးနှင့်တွဲကာ မြင်ရသဖြင့် ထူးဆန်းနေမိ၏။ သူရက ကိုမော်ကို မမြင်။

ကိုမော်က အခြေအနေကို သိချင်သဖြင့် ထမနှုတ်ဆက်ဘဲ အဝေးမှသာ အကဲခတ်နေသည်။

သူရနှင့် ခင်တို့သည် "ရွှေ" ဆိုင်ရှိ ခင့်သူငယ်ချင်းတွေဝိုင်းမှာ ဝင်ထိုင်လိုက်ကြ၏။

http://www.cherrythitsar.org


"ကဲ. . သူရ၊  ဒါက ခင့်သူငယ်ချင်းတွေလေ၊ သူက ငုဝါတဲ့၊ သူက နေခြည်ကျော်၊ သူက ဇင်မာဝေတဲ့၊ မှတ်ထားနော်. . ၊ ဒါက သူရတဲ့"

"ဟုတ်ကဲ့. . တွေ့ရတာဝမ်းသာပါတယ်၊ ဟိုတစ်နေ့ကတည်းက ကျွန်တော်. . . ခင်ဗျားတို့အဖွဲ့ကို သတိထားမိတာ"

ငုဝါက ဝင်နောက်၏။

"ဟုတ်ပါတယ်. . ကျွန်မတို့လဲ အဲဒီနေ့ကတည်းက ဒိန်ချဉ်ခွက်ကြီး မှောက်ကျသွားလို့ သတိထားမိပါတယ်"

ငုဝါစကားကြောင့် ခင်က ငုဝါပေါင်ကို ဆွဲဆိတ်လိုက်၏။ ငုဝါမျက်နှာသည် နာကျင်စွာ ရှုံ့မဲ့သွားသည်။

သူရက ငုဝါ၏ဆိုလိုသည့်အချက်ကို သိသွားပြီး အရှက်ပြေ ရယ်ပစ်လိုက်၏။ ဒီတော့. . . အားလုံး ရယ်မောဖြစ်ကြသည်။

ထိုအချိန်တွင်မှ တစ်ဘက်ဆိုင်တွင် တစ်ယောက်တည်း ထိုင်နေသော ကိုမော်က ထလာသည်။ သူရသည် ကိုမော်ကို မမြင်ခဲ့ခြင်းအတွက် အားနာမဆုံးတော့. . .။ ကိုမော့်ကို ဒီဘက်ဆိုင်သို့ ခေါ်လာပြီး ခင်တို့အုပ်စုနှင့် အတင်းမိတ်ဆက်ပေး၏။

သိပ်မကြာခင်မှာပင် သူတို့အားလုံးသည် တစ်ယောက်အကြောင်းတစ်ယောက် မေးမြန်းကြရင်းနှင့် ငယ်သူငယ်ချင်းများကဲ့

သို့ ရင်းနှီးသွားကြသည်။ အထူးသဖြင့် ခင်နှင့် သူရတို့၏ ပွင့်လင်း နွေးထွေးသော ဆက်ဆံရေးကို မြင်ရသဖြင့် ဇင်မာဝေက ဝမ်းနည်း နာကျင်နေမိသည်။ ဇင်မာဝေသည် သူတို့ဝိုင်းထဲတွင် စကားသိပ်မပြော။ ဒါပေမယ့်. . . ဝိုင်းထဲ၌ သူရနှင့် မျက်လုံးချင်း မတော်တဆ ဆုံမိချိန် များတွင်တော့ ဇင်မာဝေ ရင်ခုန်မိပါသည်။

ဒါဟာ. . . မိန်းကလေးတစ်ယောက်အနေနဲ့ သိပ်ဆိုးတဲ့ကိစ္စပဲ ကွယ်. . .။

နေနည်းနည်းမြင့်လာသောအခါ ရေခဲမုန့်သည် ရောက်လာ၏။ ခင်သည် သူရကို မျက်လုံးပင့်၍ ဘယ်လိုလဲဆိုသည့် အဓိပ္ပာယ် နှင့် ကြည့်သည်။ သူရက အိုကေဟု အချက်ပြန်ပြ၏။ ခင်က ချက်ချင်း ရေခဲမုန့်သည်ကို ရေခဲမုန့်တစ်ခွက် လှမ်းမှာလိုက်သည်။ ခဏအတွင်း မှာ ရေခဲမုန့်တစ်ခွက်က ခင့်လက်ထဲသို့ ရောက်လာ၏။

"သူရ ပါးစပ်ဟ. . ."

သူရက ပါးစပ်ကို ဟသည်။ ကျန်လူတွေကပါ ပါးစပ်လိုက်ဟ ကြကုန်သည်။ သို့သော် သူရက ခင် ခွံ့ကျွေးသောရေခဲမုန့်ကို စားဖို့ ဖြစ်သည်။ ကျန်လူတွေက အံ့ဩသည့်သဘောဖြင့် ပါးစပ်အဟောင်း သားဖြစ်ကုန်ကြခြင်း ဖြစ်သည်။

တစ်ဇွန်းပြီးတော့ နောက်တစ်ဇွန်းကို ခင်က ထပ်ခွံ့ကျွေး၏။

http://www.cherrythitsar.org


ပြီးတော့. . . နောက်ထပ် တစ်ဇွန်း။

ဒီလိုနှင့် ရေခဲမုန့်တစ်ခွက်လုံး ကုန်သွားသည်အထိ ခင်က သူရကို တစ်ဇွန်းပြီးတစ်ဇွန်း ခွံ့ကျွေးနေသည်။

ကျန်တဲ့လူတွေက အကျိုးအကြောင်း ဘာမှမသိရဘဲ အံ့ဩလျက်ရှိလေသည်။

ရေခဲမုန့် ကုန်သွားသောအခါတွင်မှ ခင်က အားလုံးကို ရှင်းပြသည်။ သူရက နှုတ်ခမ်းတစ်ဝိုက်တွင် ပေကျံနေသော ရေခဲမုန့်အကြွင်းအကျန်များကို တစ်ရှူးစနှင့် သုတ်ပစ်လိုက်သည်။

"ဒီလိုဟ. . စောစောတုန်းက library ထဲမှာ သူရက ငါ့ကို စာကူးပေးတယ်ဟာ. . အဲဒါ. . . ငါက သူ့ကို ကျေးဇူးတုံ့ပြန်တဲ့ အနေနဲ့ ရေခဲမုန့်ကျွေးတာ"

"ဟုတ်ပါပြီ ခင်ရဲ့၊ ရေခဲမုန့်ကျွေးတာ ဝယ်ကျွေးရင် တော်ရောပေါ့၊ တစ်ပွဲလုံးကုန်အောင် ခွံ့ကျွေးတာကျတော့. . "

ငုဝါက သူ့စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားလိုက်၏။ မျက်နှာကလည်း နည်းနည်းတင်းနေသည်။ ညတုန်းက အားလုံးရှေ့မှာ ဆုံးဖြတ်ထားသည့် သဘောတူညီမှုကို ခင်က စပြီး ချိုးဖောက်သဖြင့် မကျေမနပ်ဖြစ်နေပုံရသည်။

သူရက မိန်းကလေးတွေအချင်းချင်း ပဋိပက္ခကို သူနှင့် ဘာမှ

မဆိုင်သလို အူကြောင်ကြောင်ပုံစံနှင့် လျှောက်ကြည့်နေသည်။ အဲဒီမှာ သူရသည် ညှိုးငယ်ဝမ်းနည်းနေသော ဇင်မာဝေကို မြင်တွေ့သွား၏။

အဲဒီမိန်းကလေးရဲ့ မျက်လုံးတွေက ကိုယ့်ကိုယ်ကို သိမ်ငယ်စိတ်ရှိသောမျက်လုံးများ. . ။ ထိုမျက်လုံးတွေက သူရကို မဝံ့မရဲနှင့် ခိုးကြည့်နေသည်။ ထိုအခြေအနေမှာ နေခြည်ကျော်က ပွဲဝင်ထိန်းသည့် သဘောဖြင့် ညတုန်းက သဘောတူညီမှုကို သူရအား အသိပေးရန် ကြိုးစားလိုက်၏။

"ဩော်. . သူရကို ပြောစရာရှိတယ်၊ ဟဲ့. . ငါပြောလိုက်မယ်နော်"

နေခြည်ကျော်က ပြောရင်းနှင့် ခင့်ဆီက အတည်ပြုချက်ကို လှမ်းယူလိုက်ရသေးသည်။ ခင်က ခေါင်းညိတ်ပြမှ နေခြည်ကျော်က ဆက်ပြော၏။

"ကျွန်မတို့ သူငယ်ချင်းလေးယောက်ထဲမှာ ရှက်ပြေးဆိုတဲ့ နာမည်တစ်ခုရှိတယ် သူရရဲ့"

"အဲဒီတော့. . "

သူရ စကားဝင်ထောက်ပေးသည်။ သူ့မျက်နှာသည် စိတ်ဝင်စားမှုများနှင့် ပြည့်လျှံနေ၏။ သူတင်မဟုတ်ဘဲ ကိုမော်ကလည်း စိတ်ဝင်စားနေ၏။

http://www.cherrythitsar.org


နေခြည်ကျော်က စကားကို ဆက်ပြောသည်။

"အဲဒီတော့ သူရရယ်. . အဲဒီ ရှက်ပြေးက သူရကို စိတ်ဝင်စားနေတယ်၊"

နေခြည်ကျော့်စကားအဆုံးတွင် သူရသည် ပထမ အံ့သြနေရာမှ အနည်းငယ် မြောက်ကြွမြောက်ကြွ ဖြစ်သွားသည်။

စိတ်ထဲတွင်လည်း ရယ်ချင်နေပြီး ထိုအခြေအနေကို သူရက ရှက်ကိုးရှက်ကန်း ဖြစ်နေလေသည်။

"ဟိုဗျာ. . ဟိုဒင်းလေ. . . "

ကိုမော်အပါအဝင် အားလုံးက သူရကိုကြည့်ပြီး ဝိုင်းရယ်ကြသည်။ သို့သော် ဇင်မာဝေကတော့ အဲဒီဝိုင်းလှောင်ကြသူများထဲတွင်မပါ။ ရီဝေသော ခပ်ဆွေးဆွေး မျက်လုံးများကိုသာ အမှတ်တရဖြစ်အောင် သူက လိုက်ကြည့်နေမိသည်။

"ကျွန်တော့်ကို အဲဒီလိုတော့ မနောက်ကြပါနဲ့ဗျာ၊ မဖြစ်နိုင်တဲ့ ကိစ္စကြီးကို. . "

“ရော်. . မနောက်ပါဘူး သူရရဲ့၊ တကယ်ပြောနေတာ”

သူရ၏မျက်နှာသည် ရဲတွတ်နေပြီး အနေရခက်နေသည်။ ပြောခါမှ ပို၍ဆိုးနေတော့၏။ သူရက မျက်နှာကို ခပ်တည်တည် ပြန်ဖြစ်အောင် ကြိုးစားလိုက်သည်။ ကောင်မလေး လေးယောက်စလုံး ၏ မျက်နှာတွေကို တစ်ယောက်ချင်း သေချာစိုက်ကြည့်ပြန်သည်။

အားလုံး၏ မျက်နှာရိပ် မျက်နှာကဲများက နေခြည်ကျော် စကားကို အတည်ဖြစ်ကြောင်း ဖော်ပြနေကြသည်။ သူရသည် အံ့သြမှု ကို လုံခြုံအောင် ဖုံးကွယ်ထားနိုင်ခြင်းမရှိဘဲ သူ့ပျော်ရွှင်ခြင်းကလည်း ကောင်မလေးတွေအတွက် ရိပ်မိစရာ ဖြစ်နေသည်။

သူရက ခင့်မျက်လုံးတွေကို ကြည်နူးလျက်ရှိသည်။ ဒါဟာ ခင် ဆိုတဲ့ မိန်းမရဲ့ ထွင်ကွက်ကလွဲလို့ ဘာဖြစ်နိုင်ဦးမှာလဲ။ သူရသည် ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်စွာ ပြုံးသည်။ ထို့နောက် အားလုံးကို ရည်ရွယ်ပြီး သူက စကားတစ်ခွန်း ပြောလိုက်ပါသည်။

“အိုကေလေ. . .”

http://www.cherrythitsar.org


ခင်သည် ပွဲသိမ်းလိုက်နိုင်သော စစ်သူကြီးတစ်ယောက်လို လုပ်သမျှ၊ကိုင်သမျှ၊ ပြောသမျှ အားလုံး ဝံ့ကြွားလျက်ရှိ၏။

ခဏကြာတော့ ဇော်ထွန်း ရောက်လာ၏။

ဒီတော့မှ သူရနှင့် ကိုမော်တို့က အတန်းတက်စရာရှိ၍ ကန်တင်းမှ ထပြန်ခဲ့သည်။

ထိုနေ့ည ဘီယာဆိုင်တွင် ကိုမော်က သူရကို မှတ်ချက်တစ်ခု ပေး၏။

"မင်းအတွက် သိပ်လှတဲ့ ကစားပွဲတစ်ခု ဖြစ်မှာပါ" တဲ့။

ကစားပွဲ ဆိုသည်မှာ. . .

တစ်ဘက်ကလူ ပြိုင်ဘက်ကောင်း ဖြစ်ဖို့ထက် ကိုယ်က ကစားသမားကောင်းတစ်ယောက်ဖြစ်ဖို့ ပို၍အရေးကြီးပါသည်။

✵✵✵

http://www.cherrythitsar.org

သစ်ရွက်စိမ်းစိမ်းတို့က လေအဝှေ့တွင် လှုပ်ရမ်းသွားကြ၏။ လက်တွေ့ချိန်ရော၊ အတန်းတက်ဖို့ရော မရှိသဖြင့် ဇင်မာဝေ တစ်ယောက် ကျန်သူငယ်ချင်းတွေကို လိုက်ရှာနေမိသည်။

ခင်ကတော့ သူ့ရည်းစား ဇော်ထွန်းနှင့် တစ်နေရာသို့ ရောက်နေပါလိမ့်မည်။ ဒါဆို. . . နေခြည်ကျော်နဲ့ ငုဝါတို့ကရော. . ။ တွေ့မှ သူ့ကို တစ်ယောက်တည်း ထားခဲ့ခြင်းအတွက် စိတ်ကောက်ချင်ယောင်ဆောင်ဦးမှပဲဟု တွေးကာ ဇင်မာဝေ ပျော်သွားမိ၏။

ဆောင်းသည် နံနက် ဆယ်နာရီကျော်လွန်လာခဲ့သည့်တိုင် အအေးဓာတ် လျော့ပါးမသွားဘဲ ချမ်းစိမ့်နေဆဲဖြစ်သည်။ R.C ရှေ့တွင် ယောပုဆိုးအနက်ရောင်၊ လည်ဂတုံးအဖြူရောင်အကျႌတို့ကို ဝတ်ဆင်ထားသည့် လူတစ်ယောက်အား ရုတ်တရက် သူ တွေ့လိုက် ရသည်။

http://www.cherrythitsar.org


ထိုသူကို ဘယ်သူဟု သေသေချာချာ မသိရသေးခင်မှာဘဲ ဇင်မာဝေ ရင်ခုန်မိသွား၏။ သေချာကြည့်တော့မှ အဲဒီလူက သူရ ဖြစ်နေသည်။

အိုး. . . ခက်တော့တာပဲ။

မိန်းကလေးတစ်ယောက်အဖို့ ဒီကိစ္စက အတော်ပင် ဆိုးရွား လေသည်။ ဇင်မာဝေသည် ရှက်ရွံ့စွာ ခေါင်းကိုငုံ့၍ သူရ မတွေ့အောင် ကြိုးစားလိုက်ပါသည်။ ဒါပေမယ့်. . . ကံဆိုးစွာ သူရကလည်း အဲဒီ အချိန်မှာပဲ မြင်သွားခဲ့၏။ မြင်မြင်ချင်းပင် ခင့်သူငယ်ချင်းမှန်း တန်း သိသည်။ သူ့လိုရုပ်မျိုးနှင့် မျက်နှာပေါ်ရှိ မှဲ့များက မြင်ရသူအဖို့ တစ်ခါမြင်ရရုံနှင့် မှတ်မိနေစရာဖြစ်၏။

"ကျွန်တော့်ကို မှတ်မိတယ်မဟုတ်လားဟင်၊ ခင့်သူငယ်ချင်း လေ"

ဇင်မာဝေသည် သူ့ကို စကားလာပြောနေသော သူရအား ရင် ခုန်ရှက်ရွံ့နေပြီး ဘာပြန်ပြောရမှန်းမသိဘဲ ခေါင်းကိုသာ ညိတ်ပြလိုက် မိသည်။ ခြေလှမ်းကိုလည်း ခပ်မှန်မှန်ဆက်လျှောက်လှမ်းနေတော့ ဘေးနားမှာ သူရက ဖြေးဖြေးပင် လိုက်ပါလာသည်။

နေရောင်ခြည်သည် တက္ကသိုလ်စာကြည့်တိုက်အပေါ်ဖက်သို့ မြင့်တက်လာ၏။ နေရှိန်ကလည်း အနည်းငယ် ပြင်းလာသည်။ စော စောတုန်းကလို ချမ်းစိမ့်စိမ့် မဟုတ်တော့။

http://www.cherrythitsar.org


အဓိပတိလမ်းမပေါ်၌ နေရောင်သည် စို့ရွှဲစွာကျနေ၏။

ဇင်မာဝေသည် ဘေးနားတွင်ပါလာသော သူရကို ဘာပြောရမှန်းမသိဘဲ ရင်ခုန်နေတော့သည်။

ထိုစဉ်. . .

"အို. ."

နှစ်ယောက်သား ပြိုင်တူလိုပင် ဇင်မာဝေ၏ ဘယ်ဘက်ခြေထောက်ဆီသို့ ငုံ့ကြည့်လိုက်ပါသည်။ အနက်ရောင်ကတ္တီပါဖိနပ်လေးသည် ခလုတ်တိုက်မိပြီး ပြတ်သွား၏။

"ဒုက္ခပါပဲ. . အဲဒီဖိနပ်က သိပ်ဒုက္ခပေးတာပဲ. . ."

ဇင်မာဝေအသံသည် အရှက်ကြောင့် တုန်ခါတိုးသက်စွာရှိ၏။ သူရသည် ပထမတော့ ရယ်ချင်နေသော်လည်း ဇင်မာဝေ၏ ရှက်နေပုံကို သနားသွားပြီး မရယ်ရက်တော့။

"ဟို. . . ဖိနပ်ပြတ်သွားပြီဆိုတော့ ဘယ်လိုလုပ်မလဲဟင်"

ပြောလိုက်ကာမှ ဇင်မာဝေ ပိုရှက်သွားပြီး မျက်နှာသည် ငိုမဲ့မဲ့ဖြစ်လာသည်။

"ဩော်. . ဒုက္ခပါပဲဗျာ၊ ငိုတော့ မငိုလိုက်ပါနဲ့နော်၊ ကျွန်တော်က တမင်လိုက်နှောင့်ယှက်နေတာ မဟုတ်ပါဘူး"

သူရက အဲဒီလိုပြောတော့ ဇင်မာဝေသည် သူ့ဖိနပ်လေးကို စိတ်ဖြတ်လိုက်ပြီး သူရကို ခေါင်းငဲ့ကြည့်လိုက်ပါ၏။

http://www.cherrythitsar.org


ကောင်လေး၏ပါးပြင်မှာ ရဲတွတ်နေပြီး ယောကျ်ားတစ်ယောက်နှင့် မလိုက်ဖက်အောင် ချောမွတ်လွန်းနေသည်။

"ရပါတယ်. . . ကျွန်မ ဒီအတိုင်းပဲ အဆောင်ရောက်အောင် ပြန်သွားတော့မယ်"

သူရလည်း ဘာမှ ပြန်ပြောခွင့်မသာတော့။ ဇင်မာဝေသည် ကျန်ဖိနပ်တစ်ဖက်ကိုပါ ချွတ်ပစ်လိုက်ပြီး အဓိပတိလမ်းအတိုင်း ခြေဗလာဖြင့် လျှောက်သွားလေသည်။ သူရလည်း ရပ်ပြီးကြည့်နေရုံသာ တတ်နိုင်တော့၏။ ဒါပေမယ့်. . . ကြည့်နေ၍ ခြေလှမ်းသုံးဆယ်ခန့်အရောက်တွင် ဇင်မာဝေ၏ ခြေလှမ်းတို့မှာ ပျက်စပြုလာ၏။ နောက်ထပ်ဆက်လျှောက်ဖို့ အခြေအနေမဟန်တော့ဘဲ အရိပ်ရှိသော ရေတမာပင်တစ်ပင်အောက်သို့ ဇင်မာဝေက အမြန်လျှောက်သွားလိုက်ရသည်။

နေပူရှိန်ကြောင့် အဓိပတိလမ်း၏ ကတ္တရာပေါ်တွင် ဖိနပ်မပါဘဲ သူ ဆက်၍မလျှောက်နိုင်ပေ။ ထိုအချက်ကို နောက်မှ ရပ်ကြည့်နေသော သူရက သဘောပေါက်သွားပြီး ဇင်မာဝေရှိသော ရေတမာပင်အောက်ကို ရောက်လာသည်။

"ခင်ဗျားက ခေါင်းသိပ်မာတာကိုး၊ ကျွန်တော်က တကယ်ရိုးရိုးသားသား အကူအညီပေးမလို့ပါ။ ဒီလောက် နေပူထဲ ခင်ဗျားလမ်းဆက်လျှောက်လို့ဖြစ်မှာမဟုတ်ဘူး၊ ကဲ. . ပြောပါ၊ကျွန်တော် ဘယ်လိုကူညီရမလဲဆိုတာ. . . "

http://www.cherrythitsar.org


ဇင်မာဝေသည် သူရစကားကြောင့် အားတုံ့အားနာ ဖြစ်သွား ပုံရသည်။

“ဟိုလေ. . . ကျွန်မက. . အို. . မပြောတတ်တော့ပါဘူး”

သူရက ဇင်မာဝေ ပြောဟန်ကြောင့် ရယ်မောမိသွား၏။ သိပ် ရိုးသားတဲ့ ကောင်မလေးတစ်ယောက်ပဲလည်း စိတ်ထဲမှာကျိတ်၍ အသိအမှတ်ပြုလိုက်ပါသည်။

“ကဲ. . . မပြောတတ်လဲ ဘာမှမပြောနဲ့တော့၊ ကျွန်တော် ပြော တာနားထောင်”

ဒီတော့. . . ဇင်မာဝေက သူ့ခေါင်းကို ညင်သာစွာညိတ်ပြ၏။

“ဟုတ်ပြီ. . ဒါဆို ကျွန်တော်ပြောမယ်၊ ခင်ဗျားဆီမှာ ပိုက်ဆံ ဘယ်လောက်ပါသလဲ”

သူရစကားကြောင့် ကောင်မလေး မျက်လုံးလေးတွေ ဝိုင်း စက်သွားသည်။

“ရှင်. . ”

“ဩော်. . ဒီလိုပါ၊ အခု. . ခင်ဗျားစီးတဲ့ ဖိနပ်က အနည်းဆုံး ငါးရာလောက်တော့ တန်မှာပဲ၊ ကျွန်တော့်မှာ ပိုက်ဆံ တစ်ရာ ကျော်လောက်ပဲရှိတာဆိုတော့ ခင်ဗျားဖိနပ်ဝယ်ပေးဖို့ လောက် မှာမဟုတ်ဘူးလေ”

http://www.cherrythitsar.org


"ရပါတယ်. . ဝယ်ပေးမနေပါနဲ့. . အားနာစရာ"

"လုပ်ပါဗျာ၊ ဘာမှအားနာမနေနဲ့၊ ခင်ဗျား ဒီနေရာမှာပဲ ထိုင်စောင့်နေ၊ ကျွန်တော် လှည်းတန်းမှာ ဖိနပ်သွားဝယ်ပေး မယ်၊ပိုက်ဆံသာပေးလိုက်"

ဇင်မာဝေသည် သူရကို ထပ်မံငြင်းဆန်ဖို့ မကြိုးစားတော့ဘဲ ပိုက်ဆံငါးရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်၏။

"ဇင်မာ. . ဟုတ်တယ်နော်. . အဲဒီနာမည်"

"ဟုတ်ကဲ့"

"ဇင်မာ့ဖိနပ်က နံပတ်ဘယ်လောက်လဲ"

"ခုနှစ်ပါ"

"ဟုတ်ပြီ. . ဒါဆို ဒီမှာစောင့်နော်၊ ကျွန်တော် သိပ်မကြာ ခင် ပြန်လာခဲ့မယ်"

ဇင်မာဝေသည် ရေတမာပင်အောက်ရှိ ခုံတန်းလေးပေါ်တွင် ထိုင်ရင်း ခေါင်းကိုတစ်ချက်ညိတ်ပြ၏။ သူရက ထိုအပြုအမူကို ပြုံးမိ သွားပြီး ပိုက်ဆံငါးရာကိုယူကာ လှည်းတန်းဖက်သို့ ထွက်လာခဲ့သည်။

သူ လမ်းလျှောက်လာရင်းနှင့် တောင်ငူဆောင်ကန်တင်းထဲကို ရောက်တော့ ခင်တို့နဲ့ တွေ့၏။ ခင့်ဘေးတွင် ဇော်ထွန်းလည်းပါလာ သည်။ ခင်က သူရကိုမြင်တော့ ဇော်ထွန်းနှင့် ခပ်ခွာခွာ ဆက်ဆံသည်။

"သူရ ဘယ်သွားမလို့လဲ"

"လှည်းတန်းဈေးကိုလေ၊ ဪ . . ခင့်သူငယ်ချင်း ဇင်မာလေ . . . ဖိနပ်ပြတ်သွားလို့ အဲဒါ . . . ကျွန်တော်က လှည်းတန်းမှာ ဖိနပ်သွားဝယ်ပေးရမှာ"

"ဟင် . . သူရကလဲ အားနာစရာကြီး"

"ရပါတယ် ခင်ရဲ့၊ ကျွန်တော့်ဘက်က ပြဿနာမရှိပါဘူး"

"ဒါဆို ဒီလိုလုပ်ပါလားသူရ၊ ခင်တို့လည်း အခု လှည်းတန်း သွားမှာပဲ၊ ဇင်မာ့အတွက် ဖိနပ်ဝယ်ပေးဖို့တာဝန်ကို ခင် ယူလိုက်မယ်၊ သူရ သွားစရာရှိတာသွားလေ၊ ဇင်မာက အခု ဘယ်မှာ စောင့်နေတာလဲ"

"စစ်ကိုင်းဆောင်ရှေ့က ရေတမာပင်အောက်မှာ စောင့်နေတယ်၊ ခင့်သူငယ်ချင်းကို ခင် ဝယ်ပေးလိုက်မယ်ဆိုလဲ ရပါတယ်၊ ရော့ . . ဒီမှာ ပိုက်ဆံငါးရာ၊ သူပေးလိုက်တဲ့ ပိုက်ဆံ၊ ဖိနပ်က နံပတ် ခုနှစ်နော်၊ ဒါဆို . . ကျွန်တော် သွားတော့မယ်၊ U . F . L မှာ အသိတစ်ယောက်နဲ့ ချိန်းထားလို့"

"အိုကေ . . အိုကေ"

ဒီလိုနှင့်သူရသည် ဇင်မာဝေအတွက် ဖိနပ်ဝယ်ပေးဖို့တာဝန်အား ခင့်ကိုလွှဲပေးခဲ့ပြီး U . F . L သို့ ထွက်လာခဲ့၏။ နေပူရှိန်က ပို၍ ပူပြင်းနေသလိုပင်။

http://www.cherrythitsar.org


သူရ ထွက်သွားတော့ ခင်က အင်းလျားဘက်သို့ သွားရန် ခြေလှမ်းပြင်လိုက်သည်။ ဇော်ထွန်းက ခင့်ကို အံ့သြနေလေသည်။

"ခင်. . မောင်တို့လှည်းတန်းကိုသွားပြီး ဇင်မာ့အတွက် ဖိနပ် ဝယ်ပေးရမှာ မဟုတ်လား"

"သိပါတယ်၊ ဇော်ထွန်း ဒီကိစ္စကိုမေ့ထားလိုက်နော်၊ ဟို ကောင်တွေရှေ့မှာ လုံးဝအာမချောင်နဲ့. . . သိလား"

ဇော်ထွန်းသည် ခင် ဘာအဓိပ္ပါယ်နှင့် ဒီလိုလုပ်မှန်း မသိသော် လည်း ဘာမှထပ်မပြောတော့ဘဲ ငြိမ်သက်စွာရှိ၏။ ခင်က ငြိုငြင်မှာ ကို သူ မခံနိုင်ဘူးမဟုတ်လား။

ထို့နောက် သူတို့နှစ်ယောက်သား အင်းလျားဘက်ကို ထွက်လာ ခဲ့ကြတော့သည်။

နေရောင်သည် နေ့လည် တစ်နာရီကျော်သောအခါ ပို၍ ပူပြင်း လာ၏။ ဇင်မာဝေက စိတ်ညစ်စွာ သူရကို စောင့်ဆဲဖြစ်သည်။ စောင့်ရတာ နှစ်နာရီကျော်ပြီဖြစ်သော်လည်း သူရ ပြန်လာလိမ့် မည်ဟု ဇင်မာဝေက မျှော်လင့်နေတုန်းဖြစ်ပါသည်။

သူတစ်ခုခုကြောင့် နောက်ကျနေတာပဲ ဖြစ်မှာပါ။ ငါ့ကို သူ ဘယ်လိုအကြောင်းနဲ့မှ ဒီပုံစံအတိုင်း ပစ်ထားမှာမဟုတ်ဘူး။

ဗိုက်ဆာလာပေမယ့် ဇင်မာဝေ ဒီနေရာက ထွက်မသွားရဲပါ။

သူရ ပြန်လာလိမ့်ဦးမည်ဆိုသော မျှော်လင့်ချက်ဖြင့် ဇင်မာဝေက ထို နေရာတွင် ဆက်ထိုင်ဖို့ ခွန်အားတွေဖြစ်နေလေသည်။

သို့သော် ညနေလေးနာရီထိုးသည်အထိ သူရက ရောက်မလာချေ။

အချိန်တို့သည် တလွင့်လွင့်နှင့် ဆက်လက်ကုန်ဆုံးနေသည်။ ပူလွန်းသည့် နေရောင်ခြည်တွေပင် ပြန်လည်အားပျော့သွားပြီ။

သူရသည် U.F.L တွင် ချိန်းထားသည့် သူငယ်ချင်းကို မတွေ့ တော့သည့်အဆုံး ကျောင်းထဲကို ပြန်လာဖို့ သတိရလိုက်သည်။ ကျောင်း ထဲဆိုသည့် အတွေးနှင့်အတူ ဇင်မာဝေဆိုသော နာမည်ကပါ ယှဉ်တွဲ ၍ ပါလာ၏။

ဒီအချိန်ဆို ခင် ဝယ်လာပေးသော ဖိနပ်အသစ်ကလေးကို စီးပြီး သူ အဆောင်ကို ပြန်သွားလောက်ရောပေါ့။

သို့သော် သူရသည် ဇင်မာဝေကျန်ရစ်ခဲ့သော စစ်ကိုင်းဆောင် ရှေ့ကရေတမာပင်လေးအောက်သို့ နောက်တစ်ခါ ထပ်မံသွားကြည့် ချင်နေမိသည်။ စိတ်ဆန္ဒကို ကိုယ့်ဘာသာ အတည်မပြုရသေးမီ ခြေလှမ်းတို့က ထိုနေရာကို အလိုလိုလျှောက်လှမ်းမိလျက်သားဖြစ်နေ၏။

သစ်ရွက်ခြောက်တစ်ချို့တလေသည် နွေကို မရောက်သေးသော်

http://www.cherrythitsar.org


လည်း ကွေ့ကျသွားကြသည်။ လူရှင်းနေသော အဓိပတိလမ်းမတိုင်း သူရက စစ်ကိုင်းဆောင်ဘက်ကို လျှောက်လာ၏။ အဝေးကို လှမ်းကြည့်လိုက်တော့ စစ်ကိုင်းဆောင်ကို ခပ်ပျပျ မြင်ရသည်။ အဆောင်ရှေ့ရှိ ရေတမာပင်အောက်တွင် မလှုပ်မယှက် ထိုင်နေသော လူရိပ်တစ်ခုလည်း သူရ တွေ့ရလေသည်။ ထိုအချက်ကြောင့် သူ့စိတ်ထဲတွင် ထိတ်ကနဲဖြစ်သွားပြီး ဇင်မာဝေများလားဟု သံသယဝင်မိ၏။ တဖြေးဖြေးနှင့် ခင်၏မသက်ာဖွယ်ရာ စကားသံများကိုလည်း ပြန်၍ စဉ်းစားမိလာသည်။

ဟာ. . ခင်သာ ဖိနပ်ဝယ်မပေးခဲ့ဘဲ ဒီအချိန်အထိ ဇင်မာဝေက ငါ့ကို ထိုင်စောင့်နေရတာ ဆိုရင်တော့ အတော်အားနာစရာ ကောင်းနေပြီပေါ့။

တွေးရင်းနှင့် သူရ ခြေလှမ်းတွေကို ပိုမိုသွက်လက်စွာ စစ်ကိုင်းဆောင်ရှေ့သို့ လျှောက်လှမ်းနေမိ၏။ ပိုမိုနီးကပ်လာလေ မြင်ရသောလူရိပ်က ဇင်မာဝေမှန်း ထင်ရှားလာလေ ဖြစ်နေသည်။

ဇင်မာဝေကလည်း သူရကို အဝေးမှ မြင်ရသောအခါ သူပြန်လာသေးသားပဲဟု လှစ်ခနဲ ပျော်ရွှင်နေတော့၏။ သူရက အလျင်စလို ရေတမာပင်အောက်ကို ဝင်လာသည်။

"ဇင်မာ. . . အခုထိ မပြန်သေးဘူးလား၊ ခင်ရော ဖိနပ်လာမပေးဘူးလား"

သူရ၏မေးခွန်းများကို ဇင်မာဝေက နားမလည်စွာ ခေါင်းကို ခါပြ၏။

ထိုအခါ သူရက ရှင်းပြရသည်။

"ဒီလိုလေ. . . ကျွန်တော် ဇင်မာ့အတွက် ဖိနပ်ဝယ်ပေးဖို့ လှည်းတန်းကိုအသွားမှာ တောင်ငူဆောင်ဘက် ရောက်တော့ ခင်နဲ့ တွေ့တယ်။ အဲဒါ. . . ခင်က ဇင်မာ့အတွက် ဖိနပ်ကို သူ ဝယ်ပေးလိုက်မယ်တဲ့၊ ကျွန်တော့်ကို သွားစရာရှိတာ သွားပါတဲ့၊ ဒါနဲ့. . . ကျွန်တော်လဲ ဇင်မာပေးတဲ့ပိုက်ဆံကို ခင့်ကိုပေးခဲ့တယ်၊ ဖိနပ်အတိုင်းရော၊ ဇင်မာ စောင့်နေမယ့်နေရာရော အားလုံး သေချာပြောပြလိုက်သားပဲ။ ဘယ်လိုကြောင့် ခင် အခုထိရောက်မလာသလဲဆိုတာတော့ ကျွန်တော်လဲစဉ်းစားမရဘူး"

ဇင်မာဝေသည် သူရ၏ ရှင်းပြချက်အဆုံးတွင် နှစ်လိုစွာ ပြုံးမိ၏။ ဒါဟာ ခင်ဆိုသည့် သူငယ်ချင်းမ၏ ချောက်ချခြင်းမှလွဲလို့ တခြားဘာဖြစ်နိုင်ဦးမှာလဲ။ ဒါပေမယ့်. . . သူရရှေ့မှာ ခင့်သိက္ခာ ကျဆင်းစေမည့် စကားလုံးတွေကို သုံးစွဲလိုက်လို့ မဖြစ်မှန်း ဇင်မာဝေ သတိရလိုက်သည်။

"ဪ. . ဟုတ်လိမ့်မယ် သူရရဲ့၊ ခင်က ဒီလိုပဲ သိပ်မေ့တတ်

http://www.cherrythitsar.org


တာ. . . ကိစ္စမရှိပါဘူး၊ ကျွန်မကို အခုလို တကူးတက ကူညီတာကို အရမ်းကျေးဇူးတင်တာပဲ”

သူရက ခပ်ဟာဟာရယ်ရင်း. . .

“ကျွန်တော့်ကို ကျေးဇူးတင်တာ အသာထားဦး၊ အခု. . . ဇင်မာ ဘယ်လိုပြန်မလဲ”

“ရပါတယ် သူရရဲ့၊ အခု နေစောင်းနေပြီပဲ၊ ကျွန်မ အဆောင်ကို ခြေလျင်ပြန်သွားမှာပေါ့၊ အဆောင်ရောက်ရင် ဖိနပ်အပို တစ်ရံ ရှိတယ်လေ”

“ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ၊ ကျွန်တော့်မှာ ဒီကိစ္စအတွက် တာဝန်ရှိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် ကိုယ်တိုင် ဖိနပ်ကို ဝယ်မပေးမိဘဲ တခြားတစ်ယောက်ကို လွှဲပြောင်းပေးလိုက်တော့ ဇင်မာ ဒီလောက်အကြာကြီး စောင့်ရတာပေါ့၊ ပြီးတော့. . . ဖိနပ်လည်းမပါဘူး၊ဒါတွေဟာ ကျွန်တော် ကူညီမယ်ဆိုပြီး တာဝန်ယူထားတာ. . . ကျွန်တော် ချွတ်ယွင်းလို့ ဇင်မာ ဒီလိုဖြစ်ရတာလေ”

“ဟုတ်ပြီလေ. . ဒါဆို သူရက အခု ဘာဖြစ်ချင်လို့လဲ”

“အင်း. . . ဒီအချိန်ဆို ကျောင်းဝင်းထဲမှာ တံခါးပေါက်တွေ ပိတ်ကုန်ပြီ ဇင်မာရဲ့၊ အဓိပတိ ဂိတ်ပေါက်တစ်ခုပဲ ကျန်တော့

http://www.cherrythitsar.org


မှာ. . . ကျွန်တော်တို့ ဒီကနေ အဲဒီကို အတူတူ လမ်းလျှောက်သွားကြမယ်၊ ဇင်မာက ကျွန်တော့်ဖိနပ်ကို စီးသွား. . . ”

“အို. . . မဟုတ်တာ၊ မစီးပါဘူး သူရရဲ့၊ ကိုယ့်ဖိနပ်ကိုယ်စီးပါ”

“ဒါဆို. . . ဘယ်တရားပဲ့မလဲ ဇင်မာရဲ့၊ ကျွန်တော်ကျတော့ ဖိနပ်နဲ့ ဇင်မာကျတော့ ဖိနပ်လည်းမပါဘူး၊ ခြေဗလာသက်သက်ကြီး”

“ဩော်. . ဒါကတော့ ဘယ်တတ်နိုင်ပဲ့မလဲ သူရရယ်၊ ကျွန်မဖိနပ်က ပြတ်သွားတဲ့ဥစ္စာကို. . ”

“ဟာ. . ဟုတ်ပြီ၊ ဒါဆို ဒီလိုလုပ်”

“အင်း. . ပြောစမ်းပါဦး၊ ဘယ်လိုလုပ်ရမလဲ”

“ဒီလိုလုပ်. . ဇင်မာရော ကျွန်တော်ရော ဖိနပ်မစီးပဲ ဒီကနေ အဓိပတိ ဂိတ်ပေါက်အထိ အတူတူလျှောက်ကြမယ်လေ”

သူရစကားကြောင့် ဇင်မာဝေသည် ရှက်သွားဟန်ဖြင့် ရယ်နေလေ၏။ သူသည် စောစောတုန်းကလို ကြောက်လန့် တွန့်ဆုတ်နေခြင်းမရှိတော့ဘဲ ရဲတင်းပွင့်လင်းစပြုနေပြီ။ သူရကလည်း ထိုအခြေအနေကို ဝမ်းသာလျက်ရှိ၏။

“ဒုက္ခပါပဲ သူရရယ်၊ ကျွန်မမှာ ဖိနပ်မပါတာနဲ့ပဲ သူရကပါဖိနပ်မစီးတော့ဘူးလို့. . . တော်ကြာ ခင် သိသွားရင် သူ့

http://www.cherrythitsar.org


သူငယ်ချင်းကို ကျွန်မက တမင်ဒီလိုလုပ်တယ်ဆိုပြီး စိတ်ဆိုးဦးမယ်”

“ဟာ. . ဇင်မာကလဲ ကျွန်တော်ဒီလိုလုပ်တာနဲ့ ခင်နဲ့ဘာမှမပတ်သက်ဘူး၊ လာ. . လာ. . အခုသွားရအောင်နော်”

ပြောပြောဆိုဆို သူရက သူ့ဖိနပ်ကိုချွတ်ပြီး ခါးနောက်တွင် ထိုးလိုက်သည်။ ဇင်မာဝေသည် သူတိတ်တိတ်ကလေး မြတ်နိုးနေရသော ယောကျ်ားတစ်ယောက်က အခုလို ဂရုတစိုက်ရှိတာကို မြင်ရတော့ ကြည်နူးရသည်။

သူက သိပ်ကလေးဆန်တာပဲကွယ်။

ခံစားမှုတို့သည် ဇင်မာဝေ့ နှလုံးသားကို လှုပ်ခါစေလျက်ရှိ၏။

နောက်တော့ သူတို့နှစ်ယောက်သား ခြေဗလာကိုယ်စီဖြင့် အဓိပတိဂိတ်ပေါက်ဆီကို လမ်းလျှောက်ဖြစ်ကြသည်။ စကြံပလက်ဖောင်းပေါ်တွင် နေ၏ကြွင်းကျန်နေသော အပူရှိန်ကြောင့် ပူနွေး နေဆဲဖြစ်၏။

လူတချို့က ဖိနပ်မပါဘဲ အတူတူလမ်းလျှောက်သွားသော သူတို့နှစ်ယောက်ကို လှမ်းကြည့်သွားကြသည်။

တက္ကသိုလ် ပရဝုဏ်အတွင်းရှိ ညနေခင်းသည် ငှက်အော်သံများ၊ ဆည်းဆာချိန်တိမ်များ၊ လမ်းဘေးတစ်ဘက်တစ်ချက်ရှိ ရေတမာပင်စိမ်းစိမ်းများ၊ ပြီးတော့. . . ရုပ်ခပ်ဆိုးဆိုး မိန်းမတစ်ယောက်နှင့် ရုပ်

http://www.cherrythitsar.org


ရည် ချောမောပြေပြစ်သော ယောကျ်ားတစ်ယောက်တို့၏ မမြင်ရသေးသော အနာဂတ်များ စသည်ဖြင့် ဖွဲ့စည်းထားလေသည်။

သူရသည် ဒီအချိန်တွင် ဇင်မာဝေထံမှ သူသိလိုသော အရာများကို မေးဖို့စိတ်ကူးရလိုက်၏။

"ဇင်မာကို ကြုံတုန်း ကျွန်တော်မေးရဦးမယ်"

"မေးလေ. . သူရက ဘာမေးချင်လို့လဲ"

"ဟိုတစ်နေ့က ကန်တင်းမှာ နေခြည်ပြောတဲ့ကိစ္စက တကယ်ပဲလားဟင်"

ဇင်မာဝေသည် သူရပြောတာကို ချက်ချင်း သဘောမပေါက်ဘဲ ဖြစ်နေသည်။

"နေခြည်ပြောတဲ့ကိစ္စ. . ဟုတ်လား"

"ဟုတ်တယ်လေ၊ ဇင်မာရဲ့ ဟို. . ရှုက်ပြေးကိစ္စ"

ရှုက်ပြေးဆိုသည့် နာမည်ကြားတော့မှ ဇင်မာဝေက သူရဘာကို ဆိုလိုသည်ကို သိသွားသည်။ သူရက ထပ်မေးသည်။

"ဘယ်လိုလဲ ဇင်မာ. . အဲဒါတကယ်ပဲလား"

"ဟုတ်တယ် သူရ၊ တကယ်ပဲ"

ဇင်မာဝေသည် ခေါင်းညိတ်ပြီး ပါးစပ်ကလည်း ဝန်ခံလိုက်၏။ သူရက သိလိုသည်ကို ထပ်မေးပြန်သည်။

http://www.cherrythitsar.org


"ဒါဆို အဲဒီရှက်ပြေးဆိုတာ ဘယ်သူလဲဟင်"

"အို့ . . အဲဒါတော့ ပြောပြလို့ ဘယ်ဖြစ်မှာလဲ၊ ကျွန်မတို့ သူငယ်ချင်း အချင်းချင်း ကတိပေးထားတဲ့ကိစ္စကြီးကို ဘယ်လိုမှတော့ သဘောမထားပါနဲ့နော်၊ အဲဒါကိုတော့ ကျွန်မ မပြောပြနိုင်ပါဘူး"

သူရသည် ဇင်မာဝေ၏ ပြောပုံဆိုပုံကိုကြည့်ပြီး ရယ်ချင်နေမိ၏။ သစ္စာကြီးပြီး သူငယ်ချင်းကောင်းပီသလွန်းတဲ့ ကောင်မလေးပေ့။ ဒီလိုကောင်မလေးမျိုးဆီက သူ နောက်ထပ်သိရဖို့ မျှော်လင့်၍ မရမှန်း သူရ သဘောပေါက်သွားသည်။

သူတို့နှစ်ယောက်စလုံး ဘာစကားမှ ထပ်ပြောစရာ မရှိတော့သလို တိတ်ဆိတ်နေမိကြ၏။ ထိုခဏ၌ ဆိုးရွားသည့် အချက်မှာ နှစ်ယောက်စလုံး ခေါင်းငုံ့လိုက်မိကြခြင်း ဖြစ်သည်။ ထိုအခါ နှစ်ယောက်သား ဖိနပ်မပါဘဲ လမ်းလျှောက်နေရသည့် ကိုယ့်ခြေထောက်တွေကို မြင်သွားကြပြီး ပြိုင်တူရယ်လိုက်မိကြသည်။

နောက် . . .

နှစ်ယောက်စလုံး ခပ်တည်တည် ဖြစ်ဖြစ်အောင် မနည်းကြိုးစား လိုက်ကြရသည်။ စိတ်ထဲတွင်တော့ ရယ်သံတွေက ဆူညံနေလေသည်။

ဘဝ၏ တိတ်တိတ်ဆိတ်ဆိတ် မဟုတ်သော ရယ်မောသံများ တွင် မျက်နှာပျက်သူသည် အရှုံးဖြစ်ပါသည်။

✵✵✵

http://www.cherrythitsar.org

ဝိဇ္ဇာကန်တင်းနှင့် အနီးတစ်ဝိုက်တွင် လူသံများ၊ အစား အသောက်မှာသံများ၊ အော်ဟစ်နောက်ပြောင်သံများ၊ ရယ်မောသံများ စသည်ဖြင့် တဝေါဝေါဆူညံလျက်ရှိ၏။

ထိုဆူညံနေသော လူများထဲတွင် တိတ်ဆိတ်နေသော စားပွဲဝိုင်း တစ်ဝိုင်း ရှိနေသည်။ ရွှေစားသောက်ဆိုင်တွင် ထုံးစံအတိုင်း ခင်တို့ အုပ်စုက ငြိမ်သက်စွာ ဝိုင်းဖွဲ့ဖြစ်ကြ၏။

အားလုံး၏အာရုံများသည် ဇင်မာဝေထံတွင် စူးစိုက်နစ်ဝင် နေတော့သည်။ ဇင်မာဝေကလည်း သူငယ်ချင်းတွေ တစ်ယောက် တစ်ပေါက် ဝိုင်းမေးကြတာကို မထိန်ချန်ဘဲ ပြန်ဖြေနေ၏။

"အဲဒါနဲ့ နှစ်ယောက်စလုံး ဖိနပ်မစီးဘဲ လမ်းလျှောက်ပြန် လာကြရောပေါ့။ ဟုတ်လား ဇင်မာ"

http://www.cherrythitsar.org


"အေးပေါ့၊ သူက သိပ်ကြင်နာတတ်တဲ့ ယောကျ်ား တစ်ယောက်ပဲ"

"နင် ရင်တွေဘာတွေရော မခုန်ဘူးလား"

နေခြည်ကျော်က မေးသည်ကို ဇင်မာဝေက ရှက်သွားသလို ဖြစ်ပြီးမှ ခေါင်းညိတ်ပြကာ ပြန်ဖြေသည်။

"အင်း. . ခုန်တယ်"

ငုဝါနှင့် နေခြည်ကျော်သည် ဇင်မာဝေ၏အဖြေကို ဝမ်းသာအားရ ပြုံးမိကြ၏။ ခင်တစ်ယောက်ကသာ ဒီအချိန်တွင် မျက်နှာပျက်ပြီး ဖိနပ်ဝယ်မပေးမိခဲ့သည်ကို နောင်တရလျက် ရှိလေသည်။ ဒါပေမယ့် ခင်က ပါးနပ်သူတစ်ယောက်ဖြစ်သည်။ ဒီကိစ္စကြောင့် အကြာကြီး မျက်နှာပျက်နေဖို့မသင့်ကြောင်း စဉ်းစားမိပြီး ခင်က ဝိုင်းထဲကို ဝင်ပြောတော့သည်။

"ဟဲ့. . ဇင်မာ နင်တို့ ဘာတွေထပ်ဖြစ်ကြသေးလဲ"

ခင့်မေးခွန်းကို ဇင်မာဝေက အနည်းငယ်စဉ်းစားလိုက်ပြီး. .

"ဘာမှထပ်မဖြစ်ပါဘူး ခင်ရဲ့၊ ဒါပေမယ့်လေ သူရက တစ်ခု မေးတယ်. . သိလား"

ငုဝါက အံ့ဩသံဖြင့် သံယောင်လိုက်သည်။

"တစ်ခုမေးတယ်. . ဟုတ်လား"

http://www.cherrythitsar.org


"အေး. . မေးတယ်"

နေခြည်ကျော်က တစ်ခွန်းမေး၊ တစ်ခွန်းဖြေလုပ်နေသော ဇင်မာဝေကို စိတ်မရှည်တော့သလို ဝင်ပြောသည်။

"ဟုတ်ပါပြီ ဇင်မာရဲ့၊ သူရက ဘာမေးတာလဲ၊ အဲဒါကိုဖြေ"

"ဩော်. . သူရကမေးတာ ရှက်ပြေးကိစ္စပေါ့၊ သူကလေ. . အဲဒီ ရှက်ပြေးဆိုတာ တကယ်လားတဲ့၊ ဘယ်သူလဲတဲ့"

ခင်သည် ဇင်မာဝေဆီမှ ကြားရသောထိုစကားကို အတော်ပင် စိတ်လှုပ်ရှားမိပါသည်။

"နင်. . အဲဒီမေးခွန်းကို ဘယ်လိုပြန်ဖြေလိုက်လဲဟင်"

ခင့်မေးခွန်းသည် အားလုံးအတွက် အထိတ်တလန့်နိုင်လွန်းသည်။ ငုဝါကပင် ဝင်ပြောရ၏။

"ဘယ်လိုဖြစ်ရတာလဲ ခင်ရဲ့၊ ဖြေးဖြေးမေးပါ. . ဒီမှာ ဇင်မာ ပြောပြနေသားပဲ"

ထိုစဉ် ဇင်မာဝေ့ဆီမှ စကားသံများ ထွက်ပေါ်လာသည့်အတွက် အားလုံးက ဇင်မာဝေဆီ အာရုံပြန်ရောက်သွားကြသည်။

"ငါက ဒီလို ပြန်ဖြေလိုက်တာပေါ့၊ ရှက်ပြေးကိစ္စကတော့ တကယ်ဟုတ်ပါတယ်လို့၊ ဒါပေမယ့် အဲဒီ ရှက်ပြေး ဘယ်သူလဲဆိုတာကိုတော့ ကျွန်မ ပြောမပြနိုင်ပါဘူးလို့လေ"

http://www.cherrythitsar.org


ငုဝါက ဝင်မေးပြန်သည်။

“အဲဒီတော့ သူရက ဘာပြန်ပြောလဲ”

“သူ ပြုံးနေတယ်ဟ”

“အံမယ်. . မိန်းမနော်၊ သူရကို အသေးစိတ် မှတ်သားထားတာ . . ကြည့်စမ်း”

နေခြည်ကျော်က ဝင်နောက်သဖြင့် အားလုံး ရယ်ဖြစ်သွားကြ၏။ ထိုအချိန်တွင် ငုဝါဆီမှ မေးခွန်းတစ်ခုက ခင့်ဆီကို မမျှော်လင့်ဘဲ ရောက်လာသည်။

“နေစမ်းပါဦး ခင်ရဲ့၊ ခင်က ဇင်မာ့ကို ဖိနပ်ဝယ်ပေးလိုက်မယ် ဆိုပြီး ဘာဖြစ်လို့ သွားမပို့ပေးတာလဲ၊ ဇင်မာတစ်ယောက်တည်း စောင့်နေရတာကို မသိဘူးလား”

အဲဒီမေးခွန်းကြောင့် ခင်က ရုတ်တရက် ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားသော်လည်း ခဏအတွင်းမှာပင် ဖြေရှင်းစရာစကားလုံးတို့ကို ရှာတွေ့သွား၏။

“ဟုတ်တယ်ဟ. . ဆောရီးနော် ဇင်မာ၊ ငါက နင့်ဆီကို ဖိနပ်ဝယ်ပြီး လာပို့ပေးမလို့ပါပဲ၊ ဟိုကောင် ဇော်ထွန်းလေ ငါ့ကို အင်းလျားသွားပြီး အကြော်စားဖို့ အတင်းခေါ်သွားတာ၊ ငါလဲ သူ့ကို အမြဲအနိုင်ကျင့်နေကျဆိုတော့ ဒီတစ်ခါ လိုက်လျော

http://www.cherrythitsar.org


လိုက်မယ်ဆိုပြီး ငြိမ်နေလိုက်တာ၊ အင်းလျားမှာ တစ်နေကုန် ရောဟယ်၊ ဇင်မာကို တအား အားနာတာပဲ”

ဇင်မာဝေသည် ခင့်စကားကို ပြုံးရုံသာပြုံးပြီး နားထောင်နေမိသည်။ ပြီးတော့ ခင့်ကို သူကပင် ပြန်နှစ်သိမ့်နေလိုက်သေးသည်။

“ရပါတယ်ခင်ရဲ့၊ လူဆိုတာ ဒီလိုပဲ တစ်ခါတလေ လွဲတတ်တာပဲ၊ စိတ်မကောင်းဖြစ်မနေနဲ့နော်”

နေခြည်ကျော်က ဝင်နောက်သည်။

“သြော်. . သြော် မဟာကဗျာဆရာမကြီးက တယ်လဲ သဘောထား ကြီးမြင့်နေပါ့လား”

ငုဝါက ပြောပြန်သည်။

“ဘယ်ကလာ သဘောထားကြီးရမှာလဲ နေခြည်ရဲ့၊ ခင် ရောက်မလာလို့ သူရနဲ့ ဒီလိုဖြစ်ခွင့်ရတာဆိုတော့ ဇင်မာက ခင့်ကို ကြံဖန် ကျေးဇူးတင်နေတာ”

သူငယ်ချင်းတွေအားလုံး ပြိုင်တူရယ်မောဖြစ်ကြသည်။ ထိုအထဲတွင် ခင့်အသံတွေက အကျယ်လောင်ဆုံး။

သိပ်မကြာခင် သူတို့ဝိုင်းထဲကို ဇော်ထွန်းရောက်လာသည်။ ဇော်ထွန်းက ခင့်ကို စကားတွေ အတင်းပြောနေ၏။

“ခင်ရေ. . မောင်တို့အိမ်မှာ မောင့်ညီမလေး မနက်က နေ

http://www.cherrythitsar.org


မကောင်းဖြစ်လို့လေ အဲဒါ မောင်က ဆေးခန်းသွားပြတာ လိုက်ပို့ပေးရရော၊ မောင်တို့ ဆေးခန်းကိုရောက်တော့ ဆရာဝန် မရောက်သေးလို့ဆိုပြီး မောင်တို့ကို နပ်(စ်)မလေး က စောင့် ခိုင်းတယ်။ မောင်တို့လဲ ခဏဆိုတော့ စောင့်တာပေါ့။ အဲဒါ တော်တော်နဲ့ ရောက်မလာတော့ မောင်ရော၊ မောင့်ညီမလေး ကပါ စိတ်တိုလာရော၊ မောင်တို့စောင့်နေတာ တစ်နာရီလောက် ကြာမှ ဆရာဝန်က ရောက်လာတယ်၊ အဲဒီတော့လဲ မောင် တို့အလှည့် မရောက်သေးလို့ ဆိုပြီး မောင်တို့ မောင်နှမနှစ် ယောက်ကို ထပ်စောင့်ခိုင်းတယ်လေ၊ မောင့်ညီမလေးဆို မောင် သိပ်သနားတာပဲ၊ မောင့်ညီမလေးက နေမကောင်းရတဲ့ကြားထဲ စောင့်နေရတာ. . မောင်က”

ဇော်ထွန်းသည် စကားပြောရင်း လက်တွေချိုးကာ ရေတွက် နေသေးသည်။ ခင်သည် ရယ်ချင်စိတ်ကို မနည်းထိန်းချုပ်ထားရသော မျက်နှာဖြင့် ဇော်ထွန်း ပြောသမျှကို နားထောင်နေသည်။ ကျန် သူငယ်ချင်းတွေက သူတို့နှစ်ယောက်၏အဖြစ်ကို အံ့အား သင့်လျက် ရှိ၏။

“မောင် မနေ့တုန်းကလေ အင်္ကျီတစ်ထည် ဝယ်ဖြစ်တယ်၊ မောင့်အမေက သူဝယ်ပေးတယ်ဆိုတာကို မောင်က မောင့်

ဘာသာ ဝယ်မယ်ဆိုပြီး မောင့်အမေဆီက ပိုက်ဆံအတင်း တောင်းပြီးဝယ်တာ၊ အရောင်က မီးခိုးရောင်ကွ၊ ခင်တောင် အဲဒီအရောင်နဲ့ မောင်နဲ့ သိပ်လိုက်တာပဲလို့ ပြောဖူးတယ်လေ၊ မောင် မှတ်မိပါတယ်. . ”

ကျန်သော တစ်ဝိုင်းလုံးရှိ လူတွေက ဇော်ထွန်း ဘာသဘော နှင့် စကားတွေ ဒီလောက်များနေရခြင်းကို သဘောမပေါက်ကြ။ ခင် တစ်ယောက်သာ ငြိမ်ပြီး ဘာမှမပြောဘဲ ဇော်ထွန်း ပြောသမျှအား နားထောင်နေ၏။

“ခင်. . အခု မောင်တို့ သထုံလမ်းဘက်ကို သွားကြရအောင် လေ၊ ခင့်ကို မောင် ပြစရာတစ်ခုရှိလို့ကွ၊ အခု မောင့်နောက် လိုက်ခဲ့နော်၊ နောက်မှ မောင် မပြဘူးဆိုပြီး မောင့်ကို စိတ် မကောက်နဲ့”

ဇော်ထွန်းသည် နှစ်ယောက်ထဲတွေ့မှ ပြောရမည့်စကားမျိုးကို လည်း သူငယ်ချင်းတွေအားလုံးရှေ့မှာ ပြောလျက်ရှိသည်။ ခင်မှလွဲပြီး အားလုံးက ထိုအချက်ကို နားမလည်ကြချေ။ ဇော်ထွန်းကတော့ ဘယ် သူ့ကိုမှ ဂရုမစိုက်ဘဲ သူပြောလိုသည်များကို စွတ်ပြောလျက်ရှိလေ သည်။

ခဏကြာတော့ ဝိုင်းထဲကို သူရနှင့် ကိုမော်ရောက်လာသည်။

ထိုအခါကျမှ ခင်သည် ဇော်ထွန်းကို ဝိုင်းမှခေါ်ထုတ်သွား၏။ ခင်က သူရနှင့် ဇော်ထွန်းကို တစ်ဝိုင်းတည်း အတူမဆုံစေဖို့ ကြိုးစားသွားမှန်း သိသာလှသည်။

ခင်နှင့် ဇော်ထွန်းတို့ ထွက်သွားတော့ သူရက စိတ်ထဲတွင် ဝမ်းနည်းလျက်ရှိသည်။ စကားကိုပင် ဟက်ဟက်ပက်ပက် မပြောနိုင်တော့။ ငုဝါက ဒီကြားထဲ ဘာမှမသိသလိုနှင့် "သူတို့နှစ်ယောက်က ရည်းစားတွေလေ. . "ဟု အနှောင့်အသွားမလွတ်စွာ သူရကို အသိပေး၏။ ကိုမော်ကတော့ ဘယ်သူ့ကိုမှ ဘာကိုမှ ထင်ကြေးမပေးဘဲ ခေါင်းတညိတ်ညိတ်လုပ်ကာ နေသည်။

ထိုအနေအထားတွင် သူရသည် သူ့ကို ခိုးကြည့်နေသော ဇင်မာဝေမျက်လုံးများကို အားနာလှသည်။ မနေ့တုန်းကလို သူက ဇင်မာဝေကို ရဲရဲတင်းတင်း၊ ရင်းရင်းနှီးနှီး မဆက်ဆံရဲတော့။ အဲဒီအခြေအနေကို ကိုမော်က ဝင်ရောက်ကိုင်တွယ်သည်။ တခြားတော့မဟုတ်။ ထုံးစံအတိုင်း "ငါတို့ အတန်းတက်စရာ ရှိသေးတယ်" ဟူ၍ ဖြစ်လေသည်။ ကိုမော်နှင့် သူရတို့ ထွက်ခွာသွားပြီးမှ ခင်က တစ်ယောက်ထဲ ပြန်ရောက်လာသည်။

နေခြည်ကျော်က ခင့်ကို တန်းမေး၏။

"ဟဲ့. . ခင်. . ဟိုတစ်ယောက်ရော"

"မြို့ထဲက သံရုံး Library တစ်ခုမှာ စာအုပ်တစ်အုပ် သွားငှားခိုင်းလိုက်တယ်"

"နင်ကတော့ စံပါပဲ ခင်ရယ်၊ ယောကျ်ားတစ်ယောက်ကို ဘယ်လိုနည်းနဲ့ကိုင်တွယ်ရမယ်ဆိုတာ သိပ်ကျွမ်းကျင်တာပဲ"

ခင်က နေခြည်ကျော်စကားကို ဂုဏ်ယူသလို ရယ်မောလိုက်ပါသည်။

"အလုပ်က သင်သွားတယ်ဆိုတာ ဒါမျိုးပေါ့"

ငုဝါက ဝင်နှောက်တော့ စိတ်မဆိုးဘဲ ခင်က ရယ်မြဲ ရယ်နေဖြစ်၏။ ဇင်မာဝေက ငြိမ်သက်နေဆဲ။ ငုဝါက ခင့်ကို ထပ်မေးပြန်သည်။

"ခင်. . နင့်ကိုမေးရဦးမယ်၊ စောစောတုန်းကလေ ဇော်ထွန်းလေ . . သူ့ကိုယ့်သူ တမောင်မောင်နဲ့ ဘယ်လို ဖြစ်နေတာလဲ"

ငုဝါ၏ မေးခွန်းကို ခင်က လှိုက်လှိုက်လှဲလှဲ ထပ်ရယ်သည်။ ဇင်မာဝေက သူ့မျက်လုံးများကို ဝိုင်းလျက် တအံ့တသြနှင့် ခင့်အမူအရာများကို ကြည့်နေ၏။

ခင်က ရှင်းပြသည်။

"ဒီလိုဟ. . လွန်ခဲ့တဲ့ အပတ်တုန်းက ဇော်ထွန်းကလေ ငါ့ကို ပြောတယ်၊ သူ့ကို မောင်လို့ခေါ်ပါတဲ့"

http://www.cherrythitsar.org


"အေးလေ. . ဘာဖြစ်လဲ"

"နင်တို့က ရည်းစားအချင်းချင်းပဲဥစ္စာ၊ အဲဒါ ဘာထူးဆန်းလို့လဲ"

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြသည်များအား ခင်က လက်ကာပြရင်း တားမြစ်လိုက်သည်။ အားလုံးငြိမ်သွားတော့မှ. .

"ငါက ဇော်ထွန်းကို ပြန်ပြောလိုက်တယ်လေ"

"ဟုတ်လား. . ဘယ်လိုပြန်ပြောလိုက်တာလဲ"

"ကိုယ့်ကိုယ်ကိုယ် မောင်လို့ပြောတာ အခါတစ်ရာ ပြည့်ရင် ငါက မောင်လို့ တစ်ခွန်းပြန်ခေါ်မယ်ဆိုပြီး ပြောလိုက်မိတာ ဟာ. . အဲဒါ တစ်နေကုန် သူ့ကိုယ်သူ မောင် ဆိုပြီး ဆိုင်ဆိုင်၊ မဆိုင်ဆိုင် အကုန်လျှောက်ပြောနေတော့တာပဲ၊ ရယ်ရတယ် သိလား၊ တစ်ခါတလေ သူက ရှစ်ဆယ် ရှိပြီဆိုရင် ငါက အတင်း ခြောက်ဆယ်ပဲ ရှိသေးတယ်ဆိုပြီး ပြန်ငြင်းတာ သိပ်ပျော်တာပဲ၊ သူ့ခမျာ တစ်နေ့လုံးပြောမှ မောင်လို့ တစ်ခွန်း အခေါ်ခံရတာပါဟာ၊ တချို့ရက်တွေဆို ကိုးဆယ်လောက်နဲ့ ပြီးသွားရော၊ အဲဒါဆို ငါက နောက်တစ်နေ့ကျရင် တစ်က ပြန်စပဲ. . "

ခင့်စကားအဆုံးတွင် သူငယ်ချင်းတွေအားလုံး အားရပါးရ

တဝါးဝါးနှင့် ရယ်ပွဲဖွဲ့ကြ၏။ ငြိမ်ငြိမ်သက်သက် နေတတ်သော ဇင်မာဝေပင် စိတ်လွတ်ကိုယ်လွတ် ဝင်ရယ်မိသည်။

ဒါဟာ ခင်ပဲလေ။ သူငယ်ချင်းတွေအားလုံးကို ဒီလိုနည်းဖြင့် ခင်က အကြိမ်ပေါင်းများစွာ ပျော်ရွှင်စေဖူးသူပေ့ါ။ သူရ ဆိုတဲ့ ကောင်လေး ဒီဝိုင်းထဲကို ရောက်မလာသေးခင်အထိတော့ ခင်ဟာ ခင်ဖြစ်နေဆဲပါ။ အခုတော့. . သူ့ကြောင့်. . .။

တွေးရင်းနှင့် ခင်သည် သူရကို သတိရသွားပြီး လွှတ်ကနဲ မေးလိုက်မိသည်။

“ဒါနဲ့. . သူရရော”

နေခြည်ကျော်က ခင့်မေးခွန်းကို မဖြစ်မနေ ဝင်ဖြေလိုက်သည်။

“အတန်းတက်စရာ ရှိလို့တဲ့ ကိုမော်နဲ့ အတူတူထွက်သွားတယ်”

ခင်က သက်ပြင်းကို သိသိသာသာပင် ချ၏။

အဝေးတွင် မြင်ရသော ဝိဇ္ဇာတန်းစာသင်ခန်းခေါင်မိုးများကို ဘာအဓိပ္ပာယ်မှမရှိဘဲ ခင်က လှမ်းကြည့်မိ၏။ အကြည့်များ၏ တစ်စုံတစ်ရာသော အဓိပ္ပာယ်များကို ခင် ငြီးငွေ့နေတာ ကြာပြီ။

တိုက်ခတ်လာသော လေထဲတွင် နွေဦး၏ရနံ့များကို သူ

http://www.cherrythitsar.org


ခံစားမိသည်။ ရုတ်တရက် သူရဆိုသော ကောင်လေးကို ခင် လွမ်းလာသည်။

ယောက်ျားတစ်ယောက်ကို ခင့်ဘက်က အခုလို တိတ်တိတ်ဆိတ်ဆိတ် လွမ်းရတာ သူများတွေသိသွားရင် ရှက်စရာပဲ။

ခင့်အတွက်တော့ ယောက်ျားဆိုသည်မှာ မနေ့က ကျန်ရစ်ခဲ့သော အိမ်စာတစ်ခုသာ ဖြစ်ပါသည်။

✵✵✵

ရင်ခွင်ကွက်လပ်ထဲမှာ
မင်းအတွက်
အလွမ်းပင်လေး စိုက်ထားတယ်။

ကဗျာလေးကို ဇင်မာဝေ သူ့ဒိုင်ယာရီထဲမှာ လက်ရေးလှလှနှင့် ကူးရေးလိုက်ပြီး ကဗျာအောက်ခြေတွင် ရှက်ပြေးဆိုသည့် သူ့ကလောင်နာမည်ကို ထိုးလိုက်၏။ တကယ်တမ်း ပြောရမည်ဆိုလျှင် သူ့ရအတွက် ရည်ရွယ်ပြီး ကဗျာတွေကို ဇင်မာဝေ ရေးခဲ့မိသည်။ ပြီးတော့ဘယ်သူမှမသိအောင် သိုဝှက်ထားရပြန်သည်။ ဒီအကြောင်းတွေကို အရင်းနှီးဆုံး အခန်းဖော်သူငယ်ချင်း ငုဝါပင် မသိ။

http://www.cherrythitsar.org


ဒီလိုနှင့်ပင် ဒိုင်ယာရီစာအုပ်လေးသည် သူရနှင့် ပတ်သက်သော အဖြစ်အပျက်များ၊ အချက်အလက်များ၊ ခံစားမှုများ စသဖြင့် ပြည့်နှက်နေလေသည်။

သူရက ငါ့လို ရုပ်ဆိုးဆိုး မိန်းမတစ်ယောက်အကြောင်း သိသွားရင် လှောင်ပြောင် ကဲ့ရဲ့လိုက်တော့မှာပဲ။ သူရက ခင့်ကိုပဲ ကြိုက်တာပါ။ ဟုတ်တာပေါ့. . . ခင့်လို ဘာမှ ငြင်းစရာမရှိတဲ့ မိန်းကလေးမျိုးကိုပဲ သူရက လိုချင်မှာပေါ့။ ငါ့ကိုတော့ သနားတာရယ်၊ အားနာတာရယ်ကြောင့် အနည်းအကျဉ်း လိုက်လျောဂရုစိုက်ပြတာပဲ နေမှာပါ။

ထိုသို့တွေးလိုက်မိပြီး ဇင်မာဝေသည် ကိုယ့်ကိုယ်ကို သိမ်ငယ်သွားသည်။ ဒီလိုဖြစ်လာလျှင် ဇင်မာဝေသည် ငိုချင်စိတ်ကို မနည်းထိန်းချုပ်ထားရ၏။

အို. . . မဟုတ်သေးပါဘူး။ ငါက ဘဝကို တကယ်လေးလေးနက်နက် ဖြတ်သန်းမယ့် ကဗျာဆရာမပဲ။ ယောကျ်ားတစ်ယောက်အတွက်နဲ့ အပေါ်ယံ အရေပြားကိစ္စတွေအတွက်နဲ့ ဝမ်းနည်းနေစရာလား၊ သိမ်ငယ်စရာလား။ လူ့ဘဝမှာ တခြားအရာတွေ ကြီးကျယ်ဖို့ထက် အသိဉာဏ် ကြီးကျယ်ဖို့က ပိုအရေးကြီးတယ်။ ငါ ဒီထက်စာအုပ်တွေကို ပိုဖတ်ရမယ်။ အဲဒီ ဘာမှမဟုတ်တဲ့ ကိစ္စတွေအတွက် အချိန်ဖြုန်းပစ်နေလို့ မဖြစ်ဘူး။

http://www.cherrythitsar.org


မနည်းပင် သိမ်ငယ်စိတ်ကို မောင်းထုတ်ပစ်ပြီး ဇင်မာဝေက ကိုယ့်ကိုယ်ကို စိတ်ဓာတ်ခွန်အားရှိကြောင်း ပြသရသည်။ ခံစားမှု . . ။ ဟုတ်သည်။ သူရဆိုသော ကောင်လေးတစ်ယောက်ကြောင့် ရနေတဲ့ ခံစားမှု။ ဒါ. . သိပ်ဆိုးရွားတဲ့ကိစ္စပဲ။ ဒီလိုကိစ္စမျိုးဆိုတာ ခင်တို့လို ကောင်မလေးတွေရဲ့ အလုပ်ပဲဥစ္စာ။ ငါက ဘာဖြစ်လို့ ဒါမျိုးတွေကို ခံစားနေရမှာလဲ။

တွေးရင်းနှင့် ဇင်မာဝေက ဝမ်းနည်းလာပြန်သည်။ ဒါပေမယ့် သူ ဘာမှမတတ်နိုင်ပါ။ သူရ ဆိုသည့် ခပ်ချောချော ကောင်လေး တစ်ယောက်ကြောင့် ရရှိသော ဒီခံစားမှုတွေသည် တကယ့် အမှန်တရားဖြစ်နေသည်။ ဒီတော့ ဇင်မာဝေအနေဖြင့် အမှန်တရားကိုတော့ လိုချင်သည်ဖြစ်ဖြစ်၊ မလိုချင်ဘူးဖြစ်ဖြစ် လက်ခံရမည် ဖြစ်ပါသည်။

အဲဒီအတွက်ကိုလည်း သတ္တိရှိဖို့ ဇင်မာဝေက ဆုံးဖြတ်ထား၏။

ထိုစဉ် အခန်းထဲသို့ ငုဝါကဝင်လာ၍ ဇင်မာဝေက ဖွင့်လက်စ ဒိုင်ယာရီစာအုပ်ကို အမြန်ပိတ်ပစ်လိုက်ရသည်။

"ဟိတ်. . ဇင်မာ၊ တစ်ယောက်တည်း ဘာတွေလုပ်နေတာလဲ၊ မပျင်းဘူးလား၊ ငါတို့ လှည်းတန်းမှာ ရခိုင်မုန့်တီ သွားစားရအောင်ဟာ. . "

"ဟင့်အင်း. . ငါ မလိုက်ချင်ဘူး ငုဝါ. . "

http://www.cherrythitsar.org


ငုဝါသည် သူအဖော်ခေါ်လျှင် ဘယ်တော့မှ မငြင်းတတ်သော ဇင်မာဝေကို အံ့ဩသွားသလို ကြည့်လိုက်ပါသည်။

"သူငယ်ချင်း. . မင်း ဘာတွေဖြစ်နေတာလဲ၊ ငါ့ကိုပြောပြလေ၊ ငါ နားထောင်ပေးမှာပေါ့"

ဇင်မာဝေက ခေါင်းကိုသာ ခပ်ဖွဖွခါရမ်းသည်။ ငုဝါ၏အကြည့်များသည် ပိတ်ထားသော ဒိုင်ယာရီစာအုပ်လေးဆီ ရောက်သွားသည်။

"ဇင်မာ. . . အဲဒီဒိုင်ယာရီက ကဗျာတွေ ရေးထားတာလား၊ ငါ ဖတ်ကြည့်ချင်တယ်. . "

ဇင်မာဝေသည် ငုဝါစကားကြောင့် အထိတ်တလန့်နှင့် ဒိုင်ယာရီလေးကို ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားမိ၏။

"မဖတ်ပါနဲ့ဟာ. . ကဗျာတွေမဟုတ်ပါဘူး၊ တခြား ကိုယ်ရေးကိုယ်တာတွေပါ၊ မိသားစုကိစ္စတွေပေါ့"

မိသားစုကိစ္စတွေ ဆိုတော့ ငုဝါသည် အတင်းတောင်းဆို၍ မကောင်းတော့ပေ။ ဒါပေမယ့် သူငယ်ချင်းကို အစအဆုံး အလွတ်ရသူပီပီ ငုဝါက မေးလိုက်မိသည်။

"ဇင်မာ၊ နင် သူရကို ချစ်နေတယ်မဟုတ်လားဟင်"

ဇင်မာဝေသည် တည့်တည့်ကြီး မေးလာသော ငုဝါ၏မေးခွန်းများကို ကြံရာမရနှင့် မျက်နှာလွှဲပစ်လိုက်၏။

http://www.cherrythitsar.org


"ဟဲ့. . ဇင်မာ၊ နင်ဘာဖြစ်သွားတာလဲ၊ ငါမေးတာကို ဖြေဦးလေ"

"မသိပါဘူးဟယ်. . ငါ့ကိုယ်ငါ ဘာဖြစ်နေမှန်းကို မသိပါဘူး"

"နင်မပြောပေမယ့်လဲ ငါ သဘောပေါက်ပါတယ် ဇင်မာရယ်၊ သူရက နင့်ကို ဂရုစိုက်ပါတယ်ဟ၊ ပြီးတော့ နင်က ရှက်ပြေးအစစ်ပဲ၊ မဲန္နိုက်တော့လဲ နင်ကပဲ သူရရဲ့ ချစ်သူ ရှက်ပြေးအဖြစ် မဲပေါက်ထားတာလေ။ ငါရော. . . နေခြည်ရော သက်သေရှိတယ်၊ ခင့်ကိုတော့ စိတ်ထဲမှာ ထားမနေနဲ့၊ သူ့မှာ လက်ရှိ ရည်းစားရှိလျက်နဲ့ သက်သက်အပျော် လျှောက်လုပ်နေတာ။ ပြီးတော့ သူရကို ခင်က အတည်ကြိုက်တာ မဟုတ်ဘူး။ နောက်တစ်ယောက်ဆီ ပြောင်းသွားဦးမှာ ကိုယ့်သူငယ်ချင်းကို ကိုယ် အဲဒီလိုပြောတော့ မကောင်းဘူး။ ဘာပဲဖြစ်ဖြစ်ပါ . . . နောက်ဆုံးတော့ နင်နဲ့သူရပဲ အဆင်ပြေသွားမှာဟ။ နေခြည်ကလဲ အဲဒီအတိုင်းပဲ ထင်တယ်တဲ့"

ဇင်မာဝေသည် ငုဝါ၏စကားကြောင့် စိတ်ထဲတွင် ရုတ်တရက် ပျော်သွားမိသေးသည်။ ဒါပေမယ့် ငုဝါက ငါ ပျော်အောင် တမင်ပြောတဲ့စကားပဲဟု ချက်ချင်း တွေးမိသွားပြီး မျက်နှာက ငိုမဲ့မဲ့ ဖြစ်သွားပြန်၏။ ငုဝါက နှစ်သိမ့်နေဆဲ. . .။

http://www.cherrythitsar.org


"နင်နဲ့သူရနဲ့လက်ထပ်တဲ့အခါ ငါ့ကို သတို့သမီးအရံ လုပ်ခိုင်းဖို့ မမေ့နဲ့ဦးနော် ဇင်မာ"

ဇင်မာဝေသည် သူငယ်ချင်းလုပ်သူ၏ စကားကြောင့် ပြုံးမိသည်။

ပြီးတော့အမှန်တရားတစ်ခုကိုဝန်ခံဖို့ အဆင်သင့်ဖြစ်အောင်ကြိုးစားလိုက်ပါသည်။

"ဟုတ်ပါတယ် . . ငုဝါ၊ ငါ မညာချင်ပါဘူး၊ ငါ . . သူရကို ချစ်တယ်"

ငုဝါသည် ဇင်မာဝေဆီမှ ဒီလို ဝန်ခံလိမ့်မည် မထင်သဖြင့် အံ့သြနေ၏။ ထိုကဲ့သို့တစ်ယောက်ယောက်ကို ဝန်ခံလိုက်ရ၍ ဇင်မာဝေသည် အနည်းငယ် ပေါ့ပါးသွားမိသည်။ ကိုယ့်ကိုယ်ကို ထိုဝန်ခံရဲသည့်သတ္တိအတွက် တော်တော်ကျေနပ်သွား၏။ ငုဝါက ဇင်မာဝေခေါင်းကို ခပ်ဖွဖွတစ်ချက်ပုတ်ရင်း ပြောသည်။

"ဇင်မာရယ် . . နင်က သိပ်ရိုးတာပဲနော်"

ပထမဦးဆုံး အကြိမ်အဖြစ် သူတို့နှစ်ယောက် တစ်ယောက်မျက်လုံးတွေကို တစ်ယောက် အကြာကြီး ကြည့်မိကြသည်။ ထိုအကြည့်များသည် တဖြည်းဖြည်းခံစားမှုတွေ ဖြစ်လာသည်။ အဲဒီကမှတစ်ဆင့် မေးခွန်းတွေ ဖြစ်သွားသည်။

http://www.cherrythitsar.org


လူ့ဘဝ ဆိုသည်မှာ မျက်လုံးချင်း တည်ဆောက်ထားသော မေးခွန်းတွေသာ ဖြစ်ပါသည်။

✵✵✵

http://www.cherrythitsar.org

နွေဦးရာသီ၏ စိမ်းစိုလတ်ဆတ်မှုများသည် နေရောင်ခြည်နုနု၌ လှပလွန်းသည်။ ဒီအချိန်တွင် သစ်ပင်တို့သည်လည်း အရွက်သစ်များကြောင့် တစ်နှစ်လုံးတွင် အလှဆုံးအချိန် ဖြစ်နေသည်။

သူရက ဖလော်ဆိုဖီဌာနရှေ့ရှိ လမ်းကွေ့ကွေ့လေးပေါ်တွင် ရပ်၍ ယူကလစ်ပင်များကို ငေးလျက်ရှိသည်။ တချို့ငှက်များက အရွက်နည်းပါးသော ယူကလစ်ကိုင်းပေါ်တွင် နားနေကြ၏။ ကျောင်းဝင်းထဲတွင် ဒီနေ့ လူရှင်းနေပြီး ငှက်အော်သံတွေက ထူးထူးခြားခြား သာယာနေသည်ဟု သူရက ထင်မိသည်။

ထိုစဉ် အဓိပတိလမ်းဘက်မှ ကိုမော်က သူရ ရှိရာသို့ ကွေ့ဝင်လာသည်။ သူရက သူ့ကို ကိုမော် မြင်စေရန် လက်ထောင်ပြလိုက်သည်။ ဒါပေမယ့် ကိုမော်ကသူ့ကို အဝေးကတည်းက မြင်ထား

http://www.cherrythitsar.org


နှင့်ပြီး ဖြစ်သည်။ ကိုမော်က သူရ ရှိရာသို့ တန်းတန်းမတ်မတ်ပင် လျှောက် လာသည်။

အနားသို့ရောက်လာတော့ ကိုမော်က မျက်နှာကို တစ်ချက်မဲ့ရင်း သူရပုခုံးကို ခပ်ဖွဖွ တစ်ချက်ပုတ်လိုက်သည်။

"ဘယ်လိုလဲ . . ကောင်မလေးတွေ များလွန်းလို့စဉ်းစားနေရတာ တော်တော်ပင်ပန်းနေရောပေါ့"

သူရက ကိုမော်စကားကြောင့် အသံထွက်၍ ရယ်ဖြစ်သည်။

"လာ . . ကိုမော်၊ ကျွန်တော်တို့ ကန်တင်းသွားရအောင်"

သူရနှင့် ကိုမော်တို့က တစ်ခန်းထဲပေမယ့် ကိုမော်က သူရထက် သုံးနှစ်ခန့် ပိုကြီးသည်။ သူတို့နှစ်ယောက်သည် ဘယ်ကန်တင်းမှာ ထိုင်မည်ဟု မတိုင်ပင်ခဲ့သော်လည်း နှစ်ယောက်စလုံး၏ ခြေလှမ်းတို့က မြကျွန်းသာဆီကို ဦးတည်နေကြ၏။ လမ်းတစ်လျှောက်တွင် သူတို့ တစ်ယောက်ကိုတစ်ယောက် စကားမပြောကြ။

ကိုမော်က မီးသေသွားသော ဆေးပေါ့လိပ်ကို မီးပြန်ညှိလိုက်သည်။ နောက် ဆေးပေါ့လိပ်ကို အားရပါးရဖွာပြီး သူရကို စကားတစ်ခွန်း ပြောပါသည်။

"သူရ . . ကန်တင်းရောက်ရင် မင်းနဲ့ငါ စကားတွေပြောဖြစ်ကြဦးမယ်ထင်တယ်ကွ"

“ဟာ. . ကိုမော်ကလည်း စကားမပြောလို့ ကျွန်တော်တို့ကဘာ လုပ်ရမှာလဲ”

“မဟုတ်သေးဘူးလေ သူရရဲ့၊ ငါတို့ပြောဖြစ်မယ့် စကားတွေ ဆိုတာ ‘ရှက်ပြေး’ အကြောင်း ပြောကြမှာကို ဆိုလိုတာ”

သူရသည် ရှက်ပြေးဆိုသည့် နာမည်ကြောင့် ခပ်တည်တည် ဖြစ်သွားပြီး တစ်ခုခုကို ခပ်နက်နက် စဉ်းစားနေဟန်တူ၏။ တဖြေး ဖြေးနှင့် သူတို့ လမ်းလျှောက်လာတာ မြကျွန်းသာကို ရောက်လာသည်။

မြကျွန်းသာသည် စကြ်ံလမ်းလေးပေါ်တွင် စားပွဲများကို ခင်းထားသောဆိုင်ဖြစ်၍ နေပူမှာ၊ မိုးရွာမှာ မပူရပါ။

ဆိုင်ကို ရောက်သောအခါ အတွင်းဘက်အကျဆုံးစားပွဲတစ်လုံး တွင် သူတို့ထိုင်ဖြစ်ကြသည်။ လက်ဖက်ရည်နှစ်ခွက်ကို မှာလိုက်ပြီး တစ်ယောက်နှင့်တစ်ယောက် ဘာကို စပြောရမလဲဆိုတာ စဉ်းစားမရ ဘဲ ရှိကြ၏။ ခဏမျှကြာတော့ ကိုမော့်ဆီမှ စ၍ အသံထွက်လာသည်။

“သူရ. . မင်း ဘယ်လိုဆက်လုပ်ဖို့ စဉ်းစားထားလဲ”

သူရက ခေါင်းကိုရမ်းရင်း ပြန်ပြောသည်။

“ကျွန်တော် ဘာမှမစဉ်းစားရသေးဘူး”

“အေး. . ဒီမှာ သူရ၊ မင်း မစဉ်းစားရသေးရင် အခု စဉ်းစား သင့်ပြီ”

ကိုမော်စကားကြောင့် သူရသည် သက်ပြင်းတစ်ချက်ကိုချ၏။ ပြီးတော့. . . အနားတွင်ရှိသော ဗာဒံပင်တစ်ပင်ကို ငေးရင်း ငြိမ်သက်နေတော့သည်။

“ဒီကိစ္စကို ကိုမော်က ဘယ်လိုထင်လို့လဲဟင်”

“ရှက်ပြေးဆိုတာ တကယ်ပဲ ဖြစ်နိုင်ပါတယ်၊ ငါ့အထင်တော့ ဒါဟာ ခင့်ရဲ့ ထွင်ကွက်တစ်ခုပဲကွ”

“အင်း. . ဆိုစမ်းပါဦး၊ ကိုမော်ရဲ့အမြင်ကို. . ”

“ဒီလိုလေ. . မင်းက ခင့်ကိုပဲ ရှက်ပြေးဖြစ်ရမယ်လို့ သေချာပေါက် ယူဆထားတာ မဟုတ်လား”

“အင်းလေ. . ဘာဖြစ်လို့လဲ”

ကိုမော်က အနည်းငယ် စဉ်းစားသလို တွေဝေနေပြီးမှ စကားကို ဆင်ဆင်ခြင်ခြင် ပြောသည်။

“အင်း. . မင်းထင်ထားသလို ဖြစ်နေရင်တော့ ကောင်းတာပေါ့ကွာ၊ ဒါပေမယ့် လောကမှာ မထင်ထားတဲ့ ကိစ္စတွေက အများကြီးပဲ၊ အထင်ဆိုတာ တကယ်တော့ အမှန်တရားတစ်ခု မဟုတ်ဘူးကွ”

“ကိုမော်ရယ်. . . ကျွန်တော်က ခင့်တစ်ယောက်တည်းကိုပဲ ရင်ခုန် တာပါ”

http://www.cherrythitsar.org


သူရက ပေါ့ပေါ့ပါးပါး ပြောရင်း ခပ်ဖွဖွရယ်ပါသည်။

ကိုမော်က. . .

"ဒါပေမယ့် တခြားလူတွေရဲ့ ခံစားမှုဆိုတာကလဲ အရေးကြီးတယ်၊ မင်းရင်ခုန်တာ ခင်ဆိုပေမယ့်. . . တခြားလူတွေရဲ့ ခံစားမှုကို လဲဂရုစိုက်ဖို့ လိုလိမ့်မယ်၊ ပြီးတော့ မင်းက ရှက်ပြေးဆိုတဲ့ ဘယ်သူမှန်း သေချာမသိသေးတဲ့ ကောင်မလေးတစ်ယောက်ရဲ့ချစ်သူ. .၊ သေချာစဉ်းစားကြည့်ရင် ပေါ့ပေါ့လေးမဟုတ်ဘူး။ အခုဟာ. . . ခင်သာ ရှက်ပြေး ဖြစ်မနေဘူးဆိုရင် ဒီပွဲက အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်မယ့် ကိန်းပဲ၊ နောက်ထပ်တစ်ခုထပ်စဉ်းစားရမှာက ခင့်မှာ ဇော်ထွန်းဆိုတဲ့ လက်ရှိရည်းစားကလဲ ရှိသေးတယ်၊ခင်ကဒီလိုပဲ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ပြောင်းတွဲတာ ဆိုပေမယ့် ကျန်ရစ်ခဲ့တဲ့ ကောင်လေးတွေက လူတွေကွ၊ သွေးသားနဲ့၊ ခံစားမှုနဲ့. . .။သူတို့ကိုလဲ ထည့်စဉ်းစားဖို့လိုတယ်"

ကိုမော်စကားကြောင့် သူရ ငိုင်သွားသည်။ အခု. . ကိုမော် ထောက်ပြပြောဆိုခဲ့တာတွေ အားလုံးက အမှန်တွေချည်းပဲ မဟုတ်လား။

သူရသည် ဘာပြန်ပြောရမည် မသိဘဲ စိတ်ကျဉ်းကျပ်စွာ ခေါင်းကုပ်မိ၏။

လေတို့သည် ခပ်ဖြေးဖြေး တိုက်ခတ်နေသဖြင့် သစ်ရွက်တို့က လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ သူရက လက်ဖက်ရည်ခွက်ကို တစ်ငုံ မော့သောက်၏။ ဘာအရသာမှ မရှိ. . ။

ထိုစဉ် ရန့်သင်းသင်းနှင့်အတူ ရယ်မောသံများက ပတ်ဝန်းကျင်တွင် ဆူညံလာသည်။ လှည့်ကြည့်မိတော့. . . ခင်၊ ဇင်မာ၊ နေခြည်၊ ငုဝါ။ လေးယောက် (သို့မဟုတ်) ရှက်ပြေး။

သူတို့လေးယောက်သည် သူရတို့ဆီသို့ တည့်မတ်စွာ လာနေကြ၏။

မြကျွန်းသာ၏ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သည့် သူတို့လေးယောက်ကို ကိုမော်က မနှစ်မြို့သလို တစ်ချက်ကြည့်လိုက်ပါ သည်။ ဘာမှတော့မပြော။

ခင်တို့အုပ်စုက သူရတို့ဝိုင်းမှာ ထိုင်ကြသည်။ ခင်က သူရဘေးမှာ ထိုင်၏။ ဇင်မာဝေကတော့ သူ့စတိုင်လ်အတိုင်း ဘာမှဝင်မပြောဘဲ ငြိမ်သက်စွာရှိသည်။

နောက်တော့ ဘာသောက်ကြမလဲဟု လာမေးသော စားပွဲထိုးလေးကို ခင်ကပင် ဘာမှမသောက်တော့ကြောင်း ပြောသည်။ ငုဝါကလည်း ခါတိုင်းလို မသွက်လက်ဘဲ ဒီနေ့ကျမှ စကားနည်းနေသည်ဆိုတော့. . . စကားဝိုင်းကို ခင်ကပင် ဦးဆောင်ရသည်။

"မနက်ဖြန် ခင့်မွေးနေ့၊ အဲဒါ. . . ရှင်တို့ ဘာစားချင်ကြလဲ၊ ဘာလုပ်ချင်ကြလဲ"

နေခြည်ကျော်က ခင့်စကားကြောင့် တက်ကြွစွာ သူ လုပ်ချင်သည့်ကိစ္စကို တင်ပြသည်။

"ငါတို့ မနက်ဖြန်ကျရင် တိရစ္ဆာန်ရုံ သွားကြရအောင်လေ"

နေခြည်ကျော့်စကားကို ငုဝါက ချက်ချင်းပင် ကန့်ကွက်သည်။

"ဟာ. . နေခြည်ရယ်၊ နင်ကလဲ. . တိရစ္ဆာန်ရုံဆိုတာ ကလေးတွေ၊ မိသားစုတွေ၊ စုံတွဲတွေသွားကြတာဟ၊ အခု. . . ဒီလူတွေထဲမှာ အဲဒီအခြေအနေမျိုး တစ်ယောက်မှမရှိဘူး"

ထိုအခါ ခင်က စကားတစ်ခွန်းဝင်ပြောသည်။

"ဒါဆို. . ဘယ်သွားချင်လဲ"

တကယ်တော့ ခင့်မေးခွန်းသည် အားလုံးကိုမေးသည့်သဘောမျိုးဖြစ်သော်လည်း တကယ်တမ်း ခင် ရည်ရွယ်ပြောသည်မှာ သူရကို ဖြစ်ပါသည်။

သူရက ခင့်မွေးနေ့ပွဲအတွက် အဆုံးအဖြတ် ဝင်ပေးသည်။

"ဒီလိုလုပ်ကြပါလား. . ဘယ်မှ အဝေးကြီး တကူးတက သွားမနေကြတော့နဲ့၊ ကျောင်းထဲမှာပဲလုပ်ပေါ့၊ ခင်ကလဲ တခြား

http://www.cherrythitsar.org


ရှာရှာဖွေဖွေ ကျွေးမနေနဲ့တော့၊ ကန်တင်းမှာ သူတို့ စားချင်တာ ကျွေးလိုက်ရုံပဲ. . မကောင်းဘူးလား”

သူရစကားကို ခင်က ထောက်ခံ သဘောတူလိုက်၏။ ကျန်တဲ့ သူငယ်ချင်းတွေကလည်း ဘာမှမပြောကြ။ ဒီလိုနှင့် သူရ၏ အစီအစဉ်သည် အတည်ဖြစ်သွားပြီး အားလုံးက မနက်ဖြန်ကို ကိုယ့်စိတ်ကူးနဲ့ကိုယ် ခရီးဆက်နေကြသည်။

ခင့်ကို ဘာကျွေးခိုင်းရမလဲ။

ခင့်ကို ဘာလက်ဆောင်ပေးရမလဲ။

လေတစ်ချက်တိုက်လိုက်သောအခါ သူရကို ခိုးကြည့်သော ဇင်မာဝေ လန့်သွား၏။ ခင်က ထိုအဖြစ်ကို သဘောကျစွာ တစ်ချက်ပြုံးသည်။

ကိုမော်ကလည်း သူတို့လေးယောက်ထဲမှ ရှက်ပြေး ဘယ်သူဖြစ်နိုင်မလဲဆိုတာ အကဲခတ်နေ၏။ သူရက ခါတိုင်းလို ဘာသိဘာသာ မနေတော့ဘဲ ရှက်ပြေး ဘယ်သူဆိုတာကို မလွတ်တမ်း လေ့လာပါတော့သည်။

ငုဝါနှင့် နေခြည်ကျော်က ခင့်ကို မွေးနေ့လက်ဆောင်ပေးဖို့ တိုင်ပင်နေကြသည်။ ကျန်လူများက ဆေးပေါ့လိပ်ဖွာလိုက်၊ လက်ဖက်ရည်သောက်လိုက်၊ မဆိုသလောက် အာလ္လာပသလ္လာပများ ပြောလိုက်နှင့် စကားဝိုင်းကို ဆက်နေ၏။

သူရသည် ဇင်မာဝေ မျက်လုံးများကို ခံစားရိပ်မိသော်လည်း ရွှန်းလဲ့ရဲတင်းသော ခင့်မျက်လုံးများကိုသာ ရင်ခုန်မိသည်။ ခင်နှင့် သူရတို့ အကြည့်ချင်းဆုံမိကြလျှင် တစ်ယောက်၏ မျက်ဝန်းနက်နက် များကို တစ်ယောက်ကပိုင်ဆိုင်ချင်ကြသည်။ တစ်ယောက်၏ အဓိပ္ပာယ် များတွင် တစ်ယောက်က ခိုအောင်းချင်ကြသည်။

ကိုမော်၊ ငုဝါနှင့် နေခြည်ကျော်တို့က ထိုအခါများတွင် မဆီ မဆိုင် ဇင်မာဝေ့ကို အားနာနေကြလေသည်။

ဇင်မာဝေသည် တစောင်းကြွေကျသွားသော နွေဦးသစ်ရွက်တို့ကို ဝမ်းနည်းစွာ လှျောက်ကြည့်နေမိသည်။ ဖြစ်နိုင်ရင် သူက ဒီဝိုင်း ကနေ အဝေးဆုံးကို ထွက်သွားချင်လှသည်။

အဝေးဆိုသည်မှာ ဆုံးရှုံးသူအဖို့ အကောင်းဆုံးကုထုံးတစ်မျိုး ဖြစ်ပါသည်။

✵✵✵

နောက်တစ်နေ့ . . ။

(သို့မဟုတ်) ခင့်မွေးနေ့။

ရွှေစားသောက်ဆိုင်တွင် သူရမှလွဲ၍ သူငယ်ချင်းအားလုံး ရောက်နေကြပြီ။ ခင်က အဖြူရောင်ဝမ်းဆက်ပေါ်တွင် အနက်ရောင် ဝေ့(စ်)စကုတ်ခါးတိုလေးကို ထပ်ဝတ်ထား၏။ မွေးနေ့ရှင်ပီပီ ဒီနေ့ အတွက် ခင်က အလှဆုံးဖြစ်ပါသည်။

စားပွဲပေါ်တွင် ဒိန်ချဉ်ခွက်၊ ကြာဇံကြော်၊ ခေါက်ဆွဲကြော်၊ အအေးပုလင်းများနှင့် သူတို့၏ ပစ္စည်းပစ္စရများက ရှုပ်ယှက်ခတ်နေ၏။

ဘာကြောင့်မှန်းမသိသော် ခင်က ဒီနေ့ကို ပျော်ရွှင်နေမိသည်။ ကိုမော်ပေးသော ဖောင်တိန်၊ ငုဝါနှင့် နေခြည်ကျော်တို့ စပ်ဝယ်ပေး သော ရွှေဟာမ်းချိန်းမျှင်မျှင်လေး တစ်ခု၊ ဇင်မာဝေက ဖဲထီးတစ်ချောင်း၊

http://www.cherrythitsar.org


ဇော်ထွန်းဝယ်ပေးသော ပုလဲရောင် ကလစ်သေးသေးလေးများ. . .၊ စသည့် လက်ဆောင်ပစ္စည်းများကို ခင်က တစ်ခုစီ သေချာကြည့်နေ၏။

ထိုစဉ် ကိုမော်က လက်မှနာရီကို ကြည့်ရင်း စကားတစ်ခွန်း ပြောသည်။

"သူရကလည်း သိပ်နောက်ကျတာပဲ"

နေခြည်ကျော်က ဇော်ထွန်းပေးထားသော ကလစ်သေးသေး လေးတွေကို ယူကြည့်သည်။ ပြီးတော့. . . မေးသည်။

"ဟဲ့. . ခင်၊ ဇော်ထွန်းရော မလာဘူးလား"

"မလာဘူးလေ. . သူက ညနေမှ"

ခင့်အဖြေကို ငုဝါက အံ့ဩသွားသလို သရော်သည်။

"သြော်. . သြော်. . လေးစားလောက်ပါပေတယ်"

ဒါပေမယ့် ခင်က ဘာမှ အမှတ်မထားဟန်ဖြင့် ခပ်ပေ့ါပေ့ါ သာနေလိုက်၏။ ကိုမော်ကလည်း မိန်းကလေးချင်း ပြောနေသည့် စကားများကို နားထောင်ရုံသာ နားထောင်နေပြီး ဘာမှဝင်မပြော။

ဒီလိုနှင့် ခဏမျှကြာသောအခါ အားလုံး မျှော်လင့်နေသည့် သူရက လက်ထဲတွင် သတင်းစာတစ်စောင် ကိုင်လျက် အပြေး အလွှားရောက်ချလာသည်။ သူရက တီရှပ်အဖြူနှင့် ဂျင်းဘောင်းဘီ ကို ပေ့ါပါးစွာ ဝတ်ဆင်ထားပြီး လွတ်လပ်တက်ကြွနေလေသည်။

ရောက်ရောက်ချင်း သူရကို ငုဝါတို့က နောက်ကျသဖြင့် ဝိုင်းဝန်းအပြစ်တင်ကြသည်။

ဇင်မာဝေကတော့ ဖျတ်ကနဲ တစ်ချက်ခိုးကြည့်လိုက်ပြီး သူ့ဝမ်းနည်းနေခြင်းကို ဘာမှမဖြစ်သလို ခပ်မှန်မှန်နေ၏။ ဒါပေ မယ့် ထိုကိစ္စကို ခင်၊ သူရ၊ ကိုမော် စသူတို့က တစ်ယောက်ကို တစ်ယောက် အလွတ်မပေးစတမ်း စောင့်ကြည့်နေသူများပီပီ မြင်ဖြစ်အောင် မြင်လေသည်။ ကိုမော်က အခြေအနေကို ထိန်းသည့်သဘောဖြင့် သူရ ကို စကားပြောလိုက်သည်။

"မင်းကလဲ. . နာရီလေးဘာလေးကြည့်ပါဦး၊ ဘယ်အချိန်ရှိပြီလဲလို့"

"ဆောရီး. . . ကိုမော်ရာ. . ဒီမှာ ခင့်မွေးနေ့ဆုတောင်းကို သတင်းစာမှာ ထည့်ထားတာ ပါရဲ့လားဆိုပြီး လိုက်ရှာနေရ လို့ဗျ"

သူရက လက်ထဲမှ သတင်းစာကို မြှောက်ပြရင်း ပြောတော့ အားလုံးက တအံ့တသြနှင့် ဝိုင်းပြီးအပြစ်တင်ကြသည်။

"သူရ အစုတ်ပလုတ်၊ သိပ်လျှိုတာပဲ၊ ငါတို့ကျတော့ မပြောဘူး၊ ငါတို့နာမည်လဲ ထည့်ချင်တာပေါ့ဟ"

"အေးလေ၊ အဲဒီကောင် တစ်ကောင်ထဲ ကျိတ်လုပ်တာ"

ကိုမော်ကလည်း ထူးဆန်းနေ၏။

http://www.cherrythitsar.org


“မင်းကွာ မနေ့ကမှ မွေးနေ့ကိုသိရတာ၊ ဒီနေ့သတင်းစာထဲမှာ ပါအောင်ထည့်နိုင်တာ အံ့ပါရဲ့ကွာ၊ တချို့ဆို မွေးနေ့ကို အချိန်ကိုက်ပါချင်ရင် အနည်းဆုံးတစ်ပတ်လောက် ကြိုစီစဉ်ရတာ”

ခင်က မျက်ရည်လဲ့သည်အထိ ဝမ်းသာကြည်နူးနေ၏။ ဇင်မာဝေကတော့ မူမပျက်အောင် မနည်းဟန်ဆောင်ထားရသည်။

ငုဝါက. . .

“သူရ. . နင် ဘယ်လိုဆုတောင်းထားလဲ၊ သတင်းစာပြ”

ဆိုပြီး သူရလက်ထဲက သတင်းစာကို အတင်းတောင်းသည်။ သူရကမပေးဘဲ သတင်းစာကို လိုက်လုသဖြင့် ဝိုင်းထဲတွင် ရုတ်ရုတ်သဲသဲ ဖြစ်နေသည်။

“ဟဲ့. . နင်တို့ကလဲ အတင်းလိုက်မလုနဲ့လေ”

ဇင်မာဝေက အမြင်မတော်၍ ဝင်တားရသည်။

အဲဒီ အလစ်အငိုက်မှာပင် သူရက. . .

“ဟုတ်တယ်. . . ဟုတ်တယ်. . . နင်တို့ အရင်ဖတ်ချင်လို့ ဘယ်ရမလဲ၊ ကာယကံရှင် ခင့်ကို အရင်ဆုံး ပေးဖတ်မယ်၊ ရော့. . ခင်”

http://www.cherrythitsar.org


ခင်က သူရပေးသော သတင်းစာကို ရင်ခုန်စွာ လှမ်းယူလိုက်သည်။ ပြီးတော့ မွေးနေ့ဆုတောင်း၊ စေ့စပ်ကြောင်းလမ်း၊ လက်ထပ်မင်္ဂလာသတင်းများ ပါတတ်သော စာမျက်နှာကို လှန်လိုက်၏။ ဒီကြားထဲ ဒီနေ့သတင်းစာဟုတ်ရဲ့လားဆိုတာ ရက်စွဲကို ကြည့်ရသေးသည်။

ခင်က သတင်းစာမှာ သူ့အတွက် မွေးနေ့ဆုတောင်းကို ရှာနေစဉ် ငုဝါနှင့်နေခြည်ကျော်တို့ကလည်း သတင်းစာရှိရာမှာ ဝိုင်းအုံဖတ်နေကြသည်။

သူတို့ ချက်ချင်းမတွေ့ကြ။ နောက်တစ်ရွက်ကို လှန်လိုက်သည်။

ဟော. . .

နှစ်လက်မတစ်ကော်လံ အကွက်လေး တစ်ကွက်ပေါ်တွင် စက္ကူဖြင့် ထပ်ကပ်ထားသော မွေးနေ့ဆုတောင်းတစ်ခု။ သူရက လက်ရေးဖြင့် ရေးထား၏။ ဖတ်ကြည့်လိုက်တော့. . .

**ချစ်သူငယ်ချင်း ခင်တစ်ယောက်**

**ဒီနေ့တွင် ကျရောက်သော ၂၃ နှစ်မြောက်မွေးနေ့မှသည်**

**အဘွားကြီးအိုလေးဖြစ်တဲ့အထိ**

**ပျော်ရွှင်အေးချမ်းနိုင်ပါစေ။**

**သူရ**

http://www.cherrythitsar.org


အားလုံးက သူရ၏ မွေးနေ့ဆုတောင်းကို သဘောကျစွာ ဆဲဆို နောက်ပြောင်နေကြသည်။ ကိုမော်နှင့် ဇင်မာဝေကလည်း တစ်ယောက် တစ်လှည့်စီ ဖတ်ကြည့်ပြီး သူရ၏ မွေးနေ့ဆုတောင်းကို အံ့ဩနေကြ သည်။

"နင့်လိုမွေးနေ့ဆုတောင်းကတော့ တစ်လတိတိ ဆက်တိုက် ထည့်ပေးနိုင်တယ်. . နားလည်လား"

ငုဝါက ပြောရင်း သူရကို ကြိမ်းသည်။ ကိုမော်ကလည်း ပြော၏။

"ငါကတော့ အဟုတ်မှတ်လို့. . မနေ့က မွေးနေ့ကို သိရတာ ဒီနေ့ မွေးနေ့ဆုတောင်း ပါတယ်ဆိုတော့ ငါတောင် အံ့ဩ နေတာ"

ခင်ကတော့ ဘာပဲဖြစ်ဖြစ် ပျော်ရွှင်နေပြီး သူရ ပေးသော သတင်းစာကို လွယ်အိတ်ထဲသို့ ထည့်သိမ်းသည်။

ထိုအဖြစ်ကို ငုဝါက နေခြည်ကျော်အား မေးငေါ့ပြ၏။ နေခြည် ကျော်ကလည်း နှုတ်ခမ်းကို တမင်မဲ့ထား၏။ ယောက်ျားလေးတွေ ဖြစ်သော ကိုမော်နှင့် သူရက မသိချင်ယောင်ဆောင်နေရသည်။

ထိုစဉ် ငုဝါဆီမှ အသံထွက်လာသည်။

"အခုဆိုရင် မွေးနေ့လက်ဆောင်တွေအားလုံးလဲ စုံပြီ။ ငါတို့

လဲ ကင်တင်းမှာ စားရတာ ဝသွားပြီ၊ တခြားကင်တင်း သွားကြမယ်။ သူရ. . နင် ဘာမှမစားရသေးဘူးမဟုတ်လား၊ ဟိုရောက်မှပဲ စားတော့ဟာ”

ဝိဇ္ဇာကင်တင်း၏ လက်ဖက်ရည်မှာသံ၊ ကျောင်းသားများ၏ ရယ်မောသံ၊ ပန်းကန်သံ၊ ဇွန်း၊ ခက်ရင်းသံများကြားတွင် ခင့်မွေးနေ့ပွဲသည် အရင်နှစ်များထက် ပိုမိုအဓိပ္ပာယ်ရှိနေ၏။ ဘယ်အပင်ကိုပဲ ကြည့်လိုက်ကြည်လိုက် သစ်ရွက်တွေက ဖက်ဖူးရောင်စိုစွတ်သည်ဟု သူရ ထင်မိသည်။

ခင်က စားသောက်ထားသမျှကို ပိုက်ဆံရှင်းသည်။ နောက်အီကိုကင်တင်းဆီသို့ သူတို့အုပ်စု ဦးတည်ကြပြန်သည်။

ငုဝါက ဇင်မာဝေကို အကဲခတ်ကြည့်မိသည်။

သူ ချစ်ပါတယ်ဟု ဝန်ခံထားသော ယောကျ်ားတစ်ယောက်ကို တခြားမိန်းမတစ်ယောက်နဲ့ ရင်ခုန်ကြည်နူးနေတာကို မြင်ရတော့ ဝမ်းနည်းနေမှာပဲဟု ငုဝါက တွေးရင်း သူငယ်ချင်းဖြစ်သူကို သနားသွားသည်။

နေရောင်ထဲတွင် အမှုန်အမွှားက ခုန်ပေါက်ပျံ့နှံ့နေကြ၏။ လေစိမ်းတွေက ကြမ်းကြမ်းတမ်းတမ်း ဖြတ်သန်းသွားကြ၏။ သစ်ရွက်ခြောက်ကြွေများက မြေပြင်ပေါ်မှာ လိမ့်ကာလွင့်ကာ ရွေ့လျားသွားလေသည်။

http://www.cherrythitsar.org


ဒီနေ့တွင် အီကိုကင်တင်းမှာ ခါတိုင်းလောက် မစည်ကားဟု ထင်ရ၏။ သူတို့အုပ်စုဝင်လာတော့ နည်းနည်းခြောက်ကပ်နေသော ကန်တင်းမှာ စိုစိုပြေပြေ ဖြစ်သွားပါသည်။ စားပွဲထိုးလေးတစ်ယောက် က သူတို့ဝိုင်းကို ရောက်လာ၏။

"ကဲ. . ဘာထပ်စားကြဦးမလဲ. . "

ခင်က အားလုံးကို ခြုံပြီး မေးသည့်သဘောဖြင့် မေးလိုက်သည်။

"ခေါက်ဆွဲ. . "

ရုတ်တရက် ထိုအသံက လူနှစ်ယောက်ဆီမှ တိုင်ပင်မထားဘဲ ပြိုင်တူထွက်လာ၏။ သူရနှင့် ဇင်မာဝေ. . ။

အားလုံးကလည်း အံ့ဩစွာ ဝိုင်းကြည့်နေကြသည်။ ဒါသည် နှစ်ယောက်စလုံးက တကယ့်ကိုရိုးရိုးသားသား စားချင်တာ မှာလိုက် တာဖြစ်သည်။ ကျန်လူများအားလုံးကလည်း အဲဒီအချက်ကိုသိသည်။ ခင်က နည်းနည်းမျက်နှာပျက်မိသော်လည်း ဘာမှမဟုတ်လောက် သည့်ကိစ္စဟု သဘောထားကာ မမှာရသေးသော ကျန်လူများကို "နင်တို့ ဘာစားကြမှာလဲ" ပြောရင်း အခြေအနေကို ထိန်းသည်။

သူရကလည်း ဇင်မာဝေကို သူနဲ့မှ အကြိုက်ချင်း လာတူနေ သည့်အတွက် အသိအမှတ်ပြုသည့်အနေဖြင့် နွေးထွေးစွာ ပြုံးပြသည်။ ဇင်မာဝေလည်း ရင်ခုန်သွားပြီး ရဲရဲတင်းတင်းပြန်၍ စိုက်ကြည့်မိသည်။

http://www.cherrythitsar.org


အချစ်သည် ဒီလိုပဲ ရဲရင့်မှုတွေကို ယူဆောင်လာတတ်ပါသည်။

"စတားကိုလာတစ်လုံး၊ ပြီးတော့ . . လန်ဒန်တစ်ပွဲ"

ကိုမော်က အသံခပ်ကျယ်ကျယ်ဖြင့် စားသောက်စရာတို့ကို မှာယူပြီး သူရနှင့် ဇင်မာဝေတို့နှစ်ယောက်ကို သတိပေးသည်။ ထိုအခါ ဇင်မာဝေ ရုတ်ချည်းသတိဝင်လာပြီး ရှက်သွားကာ ငုဝါကို အားကိုးတကြီး လှမ်းကြည့်သည်။ ငုဝါက ဇင်မာဝေကို အားပေးသလို ပြုံးပြလိုက်ပါသည်။

ခင်က အားလုံးကို ရိပ်မိသလိုဖြင့် စိတ်ပျက်စွာ ခေါင်းတစ်ချက် ရမ်းသည်။ စိတ်ထဲတွင်လည်း သူရ၏ အချစ်ကို အမြန်ဆုံး ရရန် ဆုံးဖြတ်ချက်ချလိုက်သည်။ ခင်က သူရဆီမှ အချစ်တွေကို မြင်ထားပြီးဖြစ်သည်။ သူနှင့် ဇော်ထွန်းတို့၏ ဇာတ်လမ်းကိုလည်း ပြီးသင့်ပြီဟု ခင်ကထင်၏။ ခင်သည် ဇော်ထွန်းနှင့်သူ ကင်းကင်းရှင်းရှင်း ဖြစ်အောင် နေပြဖို့လိုကြောင်းကိုလည်း သဘောပေါက်ထားသည်။

အဲဒီအချိန်တွင် ရှပ်အင်္ကျီအဖြူရောင်နှင့် ကချင်ပုဆိုးအကွက်ကို ခပ်တိုတိုဝတ်ဆင်ထားသော လူတစ်ယောက်က ဝိုင်းရှေ့မှာ လာရပ်သည်။ အားလုံးက ထိုပုဂ္ဂိုလ်ကို ဝိုင်းကြည့်ကြသော်လည်း ထိုပုဂ္ဂိုလ်ကတော့ ဇင်မာဝေတစ်ယောက်တည်းကိုသာ ကြည့်ပါသည်။

http://www.cherrythitsar.org


ဇင်မာဝေကလည်း ထိုလူကို မှတ်မိဟန်ဖြင့် ပြုံးပြနှုတ်ဆက်လေသည်။

"မဇင်မာဝေကို ခါတိုင်း ဒီကင်တင်းမှာ မတွေ့ပါဘူး၊ အခုမှ စိတ်ကူးပေါက်ပြီး ရောက်လာတာလား"

"ဟို. . . မဟုတ်ဘူးရှင့်၊ သူငယ်ချင်းမွေးနေ့မို့ အဲဒါ အုပ်စုလိုက် ချီတက်ရင်း ပါလာတာ"

"ဪ. . . "

ထိုလူက အာမေဍိတ်တစ်ခုကို ဖန်တီးပြီး ရှေ့ဆက် စကားပြောဖို့ အားယူနေဟန်တူသည်။

"ကိစ္စအထွေအထူးများရှိသလား ကိုကျော်ကျော်ဦး၊ ပြောစရာရှိရင် ပြောပါ၊ ဒါ. . ကျွန်မသူငယ်ချင်းတွေချည်းပဲ"

ဇင်မာဝေက စကားလမ်းကြောင်းဖွင့်ပေးတော့ ထို ကျော်ကျော်ဦး ဆိုသည့်လူက ဒီနေရာမှာပဲ ပြောဖို့ ဆုံးဖြတ်ချက်ချလိုက်ပုံရသည်။

"ဒီလိုဗျ၊ ဒီနှစ်ထုတ်မယ့် ကျွန်တော်တို့မေဂျာက မဂ္ဂဇင်းမှာ ကျွန်တော်က တာဝန်ခံအယ်ဒီတာပဲ့လေ။ အဲဒါ မဇင်မာဝေ ဆီက ကဗျာတစ်ပုဒ်လောက် လိုချင်လို့"

ဇင်မာဝေက ထိုစကားကြောင့် ရယ်ချင်စိတ်ကို မနည်းထိန်းလိုက်ရသည်။ ငုဝါတို့ နေခြည်ကျော်တို့က အံ့သြဝမ်းမြောက်နေလျှက်။

တကယ်တော့ ဇင်မာဝေ ကိုယ်တိုင်ကလည်း ဝမ်းသာနေမိသည်။ ငါ့လို ဘာမှမဟုတ်သေးတဲ့ လူဆီကများ ကဗျာလိုချင်လို့တဲ့။ ဒါပေမယ့်. . ဒါသည် တကယ် ဖြစ်နေခဲ့သည်။ ကျော်ကျော်ဦးဆိုတဲ့ လူက တက္ကသိုလ်ရဲ့ စာပေအနုပညာကိစ္စတွေနဲ့ ပတ်သက်ပြီး အမြဲ တက်တက်ကြွကြွ ရှိတတ်သူ။

ဟိုတစ်လောတုန်းကမှ သူငယ်ချင်းတစ်ယောက်က ဇင်မာဝေနှင့် ကျော်ကျော်ဦးကို မိတ်ဆက်ပေးခဲ့ခြင်းဖြစ်သည်။ စာပေသမားချင်းမို့ စကားတွေပြောရင်းနှင့် ဇင်မာဝေက သူ့ကဗျာတွေ အနည်းအကျဉ်း စမ်းသပ်ရေးနေကြောင်း ပြောပြလိုက်မိသည်။ အခုကိစ္စက အဲဒီလို ရာဇဝင် ရှိခဲ့၏။

“ဟို. . မဟုတ်တာ ကိုကျော်ကျော်ဦးရယ်၊ ကျွန်မကဗျာတွေက ကောင်းမှာ မဟုတ်ပါဘူး၊ တခြားလူတွေဆီကပဲ တောင်းလိုက်ပါလား”

ကျော်ကျော်ဦးက ပြန်ပြောသည်။

“မဇင်မာဝေက ကိုယ့်ကိုယ်ကို သိမ်နိမ့်ချတာပဲကိုး. . . လုပ်စမ်းပါဗျ၊ ဘာဖြစ်သလဲ. . ရဲရဲဝံ့ဝံ့ပေါ့၊ တခြားလူတွေဆီကလဲ ကျွန်တော် တောင်းထားပါတယ်၊ အခုမဂ္ဂဇင်းမှာ လူစုံ အောင်ပါစေချင်လို့ပါ”

ငုဝါကလည်း. . .

http://www.cherrythitsar.org


"ဟုတ်သားပဲ. . . ဇင်မာရယ်၊ ပထမဦးဆုံးအကြိမ် စာမူအတောင်းခံရတာ မငြင်းရဘူး၊ ပေးလိုက်. . ပေးလိုက်"

ဇင်မာဝေက သူငယ်ချင်း၏ စေတနာကို သိစွာ ခပ်ဖွဖွ ပြုံးမိသည်။

"ဒါဆိုလဲ ကျွန်မ ကဗျာတစ်ပုဒ်ပေးပါ့မယ်၊ ကိုကျော်ကျော်ဦး အနုပညာအသင်းမှာပဲ ရှိတတ်တယ် မဟုတ်လား၊ ကျွန်မ တစ်ရက် နှစ်ရက်အတွင်း အဲဒီကို လာပေးထားလိုက်မယ်လေ"

"ဟာ. . ကောင်းတာပေါ့၊ ကျေးဇူးလဲတင်ပါတယ်၊ အနုပညာအသင်းမှာ ကျွန်တော်နဲ့မတွေ့ရင် တွေ့တဲ့လူသာ ကျွန်တော့်နာမည်ပြောပြီး ပေးထားလိုက်. . ဟုတ်ပြီလား"

"ဟုတ်ကဲ့. . "

"ဒါဆို. . ကျွန်တော် သွားလိုက်ဦးမယ်"

ကျော်ကျော်ဦးက တစ်ဝိုင်းလုံးကို နှုတ်ဆက်သည့်သဘောဖြင့် အားလုံးကို ဝေ့ကြည့်ပြီး ထွက်သွားသည်။ ကျော်ကျော်ဦး ထွက်သွားသောအခါ ကိုမော်နှင့် သူရတို့ဆီမှ အံ့ဩနေသည့် မျက်လုံးများကို ဇင်မာဝေ ရင်ဆိုင်ရသည်။

သူရက မနေနိုင်စွာ ဇင်မာဝေကို မေးမိ၏။

"ဇင်မာဝေ ကဗျာတွေရေးတယ် ဟုတ်လား"

http://www.cherrythitsar.org


ငုဝါက ဇင်မာဝေကို စားပွဲအောက်မှ လက်ဖြင့်ကုတ်၍ ပြန်ဖြေဖို့ အချက်ပြသည်။

"ဟုတ်ကဲ့. . ဒါပေမယ့် နည်းနည်းပါးပါးပါ"

ဇင်မာဝေက တိုးတိတ်စွာ ခပ်ရွံ့ရွံ့ပြန်ဖြေတော့ သူရက ထပ်မေး၏။

"ကလောင်နာမည်ကရော ဘယ်လိုလဲဟင်. . . ဇင်မာဝေပဲလား၊ ဒါမှမဟုတ် တခြားတစ်ခုခု ရှိသေးသလား"

သူရမေးခွန်းကြောင့် မိန်းကလေးအားလုံးသည် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး ခင်သည်လည်း ခါတိုင်းလို ဟန်မဆောင်နိုင်တော့။ ဇင်မာဝေကလည်း သူရ၏ ရုတ်တရက်မေးခွန်းကြောင့် ဘာပြန်ဖြေရမလဲ မသိ ဖြစ်နေသည်။

ရှက်ပြေး ဆိုတဲ့ နာမည်ကိုပြောတော့ ပြော၍ မဖြစ်မှန်း မိန်းကလေးအားလုံးက သဘောပေါက်ထားသည်။ ငုဝါ ဒီအခြေအနေတွင် ဆုံးဖြတ်ချက်တစ်ခု ချပြီး ဝင်ပြောပါသည်။

"ဟုတ်တယ် သူရရဲ့၊ ဇင်မာဝေ. . . ကလောင်နာမည်က ဇင်မာဝေပဲ၊ အဲဒီအတိုင်းပဲ မပြောင်းဘူး"

အဲဒီတော့မှ ဇင်မာဝေလည်း ငုဝါစကားအတိုင်း ခပ်မြန်မြန်

ခေါင်းညိတ်ပြလိုက်သည်။ ခင်လည်း အခုမှပင် သက်ပြင်းကို ခပ်ရဲရဲ ချဝံ့၏။

ထို့နောက် အားလုံးသည် ပုံမှန်အတိုင်း ပြန်ဖြစ်သွားပြီး ခင့်မွေးနေ့ပွဲကို တစ်နေကုန် ဆက်လက်ကျင်းပကြသည်။

ညနေရောက်သည့်တိုင်အောင် ခင်က ဇော်ထွန်းနှင့် ချိန်းထားသောနေရာကို မသွားတော့ဘဲ ဒီလူတွေနှင့်ပင် အချိန်များကို ကုန်ပစ်လိုက်၏။ နေခြည်ကျော်က သတိပေးသလိုပြောတော့ ခင်က တိတ်တိတ်နေရန် အချက်ပြပါသည်။

ဒီလိုနှင့်ပင် ခင့်မွေးနေ့ပွဲသည် သိပ်မထူးခြားလှသည့် အဖြစ်အပျက်များကြားမှာ ကုန်လွန်သွားခဲ့သည်။ ဘာပဲဖြစ်ဖြစ် ထိုနေ့ကို အမှတ်တရ ဖြစ်စေသူကတော့ ခင်နှင့် ဇင်မာဝေတို့ပင် ဖြစ်ပါသည်။ ပြန်ခါနီးတွင် ခင်က ဇင်မာဝေ့ကို စကားတစ်ခွန်း ပြောလေသည်။

"ဇင်မာ. . နင်ကျော်ကျော်ဦးကို ကဗျာပေးတဲ့အခါ ကလောင်နာမည်ကို ဇင်မာဝေလို့ပဲ ရေးနော်"

✵✵✵

ခင့်မွေးနေ့အပြီး နောက်ထပ် သုံးရက်မြောက်သောနေ့တွင် ခင်က သူငယ်ချင်းများဆီသို့ သတင်းတစ်ခုကို ပျော်ရွှင်လှိုက်လှဲစွာ ယူဆောင်လာပါသည်။ အဲဒီသတင်းကတော့ ခင်နှင့် ဇော်ထွန်းတို့ ပြတ်သွားကြပြီဆိုသည့် သတင်းဖြစ်သည်။ သို့သော် သူရအပါအဝင် ဘယ်သူကမှ အဲဒီသတင်းကြောင့် အံ့သြသွားခြင်း မရှိကြပါ။ ထို သတင်းကို ကြားကြားခြင်း ကိုမော်ကသူရကို အဓိပ္ပာယ်ပါပါတစ်ချက် လှမ်းကြည့်တာကလွဲပြီး ဘာမှမပြောချေ။ သူရကတော့ နည်းနည်း ဝမ်းသာနေပြီး ကိုမော်ဆီမှ မှတ်ချက်တစ်ခုခု ကြားချင်နေမိသည်။

ဇော်ထွန်းနှင့် ခင်တို့ ဘယ်လိုပြတ်သွားကြသလဲ ဆိုတာကို တော့ ခင်က ဘယ်သူ့ကိုမှ ရေရေရာရာ မပြောပြပါ။ ထိုကိစ္စကို ခင်က တိတ်ဆိတ်စွာ နေခဲ့ပါသည်။ ဇော်ထွန်းကလည်း ခင့်ဆီကိုလာ တာ

http://www.cherrythitsar.org


မတွေ့ရတော့သဖြင့် ခင့်စကားသည် အတည်ဟု အားလုံးက ယုံကြည်ထားလိုက်ကြသည်။

နောက်ပိုင်း ရက်စွဲတွေမှာတော့ သူရသည် ခင့်အတန်းများ ရှိရာသို့ မှန်မှန်ရောက်လာတတ်သည်။ ကင်တင်း အတူတူထိုင်ဖြစ်ကြသည်။ တစ်ခါတစ်ရံ သူငယ်ချင်းများနှင့် အုပ်စုလိုက် ထိုင်နေရာမှ သူတို့နှစ်ယောက်ထဲ သီသီသာသာ ခွဲထွက်သွားတတ်ကြသည်။

သူရကလည်း ခင့်ကဲ့သို့ ရဲတင်းလှပသောမိန်းမမျိုးကို တွယ်တာနေမိသည်။ ခင့်ကို ရင်ခုန်တယ်ဆိုတာလည်း သေချာသည်။ သူရခေါင်းထဲတွင် ရှက်ပြေးဆိုသည့် အနှောင့်အယှက်တစ်ခုမှလွဲ၍ ခင့်ကို ချစ်ရတာ အားလုံးအဆင်ပြေပါသည်။

ခင်ဟာ ငါ့ရဲ့ ကမ်းလှမ်းမှုကိုတော့ လက်ခံမှာပဲဟု သူရက ထင်မိ၏။ အချစ်တွင် ကြိုတင်ထင်မြင်ချက်ဆိုသည်မှာ တစ်ခါတရံ တကက်စင်အောင် လွဲတတ်မှန်း သူရသိပါသည်။ အခုဆို ခင်က ဇော်ထွန်းနဲ့လည်း ပြန်သွားပြီ။ ပြီးတော့ သူရအပေါ် ဆက်ဆံတာလည်း ပြေပြစ်ပျော့ပျောင်းသည်။ ဘာလိုသေးသနည်း။

အခြေအနေပေးမှုနှင့် လုပ်ရဲသော သတ္တိသာလိုသည်။ ဒါကလည်း သူရအဖို့ မခဲယဉ်းသော ကိစ္စတွေဖြစ်သည်။ သိပ်မကြာခင်မှာပင် သူရ၏စိတ်ကူးများ အကောင်အထည်ဖော်မည့် တစ်နေ့ သည် ရောက်ရှိလာခဲ့တော့သည်။

ထိုနေ့က အင်းလျားသည် ပကတိငြိမ်သက်လျှက်. . ။ လေ တိုက်၍ ခဏတစ်ဖြုတ်ဖြစ်သော လှိုင်းငယ်များ၊ သစ်ရွက်လှုပ်သံတို့ လောက်သာရှိ၏။ အင်းလျားကန်ဘောင်ရှိ ဆိုင်တန်းများ၏ အဆုံး တွင် ခုံပုပုလေးများဖြင့် ထိုင်ရသော ဘူးသီးကြော်ဆိုင်ရှိသည်။ အရာရာသည် တည်ငြိမ်စွာ ခွန်အားတို့ဖြင့် ပေါင်းစပ်ထားသော သူရ မျက်လုံးကို အရှုံးပေးရသည့်အချိန်လည်းဖြစ်သည်။ ခင်က ဘူးသီးကြော်ပွဲကို ရှေ့မှာထားလျက် သူရကို မျက်နှာချင်းဆိုင် ထိုင်နေမိ၏။

ရှားရှားပါးပါး သူတို့နှစ်ယောက်စလုံးသည် အဲဒီဆိုင်ကို ရောက်လာပြီးကတည်းက စကားတစ်ခွန်းမှ မပြောဖြစ်ကြ၊ သူရက ရဲတင်းသော မျက်လုံးဖြင့် ခင့်ကို ကြည့်သည်။ ခင်ကလည်း နွေးထွေး ခိုင်မာသော အကြည့်တို့ဖြင့် တုံ့ပြန်၏။

အချိန်တို့သည် တစ်မိနစ်ပြီးတစ်မိနစ် ကုန်ဆုံးသွားကြသည်။ ဘယ်သူကမှ အကြည့်ကို စတင်လွှဲပစ်ဖို့ စိတ်ကူးမရကြပါ။ ဘာ စကားတစ်ခွန်းမှ မပြောဖြစ်ကြဘဲ အချိန်တို့က မိနစ်သုံးဆယ် လောက် ကြာသွားသည်။ ခင်ကလည်း မျက်လုံးတွေကို သူရဆီမှ ဖယ်ခွာပစ်ဖို့ နှမြောနေသည်။

ရုတ်တရက် သူရက ခုံပုလေးတစ်လုံးသာခြားနေသော ခင့် ဒူးကို လက်ဖမိုးဖြင့်ပုတ်ရင်း စကားတစ်ခွန်းကို ပြောပါသည်။

http://www.cherrythitsar.org


"သိလား. . ခင်. . . ခင်ဗျားနဲ့ ကျွန်တော် တစ်ယောက်ကို တစ်ယောက် အသည်းအသန် ချစ်သွားကြပြီ"

ခင်က နှုတ်ခမ်းကိုမဲ့ရင်း ပြန်မေး၏။

"ဘယ်တုန်းက ချစ်သွားတာလဲဟင်"

"အခုပဲ"

ထိုအခါ ခင်က ဘာမှပြန်မပြောတော့ဘဲ ရှက်ရွံ့စွာ ခေါင်းငုံ့သွားပါသည်။ သူရက ခင့်အပြုအမူကိုသာ မမေ့မလျော့ မှတ်သားထားမိ၏။ ရွှန်းလဲ့နေသော ခင့်မျက်ဝန်းတို့က ငုံ့ထားရာမှ မော့လာသည်။

သူတို့ တစ်ယောက်နဲ့တစ်ယောက် ရင်ခုန်စွာ စိုက်ကြည့်ဖြစ်ကြသည်။ ခဏမျှကြာတော့ ခင့်ဆီမှ မဝံ့မရဲနှင့် စကားသံတချို့ထွက်ပေါ်လာပြန်သည်။

"ဒါဆို ခင်တို့က ရည်းစားတွေဖြစ်သွားကြပြီပေါ့နော်"

"ဒါပေါ့. . ခင်ရဲ့"

သူရက ဖြေလိုက်ပြီး ခပ်ဟဟရယ်သည်။ အင်းလျား၏ တိတ်ဆိတ်မှုထဲတွင် သူတို့၏ အချစ်များက ဝေ့ဝဲရှက်လှင့်နေကြ၏။ ဘယ်တော့မဆို ကျယ်လောင်သော အင်းလျားအစပ်က လှိုင်းပုတ်သံတို့မှာ သူတို့အချစ်ကို ဂုဏ်ပြုသည့်သဘောဖြင့် ခပ်တိုးတိုးသာရှိ၏။

နောက်ထပ် မမြင်ရသေးသော ကံကြမ္မာနှင့် အနာဂတ်သည်ကား ချောင်တစ်ခုမှ သူတို့ကို ချောင်းကြည့်နေလေသည်။

သူရက မျက်နှာချင်းဆိုင် ထိုင်နေရာမှ ခင့်ဘေးသို့ နေရာရွှေ့လိုက်၏။ သွယ်ပြောင်းနူးညံ့နေသည့် ခင့်လက်ကလေးက သူရ၏ လက်ဖဝါးနှစ်ဖက်ကြားတွင် ငြိမ်နေသည်။

"ခင်"

"ပြောလေ"

သူရက အနည်းငယ် စဉ်းစားသလိုလုပ်ပြီးမှ . .

"ကျွန်တော် သိချင်တာလေးတစ်ခုရှိလို့"

"သိချင်ရင် မေးလေ"

"ဟိုတလောတုန်းက ပြောတဲ့ 'ရှက်ပြေး' ဆိုတာ တကယ်ပဲ လားဟင်"

ခင်က သိပ်မအံ့ဩတော့ဘဲ အဲဒီမေးခွန်းကို ဖြေဖို့ ကြိုတင်ကြံစည်ထားသူပီပီ ဟန်ဆောင်လိုက်ပါသည်။

"အမလေး . . သူရရယ် . . အခု ရှင်က ကျွန်မချစ်သူဖြစ်နေပြီနော်၊ အဲဒီ မဆိုင်တဲ့ ရှက်ပြေး ဆိုတာကြီးကို ခေါင်းထဲထည့်ထားမနေနဲ့ . . မေ့ပစ်လိုက်တော့ . . . အဓိပ္ပာယ်မရှိတာ . . သိလား . . . သူရ . . . အခု သူရက အဲဒီရှက်ပြေးကိုအပြင်မှာ

http://www.cherrythitsar.org


သိပါပြီတဲ့၊ တွေ့ပါပြီတဲ့ ခင့်ကိုထားရစ်ခဲ့ပြီး ရှက်ပြေးဆီကို သွားမှာပဲလား"

"အာ. . . မဟုတ်ပါဘူး၊ အဲဒီသဘောမျိုး မဟုတ်ပါဘူး၊ ကျွန်တော်က ခင်ကလွဲပြီး ဘယ်သူ့မှ စိတ်ဝင်စားတာ မဟုတ်ဘူး၊ ရှက်ပြေးကိစ္စ ဆိုတာကလဲ ခင်တို့ဘာသာ စိတ်ကူးနဲ့ ထွင်ထားတဲ့ အပျော်ကိစ္စပဲဥစ္စာ. . သူငယ်ချင်း အချင်းချင်း အရရော. . မိန်းကလေး သိက္ခာအရရော. . ခင် မပြောပြနိုင်တာကို ကျွန်တော်စိတ်မဆိုးပါဘူး၊ ကျွန်တော်ကလည်း ခင့်ကိုပဲ ချစ်တာပါ။ ရှက်ပြေးပဲဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အလကား"

သူရ စကားအဆုံး ခင်က ကျေနပ်စွာ ပြုံးသည်။ ပြီးတော့ ပြော၏။

"ဒီလိုပဲဖြစ်ရမှာပေါ့. . အခု သူရက ခင့်ကိုချစ်တယ်၊ ခင်ကလဲ သူရကို ချစ်တယ်၊ဒါပဲလေ. . . နာမည်အရင်းနဲ့ချည်းပဲ. . . နာမည်ဝှက်နဲ့ ရည်းစားဖြစ်တာတို့ဘာတို့ လုပ်မနေဘူး၊ အဲဒါကို ပြောတာ"

ခင့်မျက်လုံးတို့တွင် မာယာအံ့ဝှက်တစ်ခုကို သိပ်သည်းစွာ တွေ့မြင်ရသည်။ သူရကတော့ ချစ်သူစိတ်ချမ်းသာစေဖို့ကလွဲပြီး ရိုးဖြောင့်သော မာန်မာနများကိုသာ ကြီးကျယ်စေသူဖြစ်သည်။

http://www.cherrythitsar.org


ထိုနေ့က နှစ်ယောက်စလုံး မစားဖြစ်သော ဘူးသီးကြော်ပွဲသည် တစ်ရာတိတိ တန်ပါသည်။ တန်ဖိုးဆိုသည်မှာ ကျကွဲလွယ်သော အဆုံးအရှုံးများ၏ ပြယုဂ်တစ်မျိုးလည်း ဖြစ်လေသည်။

✵✵✵

"ဘာ. . နင်တို့ ရည်းစားတွေဖြစ်သွားကြပြီ ဟုတ်လား ခင်"

ငုဝါက ဒေါသတကြီး ထအော်သံကြောင့် နေခြည်ကျော်ပင် လန့်သွားသည်။ ခင်က ဘာမှပြန်မပြောဘဲ တိတ်ဆိတ်စွာ ခေါင်းကို တစ်ချက်ညိတ်ပြသည်။ ဇင်မာဝေကလည်း ပြူးကျယ်ဝိုင်းစက်နေသည့် မျက်လုံးများဖြင့် အထိတ်တလန့် မော့ကြည့်သည်။ ငုဝါ၏ အဆောင်ခန်းလေးထဲတွင် တိတ်ဆိတ်မှုက ငြိမ်ငြိမ်လေး ရှိ၏။ ခင်ကတော့ သူ ဘာကိုမှ ကျူးလွန်ထားခြင်းမရှိသလို အေးအေးဆေးဆေး ဝန်ခံပါသည်။

"ဟုတ်တယ်လေ. . ဘာဖြစ်လို့ နင်တို့က အံ့သြနေရတာလဲ"

ခင့်စကားကို ငုဝါက ဒေါသတကြီး တုံ့ပြန်လေသည်။

"ခင်. . နင်လုပ်တာတွေကို ငါတို့ မသိဘူးမျှား မှတ်နေလို့

http://www.cherrythitsar.org



လား၊ နင် သူငယ်ချင်းအချင်းချင်း သစ္စာဖောက်တယ်”

ငုဝါ၏စကားများက ဒေါသတို့ကြောင့် ပြင်းထန်တင်းမာနေ၏။ ခင်ကလည်း လေသံမာမာနှင့် အပြောခံလိုက်ရသဖြင့် ပေါက်ကွဲသွားသည်။

“အဓိပ္ပာယ်မရှိတာတွေ လာပြောမနေနဲ့ ငုဝါ၊ ငါနဲ့ သူရနဲ့ ရည်းစားဖြစ်တာ ဘာဖြစ်သလဲ၊ ငါက နင်တို့ကို ဘာသစ္စာဖောက်လို့လဲ”

ခင့်စကားကြောင့် ငြိမ်နေသော နေခြည်ကျော်က ဝင်ပြောသည်။

“ဒီမှာ ခင်. . နင် တော်တော်လွန်တယ်၊ ငါအစက ဘာမှ မပြောဖို့ ဆုံးဖြတ်ထားတာ၊ အခုတော့ ပြောရတော့မယ်၊ ဘာပဲဖြစ်ဖြစ် ခင်ရာ. . နင် ဇင်မာ့မျက်နှာကိုတော့ ထောက်သင့်တာပေါ့၊ ရှက်ပြေးအဖြစ်မဲပေါက်ထားတာက ဇင်မာလေ၊ သူရနဲ့ပတ်သက်သမျှ အကုန် ဇင်မာ့ကို အသိပေးရလိမ့်မယ်၊ အဲဒါ. . နင်ပြောခဲ့တဲ့ စည်းကမ်းပဲလေ”

နေခြည်ကျော်စကားအဆုံး ဇင်မာဝေက ဝင်ရောက် ဖျန်ဖြေသည်။

"တော်ကြပါတော့ဟာ. . . လူကြားလို့ မကောင်းဘူး. . .
ရှက်စရာကြီး၊ ပြောရင်လဲ တိုးတိုးလုပ်ကြပါဟဲ့"

ဇင်မာဝေ၏ တောင်းပန်မှုကြောင့် သူတို့အုပ်စုသည် ခဏ တော့ တိတ်ဆိတ်သွားသေးသည်။ နောက်တော့ ခင့်ထံမှ စိန်ခေါ်မှု အပြည့်ဖြင့် စကားများ ထွက်လာခဲ့တော့သည်။

"အခုကိစ္စကို နင်တို့မကျေနပ်ရင် သူရကို ရှေ့မှာထားပြီး
ဖြေရှင်းရဲကြသလား၊ ပြီးတော့ ငါက နင်တို့ပြောသလို
သစ္စာ ဖောက်ခဲ့တာမဟုတ်ဘူး၊ ငါ့ကိုယ်ငါ ရှက်ပြေးလို့ လိမ်
ညာပြီး သူရအချစ်ကို ရယူခဲ့တာလဲ မဟုတ်ဘူး၊ ခင်ဖြူဖြူထွန်း
အနေ နဲ့ပဲ သူရနဲ့ ငါနဲ့ ရည်းစားဖြစ်ကြတာ. . . သူရကလဲ
ငါ့ကို ခင်ဖြူဖြူထွန်းအနေနဲ့ပဲ Propose လုပ်ခဲ့တာ၊ အဲဒါကို
အချိန်မရွေး သူရကို ခေါ်မေးနိုင်တယ်၊ အဲဒီအတွက် ငါနင်တို့
နဲ့ လုပ်ခဲ့တဲ့ ရှက်ပြေးကိစ္စမှာ ငါ သစ္စာဖောက်တယ်လို့ မဆို
နိုင်ဘူး"

ခင့်စကားကြောင့် ငုဝါတို့အုပ်စုသည် ရုတ်တရက် ပြောစရာ စကားရှာမတွေ့ဘဲ ခဏမျှ ငြိမ်သက်သွားကြသည်။ နေခြည်ကျော် က. . .

"နင်က ဉာဏ်နီဉာဏ်နက် တော်တော်များတာပဲ ခင်ရဲ့၊ ငါတို့
အားလုံးက ရှုံးသားကြပါတယ်ဟာ. . အခု နင်ပြောတာတွေကို

http://www.cherrythitsar.org


တော့ ငါတို့ လက်ခံပါတယ်၊ ဘာမှ မပြောချင်တော့လို့ မပြောပေမယ့် နင့်စိတ်ဓာတ်ကိုမကြိုက်လို့ ငါ နင့်ကို မပေါင်းချင်တော့ဘူး၊ ငုဝါ နင်တို့ကိုတော့ ငါ မတိုက်တွန်းချင်ဘူး၊ နင်တို့သဘောပဲ"

ငုဝါက ချက်ချင်းပင်. .

"အဲဒီလိုမရိုးသားတဲ့ သူငယ်ချင်းမျိုး ငါလဲ မလိုချင်ဘူး"

အားလုံး၏အကြည့်များက ဇင်မာဝေဆီ ရောက်သွားကြသည်။ ဇင်မာဝေက ဝင်ရောက်တောင်းပန်သည်။

"နေကြပါဦးဟာ သူငယ်ချင်းအချင်းချင်းတွေပဲဥစ္စာ၊ အဲဒီလို အလျင်စလို မဆုံးဖြတ်ကြပါနဲ့"

ခင်က မဲ့ပြုံးပြုံးရင်း ခေါင်းတညိတ်ညိတ်နှင့် ပြောလိုက်ပါသည်။

"လုပ်မနေပါနဲ့ ဇင်မာရယ်. . . သိပ်ရိုးပါတယ်၊ အခုဟာက နင်တို့အားလုံးနဲ့ ငါ လမ်းခွဲကြတဲ့ သဘောပေ့ါ၊ ရပါတယ်။ ငါကလဲ ငါ့ကို မပေါင်းချင်တဲ့လူတွေကို ပေါင်းဖို့ စိတ်ကူးမရှိပါဘူး၊ ကဲ. . အားလုံးပဲ. . ငါသွားတော့မယ်"

ပြောပြီးပြီးချင်း ခင်က အခန်းထဲမှ ထထွက်သွားသည်။ ခင်ထွက်သွားတော့ ဇင်မာဝေ့မျက်လုံးတွေက သိသိသာသာ ရဲတက်လာ

၏။ ဒါကို ငုဝါရော၊ နေခြည်ကျော်ရော ရိပ်မိသွားကြသည်။ သူငယ်ချင်း၏ ပုခုံးသို့ ညင်ညင်သာသာ ပုတ်ရင်းပြောလိုက်ပါသည်။

"နင် စိတ်မကောင်းဖြစ်မနေပါနဲ့ ဇင်မာရယ် သူ့လို သူငယ်ချင်း အချင်းချင်း သစ္စာမထားတဲ့ မိန်းမမျိုးကို လွမ်းမနေစမ်းပါနဲ့"

"မဟုတ်ဘူး ငုဝါ၊ ငါ ခင့်ကို မပေါင်းရလို့ လွမ်းနေတာမဟုတ်ဘူး၊ သူရကို လက်လွှတ်ဆုံးရှုံးလိုက်ရလို့လဲ မဟုတ်ဘူး၊ ငါတို့ သူငယ်ချင်းလေးယောက် ကြားထဲမှာရှိတဲ့ ရင်းနှီးနွေးထွေးတဲ့ ဆက်ဆံရေး၊ ယုံကြည်မှု . အဲဒါတွေ ဆုံးရှုံးသွားလို့ ဝမ်းနည်းနေတာဟ"

နေခြည်ကျော်က ထိုင်နေရာမှ ပြတင်းပေါက်ဆီသို့ ထသွားသည်။ ပြီးတော့ အဝေးကြီးကိုပဲ သူငေးနေမိတော့သည်။ တော်တော်ကြာတော့မှ နေခြည်ကျော်က စကားတစ်ခွန်းကို ဆင်ဆင်ခြင်ခြင် ပြောသည်။

"အဲဒီ အချစ်ဆိုတာကြီးက မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာတွေအားလုံးကို အနိုင်ယူသွားနိုင်တာဟ၊ နင်တို့ ခင့်ကို သိပ်အပြစ်မမြင်ကြနဲ့တော့"

အဲဒီစကားကြားတော့ ဇင်မာဝေက အားရဝမ်းသာဖြစ်နေပြီး နေခြည်ကျော့်စကားကို ထောက်ခံလေသည်။

http://www.cherrythitsar.org


"ဟုတ်တယ်ဟ. . ခင်က တကယ်တော့ ဖြူစင်ပါတယ်၊ သူ့မှာ လောဘတွေ၊ အနိုင်ရလိုစိတ်တွေသာ မရှိရင် အခုထက် ပိုပြီး လှလာမှာ သေချာတယ်၊ အခုဟာက ခင်က သူရကို အရမ်းချစ်တော့ သူငယ်ချင်းဖြစ်တဲ့ ငါတို့အပေါ်မှာ မှားသွားတာ၊ ယုတ်မာသွားတာမှ မဟုတ်ဘဲ၊ ငါတို့က သူ့ကို သဘောထားကြီးပြီး ခွင့်လွှတ်ရမှာပေါ့၊ ပြီးတော့ သူရကိုယ်တိုင်က လည်း ခင့်ကိုပဲ ချစ်တယ်ဆိုတာ ထင်ရှားပါတယ်။ ငါ့လို မျက်နှာမှာ မှဲ့တွေအများကြီးနဲ့ ရုပ်ဆိုးဆိုးမိန်းမတစ်ယောက်ကို ဘယ်ချစ်ပါ့မလဲ၊ ငါပြောတာကို နင်တို့ပဲ စဉ်းစားကြည့်လေ. . မဟုတ်ဘူးလားလို့"

ဇင်မာဝေ စကားရှည်ကြီးဆုံးသွားတော့ ပြတင်းပေါက်နားမှာ သွားရပ်နေသော နေခြည်ကျော်က အခန်းထဲသို့ ပြန်ဝင်လာသည်။

ညနေခင်းသည် မကြာခင် ကုန်ဆုံးတော့မည်။ ဆည်းဆာတို့ကလည်း ပျောက်ဆုံးသွားပြီး ညဆီသို့ ကူးပြောင်းဖို့ ခွန်နှင့်အားနှင့် ပြင်ဆင်နေကြသည်။

အပြင်ဘက်တွင် မှောင်စပြုလာသဖြင့် ငုဝါက အခန်းမီးကို ထဖွင့်၏။ နောက် သူတို့သုံးယောက်သား ကုတင်ပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်ဖြစ်ကြပြန်သည်။ ငုဝါက ပြောသည်။

"ဒါဆို . . . ငါတို့ ခင့်ကို သူရရဲ့ ရည်းစားဆိုတာ သဘောတူ အသိအမှတ်ပြုပေးရမှာပေါ့နော်"

နေခြည်ကျော်က ဖျော့ဖျော့လေးပြုံးကာ ခေါင်းကို ညိတ်ပြသည်။ တကယ်တော့ သူတို့မှာ သူတို့သူငယ်ချင်းကို ခွင့်လွှတ်စွာ ချစ်နေနိုင်သေးလေသည်။

အခုမှပင် သူတို့အားလုံး ပြုံးရွှင် ရယ်မောနိုင်ကြသည်။

သို့သော် ထိုရယ်သံများ၏နောက်မှာ မမြင်နိုင်သော ဝမ်းနည်းခြင်းတွေ ရှိနေခဲ့မည် ဆိုလျှင် သူတို့ ရယ်မောနေဖို့ မသေချာ လှပါ။

✵✵✵

http://www.cherrythitsar.org

နောက်တစ်နေ့မနက်တွင် ခင့်သတင်းကို အဆောင်သို့ သယ်ဆောင်လာသူမှာ သူရကိုယ်တိုင်ပင် ဖြစ်သည်။

ခင် ညတုန်းက ဆုံးသွားပြီတဲ့၊ ကားတိုက်ခံရလို့တဲ့။

ထိုသတင်းကြောင့် အားလုံး ခြောက်ခြား တုန်လှုပ်သွားကြသည်။ ဇင်မာဝေက အဲဒီသတင်းကို မယုံကြည်ချင်ပေမယ့် သူရကိုယ်တိုင် ပြောနေသောကြောင့် မယုံကြည်ချင်၍မရပေ။ သူတို့အားလုံး ခင့်အိမ်ကို ချက်ချင်းပင် လိုက်လာခဲ့ကြ၏။

"သူရ. . ခင့်လိုမိန်းကလေးမျိုးကို ဘယ်သူက ကားနဲ့တိုက်ရတာလဲ. . မတော်တဆမှုလားဟင်"

သူရက ငုဝါ၏ မေးခွန်းကို အံကြိတ်လျက် အနေအထားဖြင့် ပြန်ဖြေလိုက်ပါသည်။

http://www.cherrythitsar.org


"ဟုတ်တယ်၊ ဇော်ထွန်း အရက်မူးလာပြီး ကားမောင်းကြမ်းတာ၊ အဲဒါ မတော်တဆ ခင့်ကို ဝင်တိုက်မိတာ. . "

"ဘာ. . သူရ. . ဘာ. . "

အားလုံးက အာမေဋိတ်သံများနှင့် တစ်ယောက်ကို တစ်ယောက်ကြည့်ကာ မယုံကြည်နိုင်အောင် ဖြစ်နေရသည်။

ထို့နောက် သူတို့အားလုံး ငိုဖြစ်ကြပါသည်။

သူရသည် ချစ်သူ၏အလောင်းကိုပင် ဝအောင် မကြည့်ရ။ ရဲမှုခင်းဖြစ်နေသည်မို့ တာဝန်ရှိသူတွေက ခင့်အလောင်းကို လိုအပ်သလို စစ်ဆေးနေကြ၍ဖြစ်သည်။ တရားခံ ဇော်ထွန်းကိုလည်း ဖမ်းမိထားပြီးပြီ။

ဇော်ထွန်းသည် ခင့်အချစ်ကို လိုအပ်သည်ထက် ပို၍ခံစားမိသူ ဖြစ်သည်။ ဇော်ထွန်း၏အချစ်သည် ရက်စက်မှုအဖြစ် ကူးပြောင်းသွားခဲ့ခြင်း ဖြစ်ပါသည်။ သူသည် လူသေမှုဖြင့် ထောင်ကျတော့မည်မှာ သေချာသည်။

ဒီအဖြစ်အပျက်တွင် ခင့်ကိုသာ မဟုတ်ဘဲ ဇော်ထွန်း၏ အနာဂတ်ကိုပါ ဆုံးရှုံးသွားခဲ့ရ၏။

နေခြည်ကျော်နှင့် ငုဝါသည် ရှိုက်ငင်၍ငိုနေမိဆဲ။ ဇင်မာဝေကတော့ တုန်ယင်နေသော ခန္ဓာကိုယ်ကို တည်ငြိမ်အောင် မနည်းကြိုးစားရင်း သူရကို တစ်ချက်လှမ်းကြည့်လိုက်သည်။

http://www.cherrythitsar.org


သူရက ဝမ်းနည်းနေရင်းမှ ဒီဆုံးရှုံးမှု၏တရားခံကို ဘယ်သူလဲဆိုတာ စဉ်းစားနေမိ၏။ အချစ်က တရားခံလား၊ ဒါမှမဟုတ် အချစ်ကို လွဲမှားစွာ အသုံးချသွားသော လူ့အတ္တများက တရားခံလား။

သို့သော် ခေါင်းတွေ မူးနောက်လာသည်အထိ သူရ အဖြေမရခဲ့ပါ။ လွမ်းဆွတ်မှုသည် အဓိပ္ပာယ်များကို ဝေဝါးစေမှန်းတော့ သူရ သိခဲ့ပါသည်။ ဇင်မာဝေသည် ခင်ကွယ်လွန်ခြင်းအထိမ်းအမှတ်အဖြစ် ကဗျာတစ်ပုဒ် ရေးဖြစ်သည်။ အဲဒီကဗျာသည် ဇင်မာဝေအတွက် အပြင်မဂ္ဂဇင်းများတွင် ပထမဆုံး ပုံနှိပ်ကဗျာဖြစ်လာခဲ့၏။

ဇင်မာဝေက အဲဒီကဗျာအောက်တွင် ရှက်ပြေးဟု ရဲရဲဝံ့ဝံ့လက်မှတ်ထိုးခဲ့လေသည်။ ဒါပေမယ့် သူရကတော့ အဲဒီကဗျာကို မဖတ်မိခဲ့ပါ။

http://www.cherrythitsar.org



# အမှတ်တရတေး

ကြည့်ငေး၍မဝသေးစဉ်
စံပယ်တို့လည်း မပွင့်သေးချိန်
ငါတို့ကို မင်းထားရစ်ခဲ့ပြီ။

အခုတော့ အရာရာမှာ
ကြေကွဲမှုတွေက တောက်ပ
တို့အလွမ်းတွေလည်း
အရှိန်ကောင်းပါရဲ့
စိန်ပန်းတို့လည်း နီရဲခဲ့ပါရဲ့။

သူငယ်ချင်းရေ..
မင်းပေးခဲ့တဲ့ သံယောဇဉ်စက္ကူစများကို
လွယ်ကူစွာ စုတ်ဖြဲလိုက်မိ၊
တို့အားလုံး
အရှုံးတစ်ခုမှာ
ငြိုင်တူနာကျင်သွားကြတယ်။ ။

ရှက်ပြေး

✵✵✵

သူရသည် ဒိုင်ယာရီစာအုပ်ကို ပိတ်လိုက်ပြီး မျက်လုံးကို မှိတ်ထားလိုက်ပါသည်။ လေအေးစက်သံက အခန်းထဲတွင် ပုံမှန် လည်ပတ်နေ၏။ တိတ်ဆိတ်မှုသည် အခန်းထဲသို့ ဝင်လာသော ခြေသံများအောက်တွင် တဖြည်းဖြည်း ပြိုကွဲသွားသည်။

အခန်းတံခါးပွင့်ပွင့်ချင်း သူရ ပထမဆုံး မြင်ရသည်မှာ ဂျူတီကုတ်အဖြူရောင် ဝတ်ထားသော ဆရာဝန်ကိုဖြစ်သည်။ ဆရာဝန်၏ နောက်မှာ ကိုမော်၊ ကိုမော် ပြီးတော့ မသဲမကွဲ ကောင်မလေး သုံး ယောက်။

ထိုကောင်မလေးသုံးယောက်အနက် သူရက တစ်ယောက်ကို မှတ်မိသွားပြီး ဒိုင်ယာရီစာအုပ်ကို စောင်အောက်ထဲသို့ ထိုးထည့် လိုက်သည်။ ကိုမော့်ဆီမှ ပထမဆုံး အသံထွက်လာသည်။

http://www.cherrythitsar.org


"သူရ. . ဒီမှာကြည့်စမ်း. . ဘယ်သူတွေလဲဆိုတာ. . "

သူရသည် ကိုမော့်စကားကြောင့် နောက်က ပါလာသော ကောင်မလေးသုံးယောက်ကို တစ်ယောက်စီ သေချာကြည့်လိုက်ပါသည်။

ငုဝါ၊ နေခြည်ကျော်. . ပြီးတော့. . ညှိုးနွမ်းနေဆဲ မျက်နှာပေးနှင့် မပြောင်းလဲသေးသည့် ဇင်မာဝေ။

လူစုံတက်စုံမို့ သူရက အံ့သြစွာ ကိုမော်ကို ကြည့်လိုက်၏။ ကိုမော်က ရှင်းပြသည်။

"ငါနဲ့ နေခြည်ကျော်နဲ့ အဆက်အသွယ်ရှိတာ မင်းလဲသိတာပဲ၊ အဲဒါ မနေ့တုန်းကမှ ဖုန်းဆက်ရင်း မင်း ကားတိုက်ခံရလို့ ဆေးရုံတင်ထားရကြောင်း ပြောပြတော့ သူက အရမ်းစိုးရိမ်သွားတာ၊ ဒါနဲ့ ဇင်မာ့ဆီ အကျိုးအကြောင်းပြောပြပြီး မင်းဆီသွားဖို့ ခေါ်တော့ ငုဝါကပါ နယ်က ရောက်နေတာ၊ ဒီတော့ လူစုံ ဖြစ်သွားတာပေါ့"

သူရက ဘာကိုမှ မပြောနိုင်သေးဘဲ အားလုံးကို တစ်ယောက်ချင်းစီ လိုက်ကြည့်မိသည်။

ငုဝါက သူရကို စိုးရိမ်တကြီးနှင့် ပြောလိုက်လေသည်။

"သူရရယ်. . . နင် ကားတိုက်ခံရတယ်ဆိုတော့ ငါတို့ဖြင့်

အရမ်းစိုးရိမ်သွားတာဟ၊ အခုဟာက မတော်တဆမှုလား၊ တမင်တိုက်တာလား”

ငုဝါ၏အမေးကို ကိုမော်က ဝင်ဖြေလိုက်ပါသည်။

“မတော်တဆမှုပါ. . မောင်းတဲ့လူက မူးပြီး ကားကလဲ အရှိန်နည်းနည်းပြင်းတော့ ဒီကောင့်ဒဏ်ရာ နည်းနည်းပြင်းသွားတာ”

ဆရာဝန်သည် သူတို့သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ် ပြောချင်တာတွေ ပြောနိုင်ဖို့ ရှောင်ထွက်သွားပုံရသည်။ မသွားခင် သူက သူရကိုပဲ ပြောသလို. . အားလုံးကိုပဲ ပြောသလိုနှင့်. . .

“စိုးရိမ်စရာ မရှိတော့ပါဘူး” ဟု ပြောသွားသေး၏။

နေခြည်ကျော်သည် သူရနဖူးကို သူ့လက်နှင့် စမ်းကြည့်ကာ ပြောသည်။

“ငါတို့က နင့်ကို အရမ်းစိုးရိမ်နေကြတာ သူရရဲ့၊ ခင့်တုန်းကလို ဖြစ်မှာစိုးလို့”

သူတို့အားလုံးသည် ခင်ဆိုသည့် နာမည်ကြောင့် ဝမ်းနည်းစွာ လှုပ်ရှားမိသွားကြသည်။ အားလုံး တိတ်တိတ်ဆိတ်ဆိတ်။ သူရက ငြိမ်သက်သွားသော သူငယ်ချင်းတွေကို ကြည့်ပြီး ရယ်မောစေဖို့ အားပေးရသည်။

http://www.cherrythitsar.org


"ငါ့ကိုတော့ သတ်ပစ်ချင်လောက်အောင် မုန်းတဲ့လူ မရှိလောက်ပါဘူး"

သူရက စကားကို ခဏနားပြီး ဆက်ပြော၏။

"ဒါပေမယ့် ငါ့ကို တိတ်တိတ်ကလေး ခိုးချစ်နေတဲ့ လူတော့ ရှိတယ်ကွ၊ သူက ငါ့အကြောင်း ဒိုင်ယာရီတွေ၊ ဘာတွေ ရေးထားတာ"

သူရ စကားကြောင့် အားလုံးက ဟေးကနဲ အော်မိကြပြီးမှ ဆေးရုံဆိုတာကို သတိရသွားပြီး တိုးတိုး၊ တိုးတိုးဟု လက်ညှိုးကိုယ်စီထောင်ကာ ရယ်မောကြပြန်သည်။ သူတို့အားလုံးသည် အတွေ့အကြုံရင့်ကျက်သည့် လူကြီးတွေ ဖြစ်နေကြပြီဖြစ်သည့်တိုင် ငယ်ရွယ်နုပျိုသော ခံစားမှုကို ဦးစားပေး လက်ခံနေကြဆဲဖြစ်သည်။

ဇင်မာဝေက စိတ်ထဲတွင် မလုံခြုံစွာ သူရကို ကြည့်မိသည်။ သူရစကားတွေက သူ့ကို ရည်ရွယ်ပြီး ပြောနေတာမှန်း အလိုလိုသိနေ၏။ အထူးသဖြင့် ဒိုင်ယာရီဆို၍ ပိုပြီး မသက်မသာစရာ ကောင်းသည်။

သူရက သူ့ကို ပြုံးစိစိကြည့်နေတော့ သူငယ်ချင်းတွေက နောက်ပြောင်ကြသည်။ ဇင်မာဝေက ရှက်သွားပြီး သူတို့နဲ့အတူ လိုက်၍ ရယ်မောမိ၏။ ငုဝါတို့၊ နေခြည်ကျော်တို့ကလည်း သူ့ ဒိုင်ယာရီအကြောင်း သိသူတွေမဟုတ်သဖြင့် သူရက ဒိုင်ယာရီ အကြောင်းကို

http://www.cherrythitsar.org


သိနေခြင်းအား ဇင်မာဝေက စဉ်းစားမရဘဲ ဖြစ်နေ သည်။ ပြီးတော့ လွန်ခဲ့တဲ့ ရက်ပိုင်းလေးအတွင်းမှာ ဇင်မာဝေ ဒိုင် ယာရီစာအုပ်သည် ဘယ်လိုဖြစ်ပြီး ပျောက်သွားသည်မသိ။ ထို ဒိုင်ယာရီ သည် လက်ရှိသုံးနေသော ခုနှစ်သက္ကရာဇ်နှင့် ဒိုင်ယာရီ မဟုတ်ဘဲ ၁၉၉၄ ခုနှစ်တုန်းက ဒိုင်ယာရီ အဟောင်းကြီး ဖြစ်သည်။ အဲဒီဒိုင်ယာရီက အလုပ်က အံဆွဲထဲမှာ ရှိနေတာမို့ အိမ်ကို ပြန်ယူ အလာ လမ်းမှာ ကျပျောက်သွားခြင်းဖြစ်သည်။

"ဟဲ့. . ဇင်မာ နင်ဘာတွေစဉ်းစားနေတာလဲ"

ငုဝါက ပခုံးကို ပုတ်ပြီး မေးတော့ ဇင်မာဝေက လန့်သွားပြီး နောက်တော့ သူ့ကိုယ်သူ တွေးမိကာ ရှက်သွားသည်။

"ဘာမှ မစဉ်းစားပါဘူးဟ. . နင်ကလဲ. . "

ငုဝါက သဘောပေါက်စွာရယ်ရင်း. .

"ဘာမှမဖြစ်ရင်လဲ နေပါ။ အခု နေခြည်နဲ့ငါနဲ့ သူရအတွက် ကြက်ပေါင်းရည် သွားဝယ်ပေးမလို့ နင် ဒီမှာ ခဏစောင့်ဦး"

ပြောပြီး ဇင်မာဝေ ဘာမှ ပြန်မပြောလိုက်နိုင်မီ နေခြည်ကျော် နဲ့ ငုဝါတို့ လှစ်ကနဲ အခန်းထဲမှ ထွက်လာခဲ့ကြသည်။ ကိုမော်က လည်း ဆေးရုံ အဲယားကွန်းခန်းထဲမှာမို့ ဆေးလိပ်ကို အပြင်ထွက် သောက်သလို လုပ်ပြီး ရှောင်ထွက်လာခဲ့သည်။

http://www.cherrythitsar.org


သူရက ကုတင်ပေါ်တွင် လှဲနေရာမှ ခေါင်းအုံးကို ကုတင်ခေါင်းရင်းတွင်ထောင်ရင်း မှီလိုက်ပါသည်။ ဇင်မာဝေသည် ရှောင်ထွက်သွားသော သူငယ်ချင်းများ၏ အပြုအမူကြောင့် သူရကို မျက်နှာပူလျက်ရှိ၏။

"ဇင်မာ"

သူရ၏ခေါ်သံကြောင့် ဇင်မာဝေက မော့ကြည့်သည်။ သူ့မျက်ဝန်းတွေက အားငယ်နေဆဲပါလား။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ဇင်မာဝေက သူရစကားကို နားမလည်စွာ ကြည့်နေပြန်သည်။ သူရက ဇင်မာဝေ့မျက်နှာပေါ်က မှဲ့နက်နက်တွေကို ကြည့်ရင်း ပြုံးမိသည်။ ဇင်မာဝေ နားမလည်ဖြစ်နေပုံကို သဘောကျစွာ ကြည့်နေ၏။

"ဇင်မာ. . အဲဒီစားပွဲပေါ်က မုန့်ဗူးလေး ကျွန်တော့်ကို ယူပေးပါလား"

လူနာဆိုတော့ ဘာမသိ၊ ညာမသိနှင့် စားပွဲပေါ်မှ မုန့်ဗူးကို ယူပြီး ဇင်မာဝေက သူရဆီ သွားပေးသည်။ သူရသည် မုန့်ဗူးနှင့်အတူ ရောက်လာသော ဇင်မာ့ဝေလက်ကလေးများကို ဆုပ်ကိုင်ထားလိုက်၏။ ဇင်မာဝေက မထင်ထားသော အခြေအနေမို့ ရင်ခုန် လှုပ်ရှားသွားပြီး သူ့လက်တွေကို ရုန်းမိသည်။ သို့သော်. . သူရက လက်မြဲသူ ဖြစ်ပါသည်။

"သူရ . . အဲဒီလိုမလုပ်နဲ့၊ ငှဝါတို့ ကိုမော်တို့ ပြန်ဝင်လာရင် တစ်မျိုးထင်ကုန်လိမ့်မယ် . . လွှတ်ပါ"

"ဘယ်သူမှ မရှိပါဘူး ဇင်မာရဲ့၊ ရှိလဲဘာဖြစ်လဲ ကျွန်တော်နဲ့ ဇင်မာနဲ့က တရားဝင်ချစ်သူတွေပဲဥစ္စာ"

သူရစကားကြောင့် ဇင်မာဝေသည် မျက်လုံးလေးကို ဝိုင်းရင်း ပြန်မေး၏။

"ဘယ်တုန်းက သူရနဲ့ ကျွန်မက ရည်းစားတွေ ဖြစ်သွားရ တာလဲ"

"အင်း . . ဘယ်တုန်းက ဖြစ်သွားရတာလဲဆိုတော့ လွန်ခဲ့တဲ့ ၁၉၉၄ ခုနှစ်တုန်းကပဲလေ"

"မဟုတ်ပါဘူး၊ အဲဒီတုန်းက သူရရဲ့ရည်းစားက ခင်ပါ"

"ခင် . . . ဟုတ်လား၊ အင်း . . . ဟုတ်ပါတယ်၊ ဒါပေမယ့် ခင့်အပြင် ရှက်ပြေး ဆိုတဲ့ ကောင်မလေးကလဲ ကျွန်တော့် ရည်းစားပဲ"

သူရစကားကြောင့် ဇင်မာဝေသည် ကြွေမဆည်နိုင်တော့ လောက်အောင် ခေါင်းကို ငိုက်စိုက်ချပစ်လိုက်သည်။ သူ့လက်တွေ ကလည်း သူရလက်ထဲမှာ ပူနွေးနေ၏။ သူရက ငြိမ်သက်သွားသော ဇင်မာဝေကို ထပ်ပြောသည်။

“ရှက်ပြေးဆိုတာ ဇင်မာ မဟုတ်ဘူးလို့ ငြင်းဦးမလို့လား”

“ဒါပေမယ့် ရှက်ပြေးဆိုတာ ခင် စတန့်ထွင်ပြီး လုပ်ခဲ့တာပဲ၊ ကျွန်မကလောင်နာမည် ရှက်ပြေးဆိုတာတော့ ဝန်ခံပါတယ်”

“ဒီလောက်နဲ့ ဘယ်ရမလဲ၊ ကျွန်တော့်ချစ်သူ ရှက်ပြေးအဖြစ် မဲပေါက်ထားတာကိုလဲ ဝန်ခံဦးလေ၊ ပြီးတော့ ကျွန်တော့်ကို ချစ်နေတယ်ဆိုတာကိုလဲ ဝန်ခံဦး”

သူရ၏ မထင်မှတ်သော စကားတို့ကြောင့် ဇင်မာဝေက အထိတ်တလန့်နှင့် မော့ကြည့်သည်။ တိတ်ဆိတ်သော မျက်ဝန်းချင်း ဆုံတွေ့ကြသည့်အခါ ရင်ခုန်သံတို့က အဖြူရောင်သက်သက်မဟုတ်တော့၊ နာကျင်နေသည့် အိပ်မက်များက စတင်နူးညံ့စပြုလာသည်။

“သိပ်. . ပိုင်စိုးပိုင်နင်းပြောတာပဲ၊ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးတာပဲ. . မုန်းစရာကြီး”

ဒါပေမယ့် ဇင်မာဝေ့မျက်လုံးများတွင် အမုန်းတို့ကို ရှာတွေ့ဖို့ မဖြစ်နိုင်ပါ။

“ဘယ်ဟုတ်မလဲ ဇင်မာရဲ့၊ ခိုင်မာတဲ့ အထောက်အထားတွေ ကျွန်တော့်မှာ ရှိပါတယ်”

“ခိုင်မာတဲ့ အထောက်အထား. . . ဟုတ်လား”

ဇင်မာဝေက တအံ့တဩနှင့် သံယောင်လိုက်ပြီး ရေရွတ်လေသည်။

သူရသည် ဘာမှမပြောတော့ဘဲ စောစောတုန်းက စောင်အောက်တွင် ထိုးထည့်လိုက်သော ဒိုင်ယာရီစာအုပ်လေးကို ထုတ်လိုက်၏။ သွေးအနည်းငယ် စွန်းပေနေသော ဒိုင်ယာရီလေးကို မြင်တော့ ဇင်မာဝေက မဖြစ်နိုင်သည့် ကိစ္စကို လုပ်ပြတတ်သော မျက်လှည့်ဆရာတစ်ယောက်အား အံ့ဩနေသလို ကြည့်သည်။

သူရက ဇင်မာဝေ၏ အံ့ဩနေပုံကို အရသာခံကြည့်နေလိုက်၏။

"ဟိုတစ်နေ့တုန်းက ဆူးလေမှာ ဒီစာအုပ်လေးကို ကျွန်တော်ကောက်ရခဲ့တာလေ. . ပြီးတော့ ကျွန်တော် အားလုံး ဖတ်ပြီးသွားပြီ"

ဇင်မာဝေသည် အံ့ဩနေရာမှ ရှက်ရွံ့သွားပြီး သူရ ရင်ခွင်ထဲတွင် ခေါင်းကို တိုးဝှေ့ကာ စကားတစ်ခွန်းတည်းသာ ဆိုနိုင်တော့သည်။

"သိပ်ထူးဆန်းတာပဲ"

"အချစ်ဆိုတာ ဒီလိုပဲ ဇင်မာရဲ့"

"ဘာမှလဲ မဆိုင်ဘူး"

http://www.cherrythitsar.org


"ဆိုင်တာပေါ့ကွ၊ အချစ်ဆိုတာ မမြင်ရတဲ့ ထူးဆန်းမှုတွေ ချည်းပဲ"

". . . . . . . . . . . . . . . ."

အရာရာသည် သိမ်မွေ့သော စိတ်ကူးစိတ်သန်းတွေနှင့် ဖြစ်နေသည်။ ဇင်မာဝေ ဒိုင်ယာရီစာအုပ်လေးကိုပဲ စိတ်ထဲက အပြစ်တင်လျက် ငြိမ်သက်နေတော့၏။

အချစ်သည် တစ်ခါတရံ ပဋ္ဌလက်ဆန်လေသည်။

✵✵✵

http://www.cherrythitsar.org

တိတ်ဆိတ် ညင်သာလွန်းသော ငှက်အော်သံလေးတွေက တိုးသဲ့သဲ့ ပေါ်ထွက်နေ၏။ ရန်ကုန်တက္ကသိုလ် ပရဝုဏ်အတွင်း ရုပ်ချောချောကောင်လေးတစ်ယောက်နှင့် မှဲ့တွေအများကြီးပါသော ပုံတုံးတုံး ကောင်မလေးတစ်ယောက်တို့က အဓိပတိလမ်းမအတိုင်း လမ်းလျှောက်လာကြသည်။

"ဒီတစ်ခါတော့ ကျွန်တော်တို့နှစ်ယောက်စလုံး ဖိနပ်မပြုတ်လောက်ပါဘူးနော်"

ကောင်လေးစကားကြောင့် ကောင်မလေးက ကောင်လေး၏ ပခုံးကို အတင်းတွန်းထိုးကာ ရယ်မောပါသည်။

တကယ်တမ်းတွင် သံယောဇဉ်တိုဖြင့် ယက်လုပ်ထားသည့် ရယ်မောသံတို့ကသာ အခိုင်အမာဆုံး ဖြစ်ပါလိမ့်မည်။

http://www.cherrythitsar.org


သူတို့သည် ကျောင်းပြီးသွားသော ကျောင်းသားကျောင်းသူ ဟောင်းတို့၏ ထုံးစံအတိုင်း ကျောင်းဝင်းထဲရှိ အမှတ်တရများအား လုံးကို မက်မောစွာ ကြည့်ဖြစ်ကြသည်။ ဂျပ်ဆင်သည်လည်းကောင်း၊ သစ်ပုတ်ပင်ကြီးသည်လည်းကောင်း၊ ဘွဲ့နှင်းသဘင်ခန်းမသည် လည်းကောင်း၊ တက္ကသိုလ် စာကြည့်တိုက်သည်လည်းကောင်း သူတို့၏ အလွမ်းတွေ ဖြစ်နေသည်။

ရုတ်တရက် ခေါင်းလောင်းထိုးသံလွင်လွင်လေးသည် ဘယ် ဆီကမှန်း မသိဘဲ ရောက်လာသည်။

ထိုစဉ် သူတို့နှစ်ယောက်စလုံး ပြိုင်တူ လုပ်မိကြသည်မှာ အဝေး ကြီးဆီက တိမ်ပြာပြာတွေကို ငေးကြည့်လိုက်ကြခြင်း ဖြစ်ပါသည်။ ။

**ဝေမှုံးသွင်**

**ဒီဇင်ဘာ၊ ၂၀၀၀ ခုနှစ်။**

http://www.cherrythitsar.org



လူ့ဘဝဆိုသည်မှာ
မျက်ဝန်းချင်းတည်ဆောက်ထားသော
မေးခွန်းတွေသာ ဖြစ်ပါသည်။